# TEACHER'S BOOK








# ဆရာ၊ ဆရာမများအတွက် အမှာစာ

## နိဒါန်းနှင့် မြို့ငုံသုံးသပ်ချက်

အရှေ့တောင်အာရှသမိုင်းကြောင်း နောက်ခံစာအုပ်ကိုလူမှုရေးသိပ္ပံနိဒါန်း နောက်ဆက်တွဲအဖြစ်သော်လည်းကောင်း သို့မဟုတ် ယှဉ်တွဲလေ့လာ ထောက်ကူပြုစာအုပ်အဖြစ်သော်လည်းကောင်း သင်ကြားနိုင်ပါသည်။ ၎င်းလူမှုရေးသိပ္ပံနိဒါန်းကိုကျောင်းသားကျောင်းသူများလေ့လာသင်ယူမပြီးသေးသော်လည်း သမိုင်းကြောင်းနောက်ခံစာအုပ်ကိုဖြည့်စွက်သင်ကြားနိုင်သည်။ သို့သော်သင်ကြားသူဆရာအနေဖြင့်မိမိကျောင်းသားများ အခြေခံလေ့လာသင်ယူနိုင်မှုပေါ်တွင် မူတည်ပြီးဖြည့်စွက်သင်ကြားရန်သင့်သည်၊ မသင့်သည်ကိုဆုံးဖြတ်ရန်ဖြစ်သည်။

ပထမအခန်းဖြစ်သည့် နိဒါန်းပိုင်းတွင်ကျောင်းသူကျောင်းသားများအတွက်လိုအပ်သောတတ်ကျွမ်းမှု၊ နားလည်မှုများလိုအပ်သောဗဟုသုတအချက်အလက်များကိုအဓိကထည့်သွင်းပေးထားသည်။

ဒုတိယအခန်းတွင်အရှေ့တောင်အာရှရှေးခေတ်သမိုင်းဖြစ်ရပ်၏များအကြောင်းကိုမိတ်ဆက်ပေးထားသည်။ ၎င်းသမိုင်းဖြစ်ရပ်များကို လူမှုတိုးတက်မှု၊ ယဉ်ကျေးမှုဖွံ့ဖြိုးပေါ်ပေါက်မှုတို့နှင့်ဆိုင်သော အထွေထွေသမိုင်းဝင်အချက်အလက်များဖြင့် စတင်ထားသည်။ ထို့အပြင်တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်သက်ဆိုင်သော ရှေးခေတ်သမိုင်းဝင် အချက်အလက်အချို့ကိုလည်းထည့်သွင်းပေးထားသည်။

တတိယအခန်းတွင် ကျောင်းသားကျောင်းသူများသည် အရှေ့တောင်အာရှသို့ ဥရောပတိုက်သားများရောက်ရှိလာခြင်းနှင့်နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးတို့အပေါ်ကိုလိုနီစနစ်အကျိုးသက်ရောက်မှု။ ထို့အပြင်ကိုလိုနီပြုအုပ်ချုပ်သူများကြောင့်ဒေသတွင်းဘာဘာသာအယူဝါဒနှင့် နယ်မြေသိမ်းပိုက်အုပ်ချုပ်မှုအပြောင်းအလဲများစသည့်အချက်များကိုလေ့လာသွားရမည်ဖြစ်သည်။

စတုတ္ထအခန်းသည်မျက်မှောက် ခေတ်အရှေ့တောင်အာရှအကြောင်းဖြစ်သည်။ မျက်မှောက်ခေတ်အရှေ့တောင်အာရှအကြောင်းကို အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့်စတင်ထားသည်။ ထို့နောက်တရုတ်နိုင်ငံ၊ အိန္ဒိနိုင်ငံနှင့်၎င်းနှစ်နိုင်ငံစလုံးဒေသပေါ်ဩဇာလွှမ်းမိုးမှုအကြောင်းများကိုလည်းလေ့လာရမည်ဖြစ်သည်။ ထို့အပြင်၎င်းဒေသတွင်းနိုင်ငံအချို့ရင်ဆိုင်နေရသောနိုင်ငံရေး၊ လူမှုရေးနှင့်စီးပွားရေးစိန်ခေါ်မှုများကိုလေ့လာနိုင်ရန်ဖြစ်ရပ်အချို့ကိုလည်းရေးသားဖော်ပြထားပါသည်။

နောက်ဆုံးအခန်းအရှေ့တောင် အာရှနိုင်ငံများနှင့်ပတ်သက်ပြီး အနာဂါတ် ထင်မြင်ချက်အမျိုးမျိုးကို လေ့လာရမည်ဖြစ်သည်။ နောက်ဆုံးတွင်အရှေ့တောင်အာရှအတိတ်၊ ပစ္စုပ္ပန်၊အနာဂါတ်တို့နှင့်ပတ်သက်မှုသင်ယူခဲ့သမျှအရာအားလုံးကိုပြန်လည်အသုံးချနိုင်ရန်ကျောင်းသား ကျောင်းသူများသည်စိတ်ကြိုက်သုတေသနစာတမ်းတစ်စောင်ကို ရေးဆွဲတင်ပြသွားရန်ဖြစ်ပါသည်။

အရှေ့တောင်အာရှနှင့်ဆက်နွှယ်သော အခြားအချက်အလက်အသေးစိတ်အချို့မပါဝင်သော်လည်း လေလာသူများအနေဖြင့်အခြားသောစာအုပ်စာတမ်းများမှ သော်၎င်းထပ်လောင်းလေ့လာနိုင်ပါသည်။ ဥပမာသဘာဝပတ်ဝန်းကျင်ဆိုင်ရာစိမ်ခေါ်မှုများနှင့်သက်ဆိုင်သည့် အချက်အလက်များကိုသဘာဝပတ်ဝန်းကျင်နှင့် ကျွန်ုပ်တို့ဟူသောစာအုပ်တွင်ရှာဖွေဖတ်ရှုနိုင်ပါသည်။ အရှေ့တောင်အာရှရင်ဆိုင်နေသော စီးပွားရေးစိန်ခေါ်မှုများအတွက်လည်းစီးပွားရေးဆိုင်ရာ အချက်အလက်များစာအုပ်တွင်ဖတ်ရှုလေ့လာနိုင်ပါသည်။ ထို့အပြင်မြန်မာနိုင်ငံသမိုင်းနှင့် ဖိုမ(လိင်)ပေါ်အခြေခံသော လေ့လာမှုမျိုးကိုပြုစုထားသည့်ယောကျာ်း၊ မိန်းမအရေးကိစ္စစသည့်အခြားစာအုပ်များကိုလည်းလေ့လာနိုင်ပါသည်။ဖော်ပြခဲ့သောစာအုပ်များနှင့်မှီငြမ်းနိုင်သောစာအုပ်များကို www.curriculumproject.org အင်တာနက်စာမျက်နှာတွင်ဖတ်ရှုရယူနိုင်ပါသည်။

ဤစာအုပ်တွင် ကျောင်းသားကိုင်စာအုပ်ရှိလေ့ကျင့်ခန်းအားလုံးအဖြေများပါရှိသော ဆရာလမ်းညွှန်စာအုပ်ဖြစ်ပါသည်။ သတ်မှတ်ထားသော အချိန်ပေါ်မူတည်၍သင်ကြားရသော သင်ရိုးများအပြင်ကျောင်းသူကျောင်းသားတို့စွမ်းရည်၊ သင်ကြားခံယူနိုင်မှု မတူညီခြင်းများစသည့်ကွဲပြားနေမှုအဖုံဖုံကိုကိုက်ညီမှုရှိလာအောင်ဤဆရာ့လမ်းညွှန်စာအုပ်ကိုနည်းလမ်းအမျိုးမျိုးဖြင့်အသုံးပြုနိုင်သည်။ ဥပမာသင်ခန်းစာအပိုင်းငယ်အချို့ကိုချန်လှပ်ထားနိုင်ခြင်း၊တိုးချဲ့လေ့ကျင့်ခန်းနှင့်လက်တွေ့လှုပ်ရှားမှုများကိုအချိန်ပိုမိုရနိုင်ပါက သင်ကြားပေးနိုင်သည်။

သိရှိကျွမ်းကျင်ရန် လိုအပ်သောအချက်များယူ၍ဖော်ပြထားချက်များသည် လေ့ကျင့်ခန်းတစ်ခုကိုကောင်းမွန်စွာ ပြီးဆုံးနိုင်ရန် ကျောင်းသား ကျောင်းသူများအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်ပါသည်။ ၄င်းတို့မှာစိတ်ဖြာသုံးသပ်ခြင်းနှင့် အချက်အလက်ကိုင်တွယ်ဖြေရှင်းခြင်းအတတ်ပညာအနှစ်ချုပ်ဖြစ်သည်။

အဓိကဝေါဟာရစာရင်းသည်စာပိုဒ်တစ်ပိုဒ်စီတွင် အရေးပါသည့်စကားလုံးများ၊အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြစ်သည်။ အချက်အလက်များကိုကျောင်းသားကျောင်းသူများ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန်နှင့် နားလည်သဘောပေါက်နိုင်ရန်အတွက်ဝေါဟာရစာရင်းကိုထည့်သွင်းပေးထားသည်။ မဖြစ်မနေအလွတ်ကျက်မှတ်ရန်အတွက်မဟုတ်ပဲ နားလည်သဘောပေါက်ရန်ဖြစ်ပါသည်။

ကျောင်းသားကျောင်းသူများအား အရေးကြီးသောဝေါဟာရများ။ ထင်မြင်ယူဆချက်များနှင့်ပတ်သက်၍ပြန်လည်ဆန်းစစ်ရန် အတွက်အခန်း(၁)မှ အခန်း(၄)အထိတစ်ခန်းစီနောက်ဆုံးပိုင်းတွင်ရှိသောမေးခွန်းများကိုဖြေဆိုရန်ဖြစ်ပါသည်။

## ဗဟုသုတနှင့် တတ်ကျွမ်းမှုများ

လူမှုရေးသိပ္ပံဘာသာရပ်ကို သမိုင်း၊ ပထဝီဝင်၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု(သို့မဟုတ် လူမှုအသိုင်းအဝိုင်း)နှင့်ဖွံ့ဖြိုးတိုးတက်မှုဟူ၍ အပိုင်းခြောက်ပိုင်း ပိုင်းခြားနိုင်သည်။ အရှေ့တောင်အာရှနှင့်ဆက်နွယ်နေသောကြောင့် ကျောင်းသူ ကျောင်းသားများသည် အပိုင်းခြောက်ပိုင်းစလုံးက ဤမော်ဂျူးထဲတွင်လေ့လာရမည်ဖြစ်သည်။

ဤစာအုပ်သည်ရှေးခေတ်အရှေ့တောင်အာရှမှစတင်၍ဖြစ်ပေါ်တိုးတက်နေသောမျက်မှောက်ခေတ်အထိအချိန်ကာလကိုအခြေခံထားသည်။ အတိတ်သမိုင်းကြောင်းလေ့လာခြင်းသည်အတိတ်မှသဲလွန်စများကိုအမြဲတမ်းရှာဖွေဖော်ထုတ်ရန်နှင့် အဓိပ္ပာယ်ဖွင့်ဆိုရန်လိုအပ်သော်လည်း ယင်းသည်မတိကျသော သိပ္ပံဘာသာရပ်ဖြစ်သည်။ တနည်းအားဖြင့်တိကျမှုမရှိနိုင်ပါ။ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များအထူးသဖြင့်ရှေးခေတ်သမိုင်းအကြောင်းအရာများကိုလေ့လာရာတွင်တိတိကျကျသိရှိနိုင်ရန်အလွန်ပင်ခဲယဉ်းသည်။ ဤမော်ဂျူးလ်တွင်လေ့လာရမည့်သမိုင်းနှင့် ပတ်သက်သော အဓိကပညာရပ်များအနက်အောက်ပါတို့လည်း ပါဝင်သည်။

- အချိန်အလျားပြမျဉ်းလိုင်းဆွဲခြင်း
- ဖြစ်ရပ်များကိုအစဉ်လိုက်စီခြင်း
- ခုနှစ်သက္ကရာဇ်နှင့် ဖြစ်ရပ်များကိုယှဉ်တွဲခြင်း
- အတိုချုံးခြင်း၊ အနှစ်ချုပ်ခြင်း
- အကြောင်းနှင့် အကျိုးကို ဝေဖန်ထောက်ရှုခြင်း
- သမိုင်းဝင်အထောက်အထားများကိုလေ့လာခြင်း
- သမိုင်းဝင်အထောက်အထားများကိုအဓိပ္ပာယ်ဖွင့်ဆိုခြင်း

ပထဝီမြေအနေအထားကိုနားလည်သဘောပေါက်ထားခြင်းသည်အရှေ့တောင်အာရှ၄င်းလူမျိုးများနှင့်လက်ရှိနိုင်ငံရေးအခြေအနေဖြစ်ပေါ်တိုးတက်မှုတို့ကိုလေ့လာသင်ယူရာတွင်အလွန်အထောက်အကူပြုသည်။ ဤစာအုပ်နိဒါန်းပိုင်းတွင် အခြေခံမြေပုံကြည့်ခြင်းနည်းလမ်းအချို့ကို ထည့်သွင်းထားသည်။ ဤမော်ဂျူးလ်ကို လေ့လာသောအခါ ကျောင်းသားကျောင်းသူများသည် အောက်ပါပညာရပ်များကိုအသုံးပြုရမည်ဖြစ်သည်။

- သံလိုက်အိမ်မြှောင်လမ်းကြောင်းများကိုအသုံးပြုခြင်း
- မြေပုံပေါ်တွင် နေရာဒေသများကိုဖော်ထုတ်ခြင်း
- မြေပုံပေါ်တွင် ပင်လယ်ရေလမ်းကြောင်းများကိုခြေရာခံခြင်း
- ပထဝီမြေအနေအထားအကျိုးသက်ရောက်မှုများကိုရှင်းပြခြင်း

ဤစာအုပ်တွင် နိုင်ငံရေးအပိုင်းကို ရှေးခေတ်အင်ပါယာများ အကြောင်းနှင့်စတင်ထားသည်။ နိုင်ငံရေးအကြောင်းကိုလည်း နယ်ချဲ့လက် အောက်သို့အရှေ့တောင်အာရှကျရောက်ခဲ့ခြင်းနှင့်ဒေသတွင်းနိုင်ငံသစ်များပေါ်ထွက်လာခြင်းအပိုင်းတို့တွင်လေးနက်စွာဖော်ပြထား သည်။ ဤမော် ဂျူးလ်ကိုလေ့လာသောအခါကျောင်းသားကျောင်းသူများသည် အောက်တွင်ပေးထားသောနိုင်ငံရေးဆိုင်ရာ တတ်ကျွမ်းမှုများကိုအသုံးပြုရမည်။

- အမျိုးမျိုးသောနိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်များနှင့် ဖြစ်ရပ်များအကျိုးသက်ရောက်မှုကိုရှင်းပြခြင်း
- ဖြစ်ရပ်အမျိုးမျိုးကြား ဆက်နွယ်မှုကိုရှာဖွေခြင်း
- အချက်အလက်များကိုစိတ်ဖြာသုံးသပ်ခြင်း
- အချက်အလက်များကိုထပ်လောင်းပြောဆိုခြင်း

- ထင်မြင်ချက်များကို ဖော်ပြခြင်း
- အကြောင်းပြချက်များကိုချဲ့ထွင်ခြင်း
- နိုင်ငံရေးနှင့်ဆိုင်သောရုပ်ပုံများနှင့် ကာတွန်းပုံများကိုအဓိပ္ပာယ်ဖွင့်ဆိုခြင်း

စီးပွားရေးအပိုင်းကို ရှေးခေတ်လူမှုအသိုင်းအဝိုင်းများတွင်ပိုလျှံမှုပေါ်ပေါက်လာခြင်းနှင့် စတင်ထားပြီးနောက်အချိန်ကြာလာသည်နှင့်အမျှအရှေ့တောင်အာရှစီးပွားရေးမည်သို့ပြောင်းလဲခဲ့ပုံအကြောင်းကိုလည်းလေ့လာဖော်ထုတ်ထားသည်။ကျောင်းသားကျောင်းသူများသည် အရှေ့တောင်အာရှနိုင်ငံများကြားဆက်နွှယ်မှုကို နိုင်ငံရေးရှုထောင့်သာမက စီးပွားရေးရှုထောင့် လည်းလေ့လာဖော်ထုတ်ရန်လိုအပ်သည်။ထိုသို့ပြုလုပ်နိုင်ရန်အတွက်ကျောင်းသားကျောင်းသူများသည်အောက်ပါအချက်အလက်များကိုလေ့လာရန်လိုအပ်သည်။ ၎င်းတို့မှာ ---

- ဖြစ်ရပ်များစီးပွားရေးပေါ် အကျိုးသက်ရောက်မှု
- အချက်အလက်များကိုစိတ်ဖြာသုံးသပ်ခြင်း
- နိုင်ငံရေးနှင့်စီးပွားရေးကြား ဆက်နွှယ်မှုကိုရှာခြင်း
- ဝယ်လိုအားနှင့် ရောင်းလိုအားအကြောင်းကိုရှင်းပြခြင်း

အခန်း၀ယ်အချို့တွင်အရှေ့တောင်အာရှရှိ ဘာသာအယူဝါဒနှင့် အချိန်ကြာလာသည်နှင့်အမျှ ၎င်းတို့မည်ကဲ့သို့ပြောင်းလဲလာပုံတို့ကိုလေ့လာဖော်ထုတ်ထားသည်။ ထို့အပြင်အရှေ့တောင်အာရှ သာသာစကားနှင့် ယဉ်ကျေးမှုထွေပြားမှု တို့ကိုလည်းထည့်သွင်းထားသည်။ဤမော်ဂျူးလ်ကိုလေ့လာသင်ယူသောအခါကျောင်းသားကျောင်းသူများသည်အောက်ပါတတ်ကျွမ်းမှုများကိုအသုံးပြုရန်လိုအပ်သည်။ ၎င်းတို့မှာ--

- အချက်အလက်များကိုအနက်ဖွင့်ခြင်းနှင့် ထပ်လောင်းပြောဆိုခြင်း
- အထောက်အထားများကိုရှာဖွေခြင်း
- ပထဝီမြေအနေအထားကြောင့် ယဉ်ကျေးမှုပေါ်မည်သို့သက်ရောက်မှုရှိပုံကိုရှင်းပြခြင်း

ရှေးခေတ်အရှေ့တောင်အာရှ အကြောင်းဖြစ်သည့် နောက်ဆုံးအပိုင်းတွင်မျက်မှောက်ခေတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် လက်ရှိနိုင်ငံများရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအကြောင်းကို ဖော်ပြထားသည်။ အရှေ့တောင်အာရှဖွံ့ဖြိုးတိုးတက်မှုကို လေ့လာရာတွင် ကျောင်းသားကျောင်းသူများသည် အောက်ပါအချက်အလက်များကို သိရှိထားရန်လိုအပ်သည်။

- အကြောင်းနှင့် အကျိုးကိုရှင်းပြခြင်း
- ထင်မြင်ယူဆချက်ဖော်ပြခြင်း
- ဆက်နွှယ်မှုရှာခြင်း
- အကြောင်းပြချက်ထုတ်ခြင်း

အထက်တွင်ပေးထားသောအကြောင်းအချက်လက်များအပြင်ဤမော်ဂျူးကိုလေ့လာရာကျောင်းသားကျောင်းသူများသည်အောက်ဖော်ပြပါ အနှစ်ချုပ်အချက်အလက်အမျိုးမျိုးကိုအသုံးချရန်လိုအပ်သည်။ ၎င်းတို့မှာ----

- နားလည်သဘောပေါက်သည့်တိုင်အောင်ဖတ်ခြင်း
- အချက်အလက်များကိုစုစည်းခြင်း
- သတ်မှတ်ထားသောအချက်အလက်ကိုရှာဖွေခြင်း
- နှိုင်းယှဉ်ခြင်းနှင့် ခြားနားချက်ရှာခြင်း
- လိုရင်းရှာဖတ်ခြင်း
- သရုပ်ဆောင်ခြင်း
- အနှစ်ချုပ်ထုတ်ရေးခြင်း
- စိတ်ကူးကြည့်ခြင်း
- အဓိကဆိုလိုရင်းကိုရွေးခြင်း
- မေးခွန်းမေးခြင်း
- အတိုချုံးခြင်း
- ကြိုတင်ခန့်မှန်းခြင်း
- အချက်အလက်များကိုထပ်မံပြောဆိုခြင်း
- အချက်အလက်များကိုအသုံးချခြင်း
- ရုပ်ပုံများကိုစိတ်ဖြာလေ့လာခြင်း
- အကြောင်းပြချက်ပေးခြင်း
- အနက်ဖွင့်ခြင်း
- ခွဲခြားသတ်မှတ်ခြင်း

- အချက်အလက်များကိုတင်ပြခြင်း
- ကောင်းကျိုးနှင့် ဆိုးကျိုးများကိုစာရင်းပြုစုခြင်း

လေ့ကျင့်ခန်းအမျိုးမျိုး သင်ထောက်ကူသင်ကြားမှု စနစ်အမျိုးမျိုးနှင့် အခြားပံ့ပိုးမှုအချက်အလက်များသည် သင်ခန်းစာများကိုစုစည်းပို့ချရာ ဆရာဆရာမများအတွက်လမ်းညွှန်ချက်များဖြစ်သည်။ လေ့ကျင့်ခန်းများပေါ် မူတည်၍ကျောင်းသားကျောင်းသူများအား တစ်ယောက်ချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲ အုပ်စုခွဲလုပ်ဆောင်စေနိုင်သည်။ ဆရာဆရာမများသည်လှုပ်ရှားမှု၊ စာသင်ခန်း၊ ကျောင်းသားကျောင်းသူဦးရေ၊ အချိန်သတ်မှတ်ခြင်းစသော လေ့ကျင့်ခန်းများကိုမိမိတို့ဖာသာဆုံးဖြတ်လုပ်ဆောင်နိုင်သည်၊

အခန်းငယ်တစ်ပိုင်းစီတွင်အများအားဖြင့်ကြိုတင်လေ့လာခြင်းနှင့်နိဒါန်းပျိုးထားပြီးနောက်အဓိကဝေါရဟာနှင့်လေ့လာဖတ်ရှုခြင်းအပိုင်းတို့ကို ထည့်သွင်းထားသည်။ သင်ခန်းစာများထဲတွင်အများအားဖြင့် လေ့ကျင့်ခန်းနှင့်ဆွေးနွေးခန်း အချို့ပါဝင်ပြီး ၎င်းသင်ခန်းစာများကို ပြန်လည် ဆန်းစစ်ခြင်းနှင့်အဆုံးသတ်ထားသည်။

ကြိုတင်လေ့လာခြင်းနှင့် ကြိုတင်စဉ်းစားခြင်းတို့ကို သင်ကြားခြင်းဖြင့်ကျောင်းသားကျောင်းသူများသည် ခေါင်းစဉ်သစ်အကြောင်းကို တွေးခေါ်နိုင်သည့်အပြင် ဆရာဆရာမများသည်လည်း ကျောင်းသားကျောင်းသူများတွင် ဗဟုသုတမည်မျှရှိ ထားသည်ကိုဆန်းစစ်နိုင်သည်။ကျောင်းသားကျောင်းသူများသည် ကြိုတင်လေ့လာခြင်းကိုလွယ်ကူစွာ လုပ်ဆောင်နိုင်ပြီး ခေါင်းစဉ်သစ် အကြောင်းကိုများစွာ သိရှိထားပါက ဆရာ၊ဆရာမများသည် ၎င်းသင်ခန်းစာရှိလေ့ကျင့်ခန်းများကို ချန်လှပ်ထားနိုင်ပြီးလျင်မြန်စွာဆက်လက်သင်ကြားနိုင်သည်။ ယေဘုယျအားဖြင့် ကြိုတင်လေ့လာခြင်းအပိုင်းသည် ကျောင်းသားကျောင်းသူများတွေးခေါ်နိုင်ရန်နှင့် ကြိုတင်ခန့်မှန်းမှုများ ပြုလုပ်နိုင်ရန်အတွက်သာဖြစ်သည်။ မေးခွန်းမေးမြန်း မှုကိုလည်းလုပ်ဆောင်ပြီး ကျောင်းသားကျောင်းသူများထံမှ အဖြေများထွက်လာရန် တိုက်တွန်းပေးပါ။ ကြိုတင်လေ့လာခြင်းမေးခွန်းများသည် ယေဘုယျအားဖြင့် ကျောင်းသားကျောင်းသူများ ထင်မြင်ချက်(မည်သည့်ဖြစ်ရပ်များဆက်လက်ဖြစ်ခဲ့သနည်း)ကိုမေးမြန်းထားခြင်းဖြစ်သည်။

ထို့ကြောင့်ကျောင်းသားကျောင်းသူများဖြေဆိုရာတွင်အမှားအမှန်မရှိပါ။ ဆရာ၊ဆရာမသည်ကျောင်းသား၊ကျောင်းသူများအား ကြိုတင်လေ့လာခြင်းမေးခွန်းများကို ခန့်မှန်းဖြေဆိုစေပြီးနောက် ဤမော်ဂျူးလ်ကို လေ့လာပြီးသောအခါတွင်အဖြေမှန်မမှန်ပြန်လည် ဆန်းစစ်နိုင်သည်။

စဉ်းစားတွေးခေါ်ခြင်းသည် အများဆုံးတွေ့ရသောကြိုတင်လေ့လာခြင်း လေ့ကျင့်ခန်းဖြစ်သည်။ကျောင်းသားကျောင်းသူများသည်အကြောင်းအရာတစ်ခုကိုစဉ်းစားတွေးခေါ် ရာတွင်သိသမျှအချက်အလက်အားလုံးကိုဖော်ပြသင့်သည်။စဉ်းစားတွေးခေါ်ခြင်းလေ့ကျင့်ခန်းကိုတစ်ဦးချင်းစီ၊နှစ်ယောက်တစ်တွဲ၊အုပ်စုသို့မဟုတ်တစ်တန်းလုံးအတိုင်းအတာဖြင့်လုပ်ဆောင်နိုင်သည်။ဆရာဆရာမများသည်ကျောင်းသားကျောင်းသူများအား လွတ်လပ်စွာစဉ်းစားတွေးခေါ်စေပြီးရရှိလာသောထင်မြင်ယူဆချက်များကို စာအုပ်ထဲတွင် ရေးချခြင်းသို့မဟုတ် စဉ်းစားတွေးခေါ်နေစဉ်ထင်မြင်ယူဆချက်များကိုဇယားကွက် သို့မဟုတ် စိတ်ကူးပုံဖော်မြေပုံနည်း တို့ဖြင့်စုစည်းဖော်ပြစေနိုင်သည်။ ဆရာဆရာမများသည် ယှဉ်ပြိုင်စဉ်းစားတွေးခေါ်မှုပြုလုပ်ပေးနိုင်ပြီး ခေါင်းစဉ်နှင့်အနီးစပ်ဆုံး ဆက်နွယ်သည့် ထင်မြင်ယူဆချက်များရရှိသော သို့မဟုတ် စနစ်အကျဆုံးစိတ်ကူးပုံဖော်မြေပုံဖြင့် စုစည်းတင်ပြနိုင်သောအဖွဲ့အား အမှတ်အများဆုံး ရရှိသည့်အဖွဲ့အဖြစ်သတ်မှတ်နိုင်သည်။

စာပိုဒ်ကြီးများမတိုင်မီတွင်အဓိက ဝေါဟာရစာရင်းများကို ထည့်သွင်းပေးထားသည်။ ၎င်းဝေါဟာရများကိုကျောင်းသားကျောင်းသူများမသိနိုင်သော်လည်း ဝေါဟာရမှတင်ပြသောအကြောင်းအရာများကိုသိရှိရန်အရေးကြီးသည်။ ၎င်းဝေါဟာရများကိုလည်း မဖြစ်မနေအလွတ်ကျက်မှတ်ရန်မလိုအပ်ပါ။ ဝေါဟာရအသုံးဝင်မှုသည် ဆရာဆရာမမှရွေးချယ်လိုက်သောစာပိုဒ်ပေါ်တွင်သာမူတည်လိမ့်မည်။ အချို့ဆရာဆရာမများသည်ကျောင်းသားကျောင်းသူများမှ ၎င်းဝေါဟာရများကိုသင်ယူနိုင်ရန် လှုပ်ရှားမှုအမျိုးမျိုးဖြင့် သင်ကြားပေးကြသည်။ အချို့ကအကြောင်းအရာကိုလေ့လာသောအခါမှသာ ၎င်းဝေါဟာရများအဓိပ္ပာယ်ကို ရှင်းပြသင်ကြားပေးသည်။ အချို့ဆရာဆရာမများကလည်း အကြောင်းအရာကိုလေ့လာပြီးသောအခါမှသာအဓိကဝေါဟာရများအဓိပ္ပာယ်ကို ဆွေးနွေးပေးသည်။ သို့သော်အဆင့်မြင့်အင်္ဂလိပ်အဆင့်ရှိ ကျောင်းသားကျောင်းသူများအတွက်အဓိက ဝေါဟာရများကိုလေ့လာရန်လိုအပ်မည်မဟုတ်ပေ။ ဝေါဟာရများ၏အဓိပ္ပာယ်ကိုထည့်သွင်းပေးထားသောကြောင့်ကျောင်းသားကျောင်းသူများသည်စကားလုံးတိုင်းအဓိပ္ပာယ် ကိုအဘိဓာန်ထဲတွင်အချိန်တိုင်းလှန်ကြည့်ရန်မလိုအပ်ပေ။ ဤမော်ဂျူးလ်ထဲတွင်ရှိသောစကားလုံးအားလုံးကိုမသိနိုင်ပါ။ သို့သော်အဓိက ဝေါဟာရဆိုလိုရင်းများကိုနားလည်သဘောပေါက်ထားပါကအရေးကြီးသောအချက်အလက်များကို နားလည်သဘောပေါက်နိုင်ပါသည်။

ဤမော်ဂျူးလ်ထဲရှိအကြောင်းအရာများကို နည်းအမျိုးမျိုးဖြင့်လေ့လာဖတ်ရှုနိုင်သည်။ အချို့အကြောင်းအရာများကို အိမ်စာအဖြစ်၎င်း၊တစ်ဦးချင်းစီတိတ်ဆိတ်စွာဖတ်ခိုင်းခြင်းဖြင့်၎င်း၊တတန်းလုံးကိုအသံထွက်ပြီးဖတ်ခိုင်းခြင်းဖြင့်၎င်း၊သို့မဟုတ်တစ်ယောက်ချင်းစီကို စာကြောင်းတစ်ကြောင်းစီ သို့မဟုတ် စာပိုဒ်တစ်ပိုဒ်ချင်းစီဖတ်ခိုင်းခြင်းအားဖြင့်၎င်းနည်းလမ်းအမျိုးမျိုးဖြင့်လေ့လာနိုင်ပါသည်။

အကြောင်းအရာများကိုလေ့လာဖတ်ရှုရာတွင်စာအုပ်ထဲရှိလေ့ကျင့်ခန်းများအပြင်ပြင်ပမှအခြားလေ့ကျင့်ခန်းများကိုလည်း လုပ်ဆောင်စေနိုင်ပါသည်။ ပြင်ပမှလေ့ကျင့်ခန်းပေးနိုင်ရန် အကြံဉာဏ်အချို့ မှာ --

- အကြောင်းအရာကိုနားလည်မှုရှိမရှိဆန်းစစ်ရန်ပြင်ပလေ့လာမှုများမှ ဖြည့်စွက်မေးခွန်းများပေးခြင်း
- ကျောင်းသားကျောင်းသူများအား အဓိကအချက်အလက်များကို ကိုယ်ပိုင်နားလည်မှုဖြင့်ပြန်လည် ပြောဆိုခိုင်းခြင်း

- အဓိကအချက်အလက်များကိုအတိုးချုံးရေးခိုင်းခြင်း
- အကြောင်းအရာများကို အနှစ်ချုပ်ရေးခိုင်းခြင်း
- အဓိကဝေါဟာရများကို ကိုယ်ပိုင်စကားဖြင့် ရှင်းပြခိုင်းခြင်း
- အဓိကဝါကျများကို ကိုယ်ပိုင်စကားဖြင့် ရှင်းပြခိုင်းခြင်း

ကျောင်းသားကိုင်စာအုပ်ထဲရှိ လေ့ကျင့်ခန်းများသည် အများအားဖြင့် တစ်ဦးချင်းစီလုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်ဖြစ်သည်။ ၎င်းစာအုပ်ထဲရှိအချက်အလက်များထင်မြင်ယူဆချက်များနှင့် ပတ်သက်၍ကျောင်းသားကျောင်းသူများ နားလည်သဘောပေါက်မှုကိုဆန်းစစ်ရန်အတွက် လေ့ကျင့်ခန်းအပိုင်းကိုအဓိကထည့်သွင်းထားခြင်းဖြစ်သည်။ဥပမာအနေဖြင့်လေ့ကျင့်ခန်းအချို့မှာ နားလည်သဘောပေါက်မှုကိုဆန်းစစ်ရန်မေးခွန်းများ၊ မြေပုံသုံးလုပ်ဆောင်ခြင်း ၊ အစဉ်လိုက်စီခြင်းနှင့် ဇယား သို့မဟုတ် ဂရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ဖြစ်သည်။ ဆရာဆရာမများသည်လေ့ကျင့်ခန်းများကို အိမ်စာအဖြစ်သော်၎င်းသို့မဟုတ်အတန်းထဲတွင်သော်လည်း၎င်း၊ လေ့ကျင့်လုပ်ဆောင်စေနိုင်သည်။ အချိန်မရနိုင်ပါက(သို့မဟုတ်)ကျောင်းသား ကျောင်းသူများအဆင့်အရည်အချင်းတို့နှင့် ကိုက်ညီမှုမရှိပါကလေ့ကျင့်ခန်းအချို့ကိုချန်လှပ်ထားနိုင်သည်။ အတော်ခက်ခဲသော လေ့ကျင့်ခန်းဖြစ်ပါက ကျောင်းသားကျောင်းသူများအား နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုခွဲလုပ်ဆောင်စေနိုင်ပါသည်။လေ့ကျင့်ခန်းပြုလုပ်သောအခါတိုင်းတွင်စာအုပ်ထဲရှိအချက်အလက်များကိုရေးသားရွတ်ဆိုခြင်းထက်ကိုယ်ပိုင်နားလည်မှုဖြင့်တတ်နိုင်သမျှလုပ်ဆောင်ခိုင်းပါ။ထို့နောက်ကျောင်းသားကျောင်းသူများအား အဘယ့်ကြောင့်နည်း(သို့)မည်သို့ထင်မြင်သနည်း သို့မဟုတ် စာပိုဒ်မည်သည့်နေရာတွင်ဖော်ပြထားသနည်း၊ စသည့် နောက်ဆက်တွဲမေးခွန်းများကိုမေးရန်လိုအပ်သည်။ ထိုသို့မေးမြန်းခြင်းသည်ကျောင်းသားကျောင်းသူများတွေးခေါ်မှုကိုဖွံ့ဖြိုးစေနိုင်ပြီးနား ထောင်နေသောကျောင်းသားကျောင်းသူများအတွက်လည်း အဖြေမှန်အဆင့်ထိရရှိနိုင်ရန်တွေးခေါ်ချိန်ဆမှုကို တွန်းပို့ရာသို့ရောက်ပါသည်။

တိုးချဲ့လေ့ကျင့်ခန်းအပိုင်းသည်လေ့ကျင့်ခန်းထက်အဓိကမကျပေ။ထို့ကြောင့်တိုးချဲ့လေ့ကျင့်ခန်းများကိုကျောင်းသားကျောင်းသူများအား နှစ်ယောက်တစ်တွဲသို့မဟုတ်အုပ်စုခွဲပြုလုပ်ခိုင်းလေ့ရှိသည်။ စာအုပ်ထဲရှိသင်ယူခဲ့သမျှ အချက်အလက်အားလုံးကိုပြန်လည်အသုံးချနိုင်ရန်အတွက်တိုးချဲ့လေ့ကျင့်ခန်းအပိုင်းကိုထည့်သွင်းထားခြင်းဖြစ်သည်။ ဥပမာအနေဖြင့်တိုးချဲ့လေ့ကျင့်ခန်းများတွင်သရုပ်ဆောင်ခြင်း၊ စကားရေလုခြင်း၊ အဓိကကျသောအချက်များကိုစာရင်းပြုစုခြင်း၊ လွတ်လပ်စွာရေးသားခြင်း သို့မဟုတ်အခြားကျောင်းသားကျောင်းသူများအား ဆန်းစစ်ရန်မေးခွန်းထုတ်ခြင်းတို့ဖြစ်သည်။ တိုးချဲ့လေ့ကျင့်ခန်းအချို့အထူးသဖြင့် အလွန်ခဲယဉ်း(သို့)လွယ်ကူပါတယ်။ ဆရာဆရာမအတွက် အချိန်မလုံလောက်ပါက(သို့)လှုပ်ရှားမှုပြုလုပ်ရန်အတွက် အတန်းအလွန်သေးငယ်(သို့)အလွန်ကြီးမားပါက၎င်းတိုးချဲ့လေ့ကျင့်ခန်းကိုပြောင်းနိုင် သို့မဟုတ် ချန်လှပ်ထားနိုင်သည်။

ဆွေးနွေးခန်းအပိုင်းသည် သဘောပေါက်နိုင်မှုကောက်ချက်ချခြင်း၊ ထင်မြင်ချက်ဖော်ပြခြင်း သို့မဟုတ်ရှိပြီးသား ဗဟုသုတပေါ်အခြေခံ၍ဆွေးနွေးခြင်းများ ထပ်မံပါဝင်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ကျောင်းသားကျောင်းသူများအားစာအုပ်ထဲရှိ အဖြေများကိုချရေးခြင်းထက်နှုတ်ဖြင့်ပြောဆိုဆွေးနွေးရမည့်အပိုင်းဖြစ်သည်။ဆရာဆရာမနှင့်ကျောင်းသားကျောင်းသူများအတွက်အရေးပါသော ဆွေးနွေးခြင်းဆိုင်ရာလိုအပ်ချက်များမှာ အဖြေများကိုသေချာစွာနားထောင်ခြင်းနှင့် ထင်မြင်ချက်ဖော်ပြခြင်းတို့ဖြစ်သည်။ ဆွေးနွေးခန်းကိုတစ်တန်းလုံးအနေအထားအုပ်စုငယ်ဖွဲ့ခြင်း သို့မဟုတ်နှစ်ယောက်တစ်တွဲတွဲ၍လုပ်ဆောင်စေနိုင်သည်။ ဆွေးနွေးမှုတွင်ကျောင်းသားကျောင်းသူများအရှိန်ရသွားပါကဆရာဆရာမများကပိုမိုမေးမြန်းသင့်သည်။ ပထမဦးဆုံးအနေဖြင့်ကျောင်းသူကျောင်းသူများအားထင်မြင်ချက်ထုတ်ပြောခိုင်းပါ။ ထို့နောက်ဆက်လက်ဆွေးနွေးသောအခါ ၎င်းထင်မြင်ချက်များအကြောင်းရင်းနှင့် အချက်အလက်များကိုအသေးစိတ်ရှင်းပြခိုင်းပါ။

ကျောင်းသူကျောင်းသားများလေ့လာပြီးသောအချက်အလက်များကိုမှတ်သားနိုင်ရန်မော်ဂျူးလ်ထဲရှိအကြောင်းအရာသစ်နှင့်ဆက်စပ်နိုင်ရန်သို့မဟုတ်ယခင်သင်ယူပြီးသည့်အချက်အလက်များကိုမှတ်မိရန်အတွက်ပြန်လည်ဆန်းစစ်ခြင်းအပိုင်းကိုထည့်သွင်းထားခြင်းဖြစ်သည်။ ပြန်လည်ဆန်းစစ်ခြင်းဖြင့်အချက်အလက်များကိုကျောင်းသားကျောင်းသူများပြန်လည်သင်ယူနိုင်သောကြောင့်အကြောင်းအရာများသင်ကြားပြီးသောအခါတိုင်းတွင်ဆန်းစစ်ပေးရန်လိုအပ်သည်။

# မာတိကာ


## ၁. စတင်မလေ့လာမီ 2

၁. ၁ နိဒါန်း 3
၁. ၂ ပထဝီမြေအနေအထား 6
၁. ၃ ပြန်လည်ဆန်းစစ်ခြင်း 11

## ၂. ရှေးခေတ် အရှေ့တောင်အာရှ 13

၂. ၁ နိဒါန်း 14
၂. ၂ လူမှုတိုးတက်မှုနှင့် ယဉ်ကျေးမှု 15
၂. ၃ ပိုလျှံခြင်းနှင့် မညီမျှခြင်း 17
၂. ၄ လူတန်းစားစနစ် 19
၂. ၅ ရှေးခေတ် ကိုးကွယ်မှုဘာသာအယူဝါဒများ 21
၂. ၆ အရှေ့တောင်အာရှလူမျိုးများ 22
၂. ၇ ရှေးခေတ်အရှေ့တောင် အာရှသားများ၏အင်ပါယာများ 27
၂. ၈ အိန္ဒိယနိုင်ငံ နှင့်တရုတ်နိုင်ငံ 31
၂. ၉ ဘာသာအယူဝါဒသစ်များ 38
၂. ၁၀ ပြန်လည်ဆန်းစစ်ခြင်း 42

## ၃. ကိုလိုနီစနစ်နှင့် လွတ်လပ်ရေး 44

၃. ၁ နိဒါန်း 45
၃. ၂ စူးစမ်းရှာဖွေခြင်းနှင့် ကုန်သွယ်မှု 51
၃. ၃ တိုက်ခိုက်သိမ်းပိုက်ခြင်းနှင့် အခြေချနေထိုင်ခြင်း 54
၃. ၄ ကိုလိုနီအုပ်ချုပ်မှုအကျိုးသက်ရောက်မှု 58
၃. ၅ အမျိုးသားရေးစိတ်ဓာတ်ကြီးထွားလာခြင်း 62
၃. ၆ ပျိုးထောင်ခါစနိုင်ငံသစ်များအတွက် စိန်ခေါ်မှုများ 67
၃. ၇ ပြန်လည်ဆန်းစစ်ခြင်း 70

## ၄. မျက်မှောက်ခေတ်အရှေ့တောင်အာရှ 73

၄. ၁ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) 74
၄. ၂ မျက်မှောက်ခေတ် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ 78
၄. ၃ မျက်မှောက်ခေတ်အရှေ့တောင်အာရှ 85
၄. ၄ ပြန်လည်ဆန်းစစ်ခြင်း 95

## ၅. အရှေ့တောင်အာရှအနာဂတ် 98

၅. ၁ နိဒါန်း 99
၅. ၂ ထင်မြင်ချက်များ 100

# ၁. စတင်မသင်ကြားမီ

**ဤအခန်းတွင် ကျောင်းသားကျောင်းသူများသည် အောက်ပါတို့ကိုလုပ်ဆောင်ရမည်။**

- နှိုင်းယှဉ်ခြင်းနှင့်ခြားနားချက်ရှာခြင်း
- အချက်အလက်များကိုစုစည်းခြင်း
- အကြောင်းရင်းရှာခြင်း
- အနက်ဖွင့်ခြင်း
- ဖတ်ရှုခြင်းနှင့် နားလည်သဘောပေါက်ခြင်း
- မြေပုံပေါ်တွင် နိုင်ငံများကိုဖော်ထုတ်ခြင်း
- သံလိုက်အိမ်မြှောင်ကိုအသုံးပြု၍လမ်းကြောင်းရှာခြင်း

## ၁။ (၁) နိဒါန်း

**ကြိုတင်လေ့လာခြင်း**

သင်ပုန်းပေါ်တွင်အရှေ့တောင်အာရှမြေပုံကိုကပ်ထားပါ။အရှေ့တောင်အာရှအကြောင်းကိုစဉ်းစားတွေးခေါ်စေပြီးသိနိုင်သမျှအချက်လက်များကိုရေးချခိုင်းပါ။ ကျောင်းသားကျောင်းသူများသည် မည်သည့်အချက်အလက်များမဆိုရေးချနိုင်သည်။

ကျောင်းသားကျောင်းသူများအားနှစ်ယောက်တစ်တွဲတွဲ၍ ၄င်းတို့ရေးသားချက်များကိုနှိုင်းယှဉ်ခိုင်းပါ။ ထို့နောက်အတန်းသူအတန်းသားများနှင့်ဆွေးနွေးခိုင်းပြီး အများသဘောတူသောထင်မြင်ယူဆချက်များကိုရေးချပါ။ လူအများစုသည်အရှေ့တောင်အာရှနှင့်ပတ်သက်၍မည်သည့်အကြောင်းကိုစဉ်းစားလေ့ရှိသနည်းဟုမေးပါ။ ကျောင်းသားကျောင်းသူများမကြားဖူးသောအချက်အလက်များထွက်ပေါ်လာပါသလား။

**လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများအားတစ်ယောက်ချင်းသို့မဟုတ်နှစ်ယောက်တစ်တွဲတွဲ၍အောက်ပါဇယားကိုဖြည့်ခိုင်းပါ။ သို့မဟုတ် အုပ်စုခွဲ၍ဖြည့်ခိုင်းပါ။ ဇယားကိုဖြည့်ပြီးနောက်အကြောင်းအရာများကိုဆွေးနွေးပြီးကျောင်းသင်ပုန်းပေါ်တွင်အဖြေအချို့ရေးချပေးနိုင်သည်။

| | တူညီချက် | ခြားနားချက် |
|---|---|---|
| သမိုင်း | အရှေ့တောင်အာရှနိုင်ငံ အများစုသည် ကိုလိုနီအုပ်ချုပ်မှုခံခဲ့ရသောကြောင့်၄င်းတို့သမိုင်းကြောင်းတူညီမှုရှိသည်။ | အရှေ့တောင်အာရှနိုင်ငံအချို့ကိုဗြိတိသျှကနယ်ချဲ့အုပ် ချုပ်ခဲ့ပြီးအချို့ကိုဒတ်ချ်သို့မဟုတ်ပေါ်တူကီကအုပ်ချုပ်ခဲ့ သည်။ |
| ပထဝီမြေအနေအထား | အရှေ့တောင်အာရှနိုင်ငံအများစုသဘာဝပတ်ဝန်းကျင်သည်ရေနှင့်သစ်တောများဖြစ်သည်။ | အချို့နိုင်ငံများမှာကျွန်းများဖြစ်ပြီး အချို့မှာကုန်းမြေကြီးများဖြစ်သည်။ဘရူနိုင်းနိုင်ငံသည်အလွန်သေးငယ်သည် (5,765km2မျှသာရှိသည်)။ သို့သော်အင်ဒိုနီးရှားသည်အလွန်ကြီးမားသည် (1,904,569km2ကျယ်ပြန့်သည်)။ |
| စီးပွားရေး | အရှေ့တောင်အာရှရှိ ဆင်းရဲသောဖွံ့ဖြိုးဆဲနိုင်ငံအချို့သည်နိုင်ငံခြားတွင် အကြွေးတင်မှုပြဿနာကိုရင်ဆိုင်နေကြရပြီးပြည်သူများ ကျန်းမာရေးနှင့် ပညာရေးအတွက်သုံးစွဲရန်နိုင်ငံတော်အစိုးရတွင်ဘဏ္ဍာငွေအလုံအလောက်မရှိပါ။ | အချို့နိုင်ငံများစီးပွားရေးသည်အခြားနိုင်ငံများထက်ပိုမိုတောင့်တင်းသည်။စင်္ကာပူသည်စက်မှုဖွံ့ဖြိုးသောနိုင်ငံဖြစ်ပြီးကမ္ဘောဒီးယားသည်စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ |
| နိုင်ငံရေး | ထိုင်းနှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံစလုံးသည်စည်းမျဉ်းခံဘုရင်စနစ်ကျင့်ကိုသုံးကြသည်။ | အချို့နိုင်ငံသည်စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးကြသည်။အချို့မှာဒီမိုကရေစီ(သို့)ကွန်မြူနစ်နိုင်ငံများဖြစ်သည်။ |
| ဖွံ့ဖြိုးတိုးတက်မှု | ဒေသတွင်းနိုင်ငံအချို့သည် ၄င်းတို့သဘာဝပတ်ဝန်းကျင်သယံဇာတထိန်းသိမ်းကာကွယ်ရေးနှင့်စီးပွားရေးဖွံ့ဖြိုးတက်မှုလုပ်ဆောင်ရေးတို့နှင့်ဆက်နွယ်သောအခက်အခဲများကိုရင်နေရသည်။ အရှေ့တောင်အာရှအနှံ့အပြားတွင်ဆန်စပါးစိုက်ပျိုးကြသည်။ | စင်္ကာပူကဲ့သို့သောအချို့နိုင်ငံများသည်အလွန်တိုးတက်သည်။ ကမ္ဘောဒီးယားကဲသို့သောနိုင်ငံများသည်အခြေခံပညာရေး၊ကျန်းမာရေး၊လမ်းဆောက်လုပ်ခြင်းတို့နှင့်လုံးထွေးနေရသည်။ |

## ကြိုတင်လေ့လာခြင်း

### ရွေးချယ်ချက်(၁)

ညာဏ်စမ်းမေးခွန်းများကို ဦးစွာခန့်မှန်းဖြေဆိုခိုင်းပါ။ ထို့နောက်စာရွက်ကလေးများပေါ်တွင် အဖြေများကိုရေးပြီးစာသင်ခန်းပတ်ပတ်လည်တွင်ကပ်ထားပါ။ ကျောင်းသားကျောင်းသူအုပ်စုများအားမေးခွန်းများမေးပြီးနံရံပေါ်မှမှန်ကန်သောအဖြေကိုလိုက်ရှာခိုင်းပါ။

### ရွေးချယ်ချက်(၂)

အုပ်စုလိုက်ဖြေဆိုခြင်းဖြင့်လည်း လုပ်ဆောင်နိုင်သည်။ ဥပမာညာဏ်စမ်းမေးခွန်းတစ်ဝက်ကိုအုပ်စု(A)အားဖြေဆိုစေ၍ကျန်တစ်ဝက်ကိုအုပ်စု(B)အားဖြေဆိုခိုင်းပါ။ သို့မဟုတ်သင်ပုန်းပေါ်တွင်မေးခွန်းများကို ရေးချပြီးနောက် ကျောင်းသားကျောင်းသူများအားအဖွဲ့လိုက်ယှဉ်ပြိုင်ဖြေဆိုခိုင်းပါ။ရွေးချယ်ချက်(၁)နှင့်ရွေးချယ်ချက်(၂)တို့ကိုတစ်ပေါင်းတည်းလုပ်ဆောင်နိုင်သည်။

### ရွေးချယ်ချက်(၃)

ညာဏ်စမ်းမေးခွန်းများကို သုတေသနလုပ်ငန်းတစ်ခုအနေဖြင့်အိမ်စာပေးလိုက်ပါ။

***အဖြေ***

a. ၄၄၉၂၀၅၀
b. မလေး။ အင်္ဂလိပ်။ တရုတ်
c. ဒွန်း
d. မနီလာ
e. အင်ဒိုနီးရှား
f. စင်္ကာပူ
g. အင်ဒိုနီးရှား
h. မလေးရှားနိုင်ငံ ခင်နဘာလူတောင်(Mt. Kinabalu) သို့မဟုတ် မြန်မာနိုင်ငံခါကာဘိုရာဇီတောင်
c. မဲခေါင်
j. အရှေ့တီမော
k. ထိုင်းနိုင်ငံ

### ကြိုတင်လေ့လာခြင်း

ကျောင်းသားကျောင်းသူများနှင့်အတူတကွမေးခွန်းများကိုဆွေးနွေးပြီးနောက်၄င်းတို့အားအချိန်အနည်းငယ်ပေးပြီးအဖြေများကိုရေးချခိုင်းပါ။ကျောင်းသားကျောင်းသူများအားကိုယ်တိုင်စဉ်းစားတွေးခေါ်စေပြီးနောက်ရရှိလာသောအချက်အလက်များကိုရေးချကာအတူတကွဆွေးနွေးပေးပါ။

### *ဖြစ်နိုင်ခြေရှိသောအဖြေများ -*

**A.** လူမှုအသိုင်းအဝိုင်းဖြစ်ပေါ်လာခြင်းအခြေခံနည်းလမ်းသုံးမျိုးရှိသည်။၄င်းတို့မှာအုပ်စုဖွဲ့ခြင်း(Bands)၊လူမျိုးနွယ်စု(ribes)များစုရုံးနေထိုင်ခြင်းနှင့် လွတ်လပ်သောနိုင်ငံ(Nation States)များတည်ထောင်ခြင်းတို့ဖြစ်သည်။

**B.** လက်ရှိအရှေ့တောင်အာရှနိုင်ငံအားလုံးသည်လွတ်လပ်သော နိုင်ငံများဖြစ်ပြီးတရားဝင်ဒီမိုကရေအစိုးရဟုဆိုကြသည်။ နိုင်ငံအချို့သည်စည်းမျဉ်းခံဘုရင်စနစ်ကိုကျင့်သုံးကြသည်။ အချို့မှာမိမိကိုယ်ကိုဒီမိုကရေစီဟုခေါ်သော အာဏာရှင်နိုင်ငံများဖြစ်ပြီးအချို့မှာအာဏာရှင်ဆန်သောဒီမိုကရေစီနိုင်ငံများဖြစ်သည်။ အချို့အရှေ့တောင်အာရှလူမျိုးများသည်မျိုးနွယ်းစုတို့ပင်ကိုလက္ခဏာများကိုစွဲကိုင်ထားဆဲဖြစ်သည်။ဆိုလိုသည်မှာလူသားတို့ရှင်သန်နေထိုင်မှုတွင်လူမှုအသိုင်းအဝိုင်းသည်အလွန်အရေးပါသောအခန်းကဏ္ဍတွင်ရှိသည်။ အထူးသဖြင့် ဝေးလံခေါင်သီသောဒေသတွင်နေထိုင်သည့် တိုင်းရင်းသားလူနည်းစု များအတွက် ဤအချက်သည် မှန်ကန်မှုရှိသည်။

**C.** လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ခန့်တွင် လူမှုအသိုင်းအဝိုင်းအများစုသည် လူမျိုးနွယ်စုများသို့မဟုတ်လူအစုအဖွဲ့များဖြစ်သည်။ သို့ရာတွင်ထိုအချိန်အင်ဒတ်စ်မြစ်ဝှမ်း(ပါကစ္စတန်နိုင်ငံတွင်ရှိသည်)ကဲ့သို့သော နေရာများတွင်ခေတ်မှီသောမြို့ပြနေထိုင်မှုများဖွံ့ဖြိုးခဲ့ပြီးဘုရင်အုပ်ချုပ်မှုလည်းရှိခဲ့သည်။ ၄င်းနေရာရှိလူမှုတိုးတက်မှုသည် လူမျိုးနွယ်စုအသိုင်းအဝိုင်းထက် ပိုမိုခေတ်မှီပြီးလွတ်လပ်သောနိုင်ငံပုံစံမျိုးဖြစ်သည်။

**လေ့ကျင့်ခန်း**

အရှေ့တောင်အာရှတွင်နေထိုင်သောလူမျိုးအချို့အမည်ကို အောက်တွင်ပေးထားသည်။ ၎င်းအမည်စာရင်းသည်ပြည့်စုံသော အမည်စာရင်းမဟုတ်သောကြောင့် ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူတို့မှလည်းထပ်မံဖြည့်စွက်နိုင်သည်။

ကရင် (ထိုင်းနှင့် မြန်မာ)
မွန်(ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံ)
တရုတ်(ဘရူနိုင်း၊ မလေးရှား၊ မြန်မာ၊ ထိုင်း၊ စင်္ကာပူ၊ အရှေ့တီမော၊ အင်ဒိုနီးရှား)
အခါလူမျိုး (မြန်မာ၊ လာအို၊ ထိုင်း)
မလေး(ဗီယက်နမ်၊ မလေးရှား၊ ဘရူနိုင်း၊ ထိုင်း၊ အင်ဒိုနီးရှား)
မုန်း(တရုတ်၊ လာအို၊ ဗီယက်နမ်၊ ထိုင်း)
ချင်း(မြန်မာ)
အိန္ဒိယလူမျိုး(မလေးရှား၊ စင်္ကာပူ၊ မြန်မာ၊ အင်ဒိုနီးရှား)
လီဆူး(ထိုင်း၊ မြန်မာ)
နာဂ (မြန်မာ)
တီမော (အရှေ့တီမော)
လားဟူ(လာအို၊ ထိုင်း၊ မြန်မာ)
ဂျာဗား (အင်ဒိုနီးရှား)
ဆန်ဒန် (အင်ဒိုနီးရှား)
ယာအို (ဗီယက်နမ်၊ လာအို၊ မြန်မာ၊ ထိုင်း)
လာအိုလွမ်(လာအို)
ကတူ (လာအို၊ ဗီယက်နမ်)
ဆီဘူယာနို (ဖိလစ်ပိုင်)
ထိုင်း (ထိုင်း၊ ဗီယက်နမ်)
အလတ်ခ်နှင့်လဗန်(လာအို)
အီလိုကနို(ဖိလစ်ပိုင်)
ဗီယနမ်(ဗီယက်နမ်၊ ကမ္ဘောဒီးယား)
ခမာ(ကမ္ဘောဒီးယား၊ ဗီယက်နမ်)
ဘော့ခိုးလ်(ဖိလစ်ပိုင်)
ဖိလစ်ပီးနို(ဖိလစ်ပိုင်)

**ဆွေးနွေးခန်း**

မေးခွန်းများကို အသေးစိတ်ဖြေဆိုပါ။ အရှေ့တောင်အာရှဒေသပထဝီမြေအနေအထား၊ လူသားများမည်သို့အခြေချနေထိုင်လာပုံတို့နှင့်သက်ဆိုင်သည်။ ကျောင်းသူကျောင်းသားများအား ၎င်းမေးခွန်းကိုခန့်မှန်းဖြေဆိုခိုင်းပြီး အဖြေအမျိုးမျိုးထွက်လာအောင်တိုက်တွန်းပါ။ ဆွေးနွေးပြီးလျှင်အောက်ပါအကြောင်းအရာကိုလေ့လာဖတ်ရှုသောအခါ အဖြေမှန်များရရှိလာပါလိမ့်မည်ဟုကျောင်းသားကျောင်းသူများအားအသိပေးပါ။

၎င်းမေးခွန်းကိုဖြေဆိုရာတွင် ဖြစ်နိုင်ခြေရှိသောအဖြေအမျိုးမျိုးရှိသည်။ အချို့အဖြေများမှာတိုင်းရင်းသားအချင်းချင်း သဘောထားကွဲလွဲမှုနှင့်လူမျိုးရေးဝါဒ၊ ဘာသာရေးကွဲပြားမှု၊ ဘာသာစကားအခက်အခဲ၊ ပညာရေးအတွက်ဘာသာစကားရွေးချယ်မှု၊ နယ်မြေနှင့်ပတ်သက်သောပဋိပက္ခများနှင့် အာဏာခွဲဝေရေးပဋိပက္ခတို့ဖြစ်နိုင်သည်။

ရွှေ့ပြောင်းလာကြသည့် လူမျိုးနွယ်စုများဖြင့်ယနေ့ခေတ်နိုင်ငံအများစုတွင်တိုင်းရင်းသားလူမျိုးစုများအတူတကွနေထိုင်လာကြသည်။ ဥပမာ ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့လာကြရသည့် ရွှေ့ပြောင်းအလုပ်သမားများ အများစုရှိသောနိုင်ငံအချို့မှာ ကနေဒါ၊ တော်ဝင်ဗြိတိသျှနိုင်ငံ၊ သြစတြေးလျား၊ မွန်ဂိုလီးယားနှင့် ဘရာဇီးတို့ဖြစ်သည်။

## ၁။(၂) ပထဝီမြေအနေအထား

**ကြိုတင်လေ့လာခြင်း**

**ကျောင်းသားကျောင်းသူများသည် ကိုယ်ပိုင်စကားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရမည်။ ဥပမာ အဓိပ္ပာယ်ဖွင့်ဆိုချက်အချို့မှာ ----**

- ကမ္ဘာ့မြေမျက်နှာပြင်
- သဘာဝပေါက်ပင်နှင့် ရာသီဥတု
- ကမ္ဘာဒေသအနှံ့အပြားတွင် လူမျိုးများပျံ့နှံ့နေထိုင်မှု
- တောင်၊ မြစ်၊ တောင်ကုန်း၊ မြစ်ဝှမ်း၊ သမုဒ္ဒရာ စသည့် မြေမျက်နှာသွင်ပြင်
- ဒေသတစ်ခု သို့မဟုတ် ဧရိယာတစ်ခု ရုပ်ပိုင်းဆိုင်ရာတည်ဆောက်ပုံကိုလေ့လာခြင်း
- သဘာဝပတ်ဝန်းကျင်နှင့် မှီတင်းနေထိုင်ရာဒေသ

**ကျောင်းသူကျောင်းသားများနှင့်မျှဝေဖလှယ်နိုင်ရန်အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်အချို့ကိုအောက်တွင်ပေးထားသည်။**

ကမ္ဘာမြေကြီးအကြောင်းကိုဖော်ပြခြင်း သို့မဟုတ် ရေးသားခြင်း
- ဂရိစကားလုံး ဂျီအိုဂရပ်ဖီယာဒ်ကို တိုက်ရိုက်ဘာသာပြန်ထားသည်။

ကမ္ဘာမြေကြီးရုပ်ပိုင်းအင်္ဂါ၊ ၎င်းနှင့်ဆက်စပ်သောလူသားလှုပ်ရှားမှုများကိုလေ့လာခြင်း
- အော့စဖော့ အင်္ဂလိပ်အဘိဓာန်

ကမ္ဘာမြေပျက်နှာပြင်၊ ၎င်းနှင့်ဆက်စပ်သောရုပ်ပိုင်း၊ ဇီဝပိုင်းနှင့် ယဉ်ကျေးမှုပိုင်း အင်္ဂါရပ်များကိုလေ့လာခြင်း
- ပရင်ဆီတွန် အန်ခလိုပီဒီးယား

ကမ္ဘာမြေကြီးနှင့်၎င်းသဘာဝ (လူနှင့် မြို့များအပါအဝင်အပင်များပေါက်ရောက်မှုနှင့် တိရစ္ဆာန်တို့လှုပ်ရှားသွားလာမှု ကုန်းမြေ၊ ပင်လယ်နှင့်လေတို့ကိုဖော်ပြရေးသားခြင်း) သို့မဟုတ် ၎င်းတို့ကိုလေ့လာသောသိပ္ပံဘာသာရပ်။
- အမေရိကန်ဆရာကိုင်အဘိဓာန်

## လေ့ကျင့်ခန်း

*အဖြေ -*

A. မြစ်များ၊ တောင်များ

B. မီးတောင်များ

C. တောတွင်းမြစ်ချောင်းများသည် မြေဆီများကိုတိုက်စားပြီး မြစ်ဝှမ်းတစ်လျှောက်သယ်ဆောင်လာသည်။ မြစ်ဝှမ်းများသည်သီးနှံများကိုဖြစ်ထွန်းစေသော မြေဆီများကိုအနည်ထိုင်စေနိုင်သော နေရာဖြစ်သောကြောင့် အလွန်အရေးပါသည်။

D. မီးတောင်များမှပေါက်ထွက်လာသောချော်ရည်သည် မြေဆီကိုပိုမိုကာကွယ်ဝစေသောကြောင့်မီးတောင်များသည်အရေးပါသည်။

E. တောင်တန်းများနှင့်ကျွန်းများသည် အရှေ့တောင်အာရှတွင်နေထိုင်သော လူမျိုးစုအမျိုးမျိုးကိုပိုင်းခြားထားသည်။ လူမျိုးစုအချို့သည်နီးကပ်စွာအတူတကွနေထိုင်ကြသော်လည်း တောင်တန်းနှင့်ကျွန်းများက၄င်းတို့ကိုပိုင်းခြားထားနိုင်ဖွယ်ရှိသည်။ အကျိုးဆက်အနေဖြင့်၄င်းတို့တွင်မတူညီသောဘာသာစကားနှင့် ယဉ်ကျေးမှုများဖွံ့ဖြိုးပေါ်ပေါက်လာသည်။

## *ဖြစ်နိုင်ခြေရှိသောအဖြေများ -*

A. လူမှုအသိုင်းအဝိုင်း ဖြစ်ပေါ်လာခြင်းအခြေခံနည်းလမ်းသုံးမျိုးရှိသည်။ ၄င်းတို့မှာအုပ်စုဖွဲ့ခြင်း(Bands)၊ လူမျိုးနွယ်စု(Tribes)များစုရုံးနေထိုင်ခြင်းနှင့် လွတ်လပ်သောနိုင်ငံ(Nation States)များတည်ထောင်ခြင်းတို့ဖြစ်သည်။

B. လက်ရှိအရှေ့တောင်အာရှနိုင်ငံအားလုံးသည် လွတ်လပ်သောနိုင်ငံများဖြစ်ပြီး တရားဝင်ဒီမိုကရေအစိုးရဟုဆိုကြသည်။ နိုင်ငံအချို့သည်စည်းမျဉ်းခံဘုရင်စနစ်ကိုကျင့်သုံးကြသည်။ အချို့မှာမိမိကိုယ်ကိုဒီမိုကရေစီဟုခေါ်သော အာဏာရှင်နိုင်ငံများဖြစ်ပြီး အချို့မှာအာဏာရှင်ဆန်သောဒီမိုကရေစီနိုင်ငံများဖြစ်သည်။ အချို့အရှေ့တောင်အာရှလူမျိုးများသည်မျိုးနွယ်စုတို့ပင်ကိုလက္ခဏာများကိုစွဲကိုင်ထားဆဲဖြစ်သည်။ ဆိုလိုသည်မှာလူသားတို့ရှင်သန်နေထိုင်မှုတွင် လူမှုအသိုင်းအဝိုင်းသည်အလွန်အရေးပါသော အခန်းကဏ္ဍတွင်ရှိသည်။ အထူးသဖြင့်ဝေးလံခေါင်သီသော ဒေသတွင်နေထိုင်သည့်တိုင်းရင်းသား လူနည်းစုများအတွက်ဤအချက်သည်မှန်ကန်မှုရှိသည်။

C. လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ခန့်တွင် လူမှုအသိုင်းအဝိုင်းအများစုသည် လူမျိုးနွယ်စုများ သို့မဟုတ် လူအစုအဖွဲ့ဖြစ်များသည်။ သို့ရာတွင်ထိုအချိန်အင်ဒတ်စ်မြစ်ဝှမ်း(ပါကစ်စနိုင်ငံတွင်ရှိသည်)ကဲ့သို့သော နေရာများတွင်ခေတ်မှီသောမြို့ပြနေထိုင်မှုများဖွံ့ဖြိုးခဲ့ပြီးဘုရင်အုပ်ချုပ်မှုလည်းရှိခဲ့သည်။ ၄င်းနေရာရှိလူမှုတိုးတက်မှုသည် လူမျိုးနွယ်စုအသိုင်းအဝိုင်းထက်ပိုမိုခေတ်မှီပြီးလွတ်လပ်သောနိုင်ငံပုံစံမျိုးဖြစ်သည်။

## ကြိုတင်လေ့လာခြင်း

တစ်ဦးချင်း သို့မဟုတ် နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုဖွဲ့၍မြေပုံပေါ်တွင်နိုင်ငံများကိုရှာပါ။

***အဖြေ -***

၁။ ဖိလစ်ပိုင်
၂။ ဘရူနိုင်း
၃။ အင်ဒိုနီးရှား
၄။ စင်္ကာပူ
၅။ မလေးရှား
၆။ ကမ္ဘောဒီးယား
၇။ ဗီယက်နမ်
၈။ ထိုင်း
၉။ လာအို
၁၀။ မြန်မာ
၁၁။ အရှေ့တီမော

## လေ့ကျင့်ခန်း

**တစ်ဦးချင်း သို့မဟုတ် နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုဖွဲ့မေးခွန်းများကိုဖြေခိုင်းပါ။**

***အဖြေ -***

၁။ အိန္ဒိယ၊ တရုတ်၊ ဟောင်ကောင်၊ မက်ကောာ၊ ပပေါနယူးဂင်နီ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ မဲလ်ဒိုက်ဖ်နှင့် ဘူတန်။
၂။ တရုတ်။ အိန္ဒိယ၊ ရုရှ၊ ဂျပန်၊ အမေရိကန်၊ ပြင်သစ်၊ တော်ဝင်ဗြိတိသျှနှင့် အခြားနိုင်ငံ။
၃။ ပင်မအရှေ့တောင်အာရှတွင် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မလေးရှားတစ်စိတ်တစ်ပိုင်းပါဝင်သည်။ ကျွန်းမြေအရှေ့တောင်အရှတွင် စင်္ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အရှေ့တီမောနှင့် မလေးရှားတစ်စိတ်တစ်ပိုင်း ပါဝင်သည်။

## လေ့ကျင့်ခန်း

***အဖြေ -***

a.	အနောက်-အနောက်မြောက်
b.	အနောက်တောင်
c.	ကပ္ပလောအန်အရှူကျွန်း
d.	လွမ်ဘို့ကျွန်း
e.	အနောက် -အနောက်မြောက်
f.	တောင်- အရှေ့တောင်
g.	အနောက်-အနောက်တောင်
h.	ပါရေ့လ်ကျွန်းစု

## တိုးချဲ့လေ့ကျင့်ခန်း

အထက်ပါလေ့ကျင့်ခန်းကိုဖြေဆိုပြီးနောက် ကျောင်းသူကျောင်းသားများအချင်းချင်း အပြန်အလှန်မေးမြန်းဖြေဆိုနိုင်ရန်အတွက်သံလိုက်အိမ်မြှောင်လမ်းကြောင်းနှင့် မြေပုံတို့ကိုအသုံးပြုညာဏ်စမ်းမေးခွန်းများထုတ်ခိုင်းပါ။ စာအုပ်ထဲတွင်ပေးထားသော ဥပမာကိုလေ့လာပြီးနောက်ထပ်ဥပမာတစ်ခုလုပ်ပြပါ။ ထို့နောက်ကျောင်းသားကျောင်းသူတစ်ဦးချင်းအား မေးခွန်းသုံးခုမှငါးခုအထိပြုလုပ်ခိုင်းပါ။

**ဥပမာ** - ၄င်းသည် ပါရေ့လ်ကျွန်းစုတောင်ဘက်တွင်ရှိသည်။ (အဖြေ - စပရေးလီကျွန်းစု)

မြေပုံကြည့်ခြင်းကို လေ့ကျင့်လုပ်ဆောင်ရန်အတွက် မြေပုံစကေးအကြောင်းကို ပြန်လည်ဆွေးပေးပါ။ ဤလေ့ကျင့်ခန်းတွင် ကျောင်းသား၊ ကျောင်းသူများသည်ပေတံကိုအသုံးပြုရန်လိုအပ်သည်။ တည်နေရာရှာဖွေရာတွင် နေရာတစ်ခုတည်းကိုသာရှာဖွေခြင်း ထက်ကျွန်းစုများကိုရှာဖွေရသောကြောင့်အနီးစပ်ဆုံးအကွာအဝေးကိုသာမှတ်ယူရမည်။ ကျွန်းတစ်စုနှင့်အခြားတစ်စုကြား အကွာအဝေးကိုတိုင်းတာရာတွင် စက်ဝိုင်းကိုဗဟိုပြုတိုင်းတာခိုင်းပါ။

## ထပ်မံလေ့ကျင့်ခန်း

ယခင်လေ့ကျင့်ခန်းတွင်ပေးထားသောမေးခွန်းကိုအသုံးပြု၍ ၄င်းကျွန်းတစ်ခုနှင့်အခြားကျွန်းတစ်ခုကြားအကွာအဝေးကိုရှာခိုင်းပါ။ ကျောင်းသူကျောင်းသားများကို အရင်ဦးဆုံးဥပမာလုပ်ပြပါ။ လေ့ကျင့်ခန်းအပိုပြုလုပ်နိုင်ရန်အတွက် ယခင်မေးခွန်းကဲ့သို့ အခြားမေးခွန်းများကိုထုတ်ခိုင်းပြီး ၄င်းကျွန်းတို့ကြားအကွာအဝေးကိုရှာခိုင်းပါ။

***အဖြေ*** -

(a) စပရေးလီကျွန်းစု (pratly Isands)သည် ပလောကျွန်း (Palau)အနောက်-အနောက်မြောက်ဘက်မိုင် ၁၄၀၀ အကွာတွင်တည်ရှိသည်။

(b) ကပူလောအန်အတုနကျွန်း (Kepalauan Atuna)သည်စပရေးလီကျွန်းစု (Spratly Isands) အနောက်တောင်ဘက်မိုင် ၁၈၀၀ အကွာ တွင်တည်ရှိသည်။

(c) ကပူလောအန်အတုနကျွန်းသည် နီကိုဘားကျွန်းစု (Nicobar Islands) အရှေ့-အရှေ့တောင်ဘက် မိုင် ၃၁၀၀ အကွာတွင်တည်ရှိသည်။

(d) ပူလောစီဘာရု (Palau Siberut)သည် လွမ်ဘို့ကျွန်း အနောက်မြောက်ဘက် မိုင်ပေါင်း ၁၂၀၀အကွာတွင် တည်ရှိသည်။

(e) ပလောကျွန်း (Palau)သည် ကပူလောအန်အရူကျွန်း (Kepulauan Aru) မြောက်-အနောက်မြောက်ဘက် မိုင်၈၀၀အကွာတွင်တည်ရှိသည်။

(f) လွမ်ဘို့ကျွန်း (Lombok)သည် စပရေးလီကျွန်းစု (Spratly Isands) တောင်-အရှေ့တောင်ဘက် မိုင် ၁၂၀၀အကွာတွင်တည်ရှိသည်။

(g) အခမ္မံကျွန်းစု (Adaman Islands)သည် ပလောကွန်း (Palau) အနောက်-အနောက်မြောက်ဘက် မိုင်၂၇၀၀ အကွာတွင်တည်ရှိသည်။

(h) ပူလောစီမောလူ (Pulau Simeulue)သည် ပါရေ့လ်ကျွန်းစု အနောက်တောင်ဘက် မိုင် ၁၄၀၀ အကွာတွင်တည်ရှိသည်။

## ၁။ (၃) ပြန်လည်ဆန်းစစ်ခြင်း

**ပြန်လည်ဆန်းစစ်ခြင်း**

***အဖြေ -***

၁။ ကျွန်းမြေအရှေ့တောင်အာရှနှင့် ပြည်မကြီးအရှေ့တောင်အာရှ။

၂။ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ အရှေ့တီမော၊ ဖိလစ်ပိုင်။

၃။ ကျွန်းမြေအရှေ့တောင်အာရှတွင် စင်္ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ အရှေ့တီမောနှင့် မလေးရှားတစ်စိတ်တစ်ပိုင်းပါဝင်သည်။ပြည်မကြီးအရှေ့တောင်အာရှတွင် မြန်မာ၊ ထိုင်း၊လာအို၊ကမ္ဘောဒီယား၊ဗီယက်နမ်နှင့်မလေးရှားတစ်စိတ်တစ်ပိုင်းပါဝင်သည်။

၄။ မီးတောင်၊ တောင်တန်း သို့မဟုတ် မြစ်ဝှမ်း။

၅။ မီးတောင်များမှထွက်လာသော ချော်ရည်များသည်မြေဆီပိုမိုကြွယ်ဝစေသည်။ ၎င်းမြေဆီကြွယ်ဝသော မြေကြီးသည်တောင်ပေါ်မှမြစ်ထဲသို့စီးဆင်းအနယ်ထိုင်သဖြင့်မြစ်ဝှမ်းများကိုပိုမိုမြေဩဇာကြွယ်ဝစေသည်။ မြေဩဇာကြွယ်ဝခြင်းသည်လူသားများထွန်ယက်စိုက်ပျိုးရန်အတွက်အလွန်အရေးပါသောကြောင့် ၎င်းမြစ်ဝှမ်းများတွင်အခြေချနေထိုင်မှုများစတင်ခဲ့သည်။

၆။ ကရင်၊ အခါ၊ မုန်း၊ လီစူး၊ လားဟူ၊ ယာအို၊ ကတူ၊ အလတ်ခ်နှင့် လဗန်၊ ခမာ၊ မွန်၊ မလေး၊ ချင်း၊ နာဂ၊ ဂျာဗား၊ ဆူဒန်၊ တဂါလော့၊ ဆီဘူအာနို၊ အီလိုကာနို၊ ဘော့ခိုးလ်၊ တရုတ်၊ အိန္ဒိယ၊ တီမော၊ လာအိုလူမ်၊ လာအိုသီယမ်၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပီးနို (ယခင်စာမျက်နှာမှ အခြားလူမျိုးများလည်းပါဝင်သည်)။

၇။

| | တူညီချက် | ခြားနားချက် |
|---|---|---|
| သမိုင်း | အရှေ့တောင်အာရှနိုင်ငံအများစုသည် ကိုလိုနီအုပ်ချုပ်မှုခံခဲ့ရသောကြောင့် ၎င်းတို့သမိုင်းကြောင်းတူညီမှုရှိသည်။ | အရှေ့တောင်အာရှနိုင်ငံအချို့ကို ဗြိတိသျှကနယ်ချဲ့အုပ်ချုပ်ခဲ့ပြီးအချို့ကို ဒတ်ချ် သို့မဟုတ် ပေါ်တူဂီက အုပ်ချုပ်ခဲ့သည်။ |
| ပထဝီမြေအနေအထား | အရှေ့တောင်အာရှနိုင်ငံအများစု၏သဘာဝပတ်ဝန်းကျင်သည် ရေနှင့်သစ်တောများဖြစ်သည်။ | အချို့နိုင်ငံများသည်ကျွန်းများဖြစ်ပြီးအချို့မှာကုန်းမြေများဖြစ်သည်။ဘရူနိုင်းနိုင်ငံသည် အလွန်သေးငယ်သည် (5,765km2မျှသာရှိသည်)။ သို့သော်အင်ဒိုနီးရှားသည်အလွန်ကြီးမားသည်။ (1,904,569km2 ကျယ်ပြန့်သည်)။ |
| စီးပွားရေး | အရှေ့တောင်အာရှရှိဆင်းရဲသော ဖွံ့ဖြိုးဆဲနိုင်ငံအချို့သည်နိုင်ငံခြားတွင် အကြွေးတင်မှုပြဿနာကိုရင်ဆိုင်နေကြရပြီးပြည်သူများကျန်းမာရေးနှင့်ပညာရေးအတွက်ငွေသုံးစွဲရန် နိုင်ငံတော်အစိုးရတွင်ဘဏ္ဍာငွေအလုံအလောက်မရှိပါ။ | အချို့နိုင်ငံများစီးပွားရေးသည် အခြားနိုင်ငံများထက်ပိုမိုတောင့်တင်းသည်။ စင်္ကာပူနိုင်ငံသည် စက်မှုဖွံ့ဖြိုးသော နိုင်ငံဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံသည်စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ |
| နိုင်ငံရေး | ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံစလုံးသည် စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးကြသည်။ | အချို့နိုင်ငံသည်စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးကြသည်။ အချို့မှာဒီမိုကရေစီသို့မဟုတ်ကွန်မြူနစ်နိုင်ငံများဖြစ်သည်။ |
| ဖွံ့ဖြိုးတိုးတက်မှု | ဒေသတွင်းနိုင်ငံအချို့သည်၎င်းတို့သဘာဝပတ်ဝန်းကျင်၊ သယံဇာတ ထိန်းသိမ်းကာကွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတက်မှုလုပ်ဆောင်ရေးတို့နှင့် ဆက်နွယ်သောအခက်အခဲများကိုရင်ဆိုင်နေရသည်။ အရှေ့တောင်အာရှအနှံ့အပြားတွင်ဆန်စပါးစိုက်ပျိုးကြသည်။ | စင်္ကာပူကဲ့သို့သောအချို့နိုင်ငံများသည်အလွန်တိုးတက်နေသော်လည်းကမ္ဘောဒီယားကဲ့သို့သောနိုင်ငံများသည်အခြေခံပညာရေး၊ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ဆောက်လုပ်ခြင်းတို့နှင့်လုံးထွေးနေရသည်။ |

| | | |
|---|---|---|
| လူမှုအသိုင်းအဝိုင်း | ဒေသအနှံ့ ရိုးရာစဉ်လာယုံကြည်မှုများတူညီမှုရှိသည်။ | မလေးရှားကဲ့သို့သော အချို့နိုင်ငံများသည်မူဆလင်နိုင်ငံများဖြစ်ပြီး၊ ထိုင်းကဲ့သို့သောအချို့နိုင်ငံများမှာ ဗုဒ္ဓဘာသာဝင်နိုင်ငံများဖြစ်သည်။ |

(ထို့အပြင် ဇယားထဲတွင် ယခင်လေ့ကျင့်ခန်းမှ ကျောင်းသားကျောင်းသူများ၏ထင်မြင်ချက်များကို ထည့်သွင်းနိုင်သည်)။

၈။ အိန္ဒိယ၊ တရုတ်၊ ဟောင်ကောင်၊ မက်ကော၊ ပါပါနယူးဂင်နီ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ မဲလ်ဒိုက်၊ ဘူတန်။

၉။ သံလိုက်အိမ်မြှောင်လမ်းကြောင်း

၁၀။ သံလိုက်အိမ်မြှောင်လမ်းကြောင်းသည် တိကျသောဦးတည်ရာလမ်းကြောင်းကိုညွှန်ပြနိုင်ရန် သို့မဟုတ် မှတ်သားနိုင်ရန် အထောက်အကူပြုသည်။

## ပြန်လည်ဆန်းစစ်ခြင်း

***အဖြေများ -***

၁။ စန်ဘာကျွန်း(Sumba)သည် ဖလိုကျွန်း အနောက်တောင်ဖက်တွင်တည်ရှိသနည်း။

၂။ ဘန်ကာကျွန်း(Bangka)သည် မန်တဝီကျွန်းစုအရှေ့ - အရှေ့မြောက်တွင်တည်ရှိသနည်း။

၃။ ပလဝန်ကျွန်း အရှေ့တောင်တွင် တည်ရှိသနည်း။

၄။ စန်ဂီဟဲကျွန်းစု(Sangihe Islands)သည် ပလဝန်ကျွန်းစု တောင်-အနောက်တောင်တွင်တည်ရှိသနည်း။

၅။ ဘန်ကာကျွန်း(Bangka)သည် ဘတန်ကျွန်းစု တောင်-အနောက်တောင်ဖက်တွင်တည်ရှိသနည်း။

၆။ ဘန်ကာကျွန်း(Bangka)သည် နန်တူနကျွန်းတောင်-အနောက်တောင်ဖက်တွက်တည်ရှိသနည်း။

၇။ မည်သည့်ကျွန်းသည် နန်တူနာကျွန်း အရှေ့ဖက်တွင်တည်ရှိသနည်း။

၈။ စန်ဘာကျွန်း(Sumba)သည် တနင်ဘားကျွန်း အနောက်-အနောက်တောင်ဖက်တွင်တည်ရှိသနည်း။

## ပြန်လည်ဆန်းစစ်ခြင်း

***အဖြေ -***

၁။ ဘန်ကာကျွန်းမှစ၍ အရှေ့-အရှေ့တောင်ဘက်သို့ မိုင် ၁၀၀၀ ခန့်သွားပါက တနင်ဘားကျွန်းသို့ရောက်မည်။

၂။ စန်ဂီဟဲကျွန်းစုမှစ၍ အနောက်မြောက်ဘက်သို့ မိုင် ၁၀၀ခန့်သွားပါက တလော့ကျွန်းစုသို့ရောက်မည်။

၃။ စန်ဘာကျွန်းမှစ၍ အနောက်-အနောက်မြောက်ဘက်သို့ မိုင် ၁၆၀၀ ခန့်သွားပါကမန်တဝီကျွန်းစုသို့ရောက်မည်။

၄။ ဖလိုစ်ကျွန်းမှစ၍ အနောက်မြောက်ဘက်သို့ မိုင် ၁၄၀၀ ခန့်သွားပါက နန်တူနကျွန်းသို့ရောက်မည်။

၅။ ပလဝန်ကျွန်းမှစ၍ မြောက်-အရှေ့မြောက်ဘက်သို့ မိုင် ၉၀၀ခန့်သွားပါကဘတန်ကျွန်းစုသို့ရောက်မည်။

## ပြန်လည်ဆန်းစစ်ခြင်း


***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

ပထဝီမြေအနေအထား(ဆရာကိုင်စာအုပ်မှအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုကိုးကားထားသည်)တောင်တန်း၊မြစ်ဝှမ်း၊ သမုဒ္ဒရာအစရှိသည့် မြေအင်္ဂါရပ်များ၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ ပတ်ဝန်းကျင်နှင့် နေရာဒေသများအပါအဝင်ကမ္ဘာမြေမျက်နှာပြင်နှင့် ဆက်စပ်သောအရာအားလုံး။

## တိုးချဲ့လေ့ကျင့်ခန်း

***အဖြေ*** -

ရတနာများကို တနင်ဘားကျွန်းတောင်ပိုင်း ယိုးယွင်းပျက်စီးသောဘုရားကျောင်းအနီးတွင် မြှုပ်နှံထားသည်။




ကျောင်းသားကျောင်းသူများအား အခြားသူများဆွဲသောလမ်းကြောင်းများကိုစစ်ဆေးခိုင်းပါ။ ဆွဲသားချက်မှန်မမှန်တစ်တန်းလုံးလျှောက်ကြည့်စစ်ဆေးပေးပါ။

## ၂။ ရှေးခေတ်အရှေ့တောင်အာရှ

ဤအခန်းတွင် ကျောင်းသားကျောင်းသူများသည် အောက်ပါတို့ကိုလုပ်ဆောင်ရမည်။

- ရှေးခေတ်အချိန်လူသားများမည်သို့ရှင်သန်နေထိုင်ခဲ့ပုံကိုစိတ်ကူးကြည့်ခြင်းနှင့်မည်သို့ပြောင်းလဲလာခဲ့ပုံကိုခန့်မှန်းကြည့်ခြင်း
- ဖတ်ရှုခြင်းနှင့် နားလည်သဘောပေါက်အောင်ဖတ်ခြင်း
- အကြောင်းရင်း အချက်အလက်အသုံးချခြင်းနှင့် ကောက်ချက်ချခြင်း
- အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း

- စာရင်းပြုစုခြင်းနှင့် စိတ်ကူးဖော်မြေပုံဆွဲခြင်း
- တူညီချက်ရှာခြင်း
- ရုပ်ပုံနှင့် အချက်အလက်များကိုယှဉ်တွဲခြင်း
- လူ့အဖွဲ့အစည်းတွင် ပိုလျှံမှုနှင့်မညီမျှမှုပေါ်ပေါက်လာပုံဇာစ်မြစ်အကြောင်းကို ပိုင်းခြားစိတ်ဖြာမှုရှိရှိတွေးခေါ်ခြင်းစဉ်းစားခြင်း
- အကြောင်းနှင့် အကျိုးကိုဖော်ပြခြင်း
- လိုရင်းလိုက်ရှာဖတ်ခြင်းနှင့် စာပိုဒ်ကိုစေ့စပ်စွာဖတ်ခြင်း
- သမိုင်းဝင်သက်သေအထောက်အထားရှာခြင်း
- မြေပုံပေါ်တွင် လမ်းကြောင်းများဖော်ထုတ်ခြင်း
- အကြောင်းအရာတစ်ခုအဓိကဆိုလိုရင်းကိုဖော်ထုတ်ခြင်း
- အကြောင်းအရာတစ်ခုကိုအခြေခံ၍ မေးခွန်းထုတ်ခြင်း
- အချိန်အလျားပြမျဉ်းလိုင်းပေါ်တွင် အချက်အလက်များတင်ပြခြင်း
- ကောင်းကျိုးနှင့် ဆိုးကျိုးကိုဖော်ပြခြင်း
- ထင်မြင်ချက်များကိုတွေးခေါ်ကြည့်ခြင်း
- ကိုယ်ပိုင်စကားဖြင့် အချက်အလက်များကိုပြန်လည်ပြောဆိုရေးသားခြင်း
- ဇယားကွက်ပေါ်တွင် အချက်အလက်များစုစည်းခြင်း
- ရှေးခေတ်လူမှုတိုးတက်မှုများကိုနှိုင်းယှဉ်ခြင်းနှင့် ယှဉ်ကြည့်ခြင်း
- ထင်မြင်ချက်ပြောဆိုရာတွင် အကြောင်းပြချက်များခိုင်လုံရန် ဥပမာများဖြင့် ပြန်လည်ပံ့ပိုးတင်ပြခြင်း
- လူအသိုင်းအဝိုင်းတွင်း ဘာသာအယူဝါဒများကိုသုတေသနလုပ်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်းနှင့်တွေ့ရှိချက်များကိုတင်ပြခြင်း။

# 2. ရှေးခေတ်အရှေ့တောင်အာရှ

## 2.1 နိဒါန်း

**ကြိုတင်လေ့လာခြင်း**

**A.** ကျောင်းသားကျောင်းသူများနှင့်အတူတကွ ရှေးခေတ်အရှေ့တောင်အာရှအကြောင်းကို တတ်နိုင်သမျှတွေးခေါ်ကြည့် ခိုင်းပါ။ ရှေးခတ်ဟု ဆိုထားသည်မှာလွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာအချိန်ကဖြစ်သည်။ အရှေ့တောင်အာရှအကြောင်းကို အဘယ်ကြောင့်သိရှိထားပြီးမည်သည့်နေရာမှလေ့လာခဲ့သည်ကိုကျောင်းသားကျောင်းသူများအားမေးပါ။ ကျောင်းသားကျောင်းသူအများစုသည်စာအုပ်တစ်အုပ်မှဖတ်ရှုလေ့လာနိုင်ခဲ့ဖွယ်ရှိပြီး အချို့မှာဆရာဆရာမထံသို့မဟုတ်အခြားသူတစ်ဦးထံမှ လေ့လာခဲ့ဖွယ်ရှိသည်။ ကျောင်းသားကျောင်းသူများသိရှိထားသောအချက်များတိကျမှန်ကန်မှုရှိမရှိမေးကြည့်ပါ။ တိကျမှန်ကန်သည်ဟုဆိုသော်မည်သို့သိရှိခဲ့သည်ကိုမေးပါ။ အကယ်၍၎င်းတို့ဖတ်မိသောစာအုပ်ကိုရေးသောသူ သို့မဟုတ် တစ်ဦးတစ်ယောက်ကပြောပြသည်ဟုဖြေသော်၎င်းစာရေးသူသည်အချက်အလက်များမှန်မမှန်မည်သို့သိရှိသနည်း။ ထိုတစ်ဦးတစ်ယောက်သည်အဖြစ်အပျက်များကိုကိုယ်ပိုင်မြင်တွေ့ခဲ့ပါသလား၊ စာရေးဆရာနှင့်ထိုတစ်ဦးတစ်ယောက်သည်အဖြစ်အပျက်များတွင်ကိုယ်တိုင်ပါဝင်သတ်ပတ်ခဲ့ပါသလားစသည်ဖြင့်ကျောင်းသူကျောင်းသားများအားမေးပါ။

**B.** စာရေးသူများနှင့် အခြားသူများသည်လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာ အချိန်တွင်လူများရှင်သန်နေထိုင်ခဲ့ပုံနှင့်ပတ်သက်သောအချက်အလက်များကိုမည်သို့ရရှိခဲ့ကြသည်ကိုကျောင်းသားကျောင်းသူများအားမေးပါ။ ကျောင်းသားကျောင်းသူများ ဖြစ်နိုင်ခြေရှိသောအဖြေအားလုံးကိုလက်ခံကြိုဆိုပြီးဖြေဆိုချက်များတွင်အချက်အလက်များပြည့်ပြည့်စုံစုံထည့်သွင်းပေးရန် တိုက်တွန်းပါ။ ထို့နောက်ပေးထားသောစာပိုဒ်များကို အတူတကွဖတ်ပါ။

**ဆွေးနွေးခန်း**

**ဖြစ်နိုင်ခြေရှိသောအဖြေများ-**

**A.** ကျောင်းသားကျောင်းသူများသည် ရှေးခေတ်သမိုင်းနှင့်ဆိုင်သောအချက်အလက်များကို သမိုင်းပညာရှင်များမှမည်သို့ ရှာဖွေစုဆောင်းပုံကိုလေ့လာရမည်။ရှေးဟောင်းသုတေသနပညာရှင်ကဲ့သို့သောသူများသည်ပစ္စည်းသက်သေရှာဖွေပြီးနောက်ထိုပစ္စည်းပေါ်အခြေခံ၍ အဓိပ္ပာယ်ကောက်ယူကြသည်။

**B.** လွန်ခဲ့သောအချိန်ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များကို တိတိကျကျမသိရှိနိုင်ကြောင်းကိုသိရှိထားရန်အရေးကြီးသည်။ ဤအခန်းတွင် ရှေးခေတ်အရှေ့တောင်အာရှအဖြစ်အပျက်ကိုလေ့လာသောရှုထောင့်တစ်ခုအကြောင်းကိုသာတင်ပြထားသည်။

**C.** လွန်ခဲ့သောအချိန်ဖြစ်ပျက်ခဲ့သည့်ဖြစ်ရပ်များကို သိရှိရန်ခဲယဉ်းသည့်အကြောင်းရင်းမှာမည်သည့်မှတ်တမ်းမျှမကျန်ရှိခဲ့ခြင်း၊ ထို့အပြင် ပစ္စည်းသက်သေများလည်း မရှိသလောက်နီးပါးဖြစ်နေသည်။ နေရာတစ်ခုတည်းတွင် လူမျိုးစုများတစ်စုပြီးတစ်စုနေထိုင်ခဲ့သောကြောင့်မည်သူကမည်သည့်အရာတို့ကို အမှန်တကယ်ပြုလုပ်ခဲ့ကြောင်းစသည်ဖြင့်သေချာအတိအကျအတည်ပြုရန်ခဲယဉ်းသည်။

**D.** သမိုင်းဖြစ်ရပ်များကိုပိုမိုတိကျစွာဖော်ထုတ်နိုင်ရန်အတွက် သမိုင်းပညာရှင်များတွင်မှတ်တမ်းနှင့်ပစ္စည်းသက်သေအရေအတွက်အများအပြားရှိရန်လိုအပ်ပါသည်။

## ၂. ၂ လူမှုတိုးတက်မှုနှင့် ယဉ်ကျေးမှု

**ကြိုတင်လေ့လာခြင်း**

လူမှုတိုးတက်မှုဟူသောဝေါဟာရနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများမည်မျှသိရှိထားသည်ကိုမေးပါ။
အောက်ပါအဓိပ္ပာယ်ဆိုချက်နှစ်ခုကို သင်ပုန်းပေါ်တွင်ရေးချပါ။

ခေတ်မီသောလူသားဖွံ့ဖြိုးတိုးတက်မှုအဆင့်သို့ရောက်ရှိနိုင်သောဖြစ်စဉ်
- အော့စဖို့ အင်္ဂလိပ်အဘိဓာန်

သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအားဖြင့် စည်းလုံးညီညွတ်မှုရှိသည့် ခေတ်မီသောလူ့အဖွဲ့အစည်းအဆင့်
- မိုက်ခရိုဆော့ အန်ကာတ

လူမှုတိုးတက်မှု သတ်သတ်မှတ်မှတ်ဖော်ပြနိုင်သည့် ဝိသေသလက္ခဏာများမှာ အစားအစာထုတ်လုပ်ခြင်း(အပင်နှင့်တိရစ္ဆာန်များမွေးမြူခြင်း)၊သတ္တဗေဒ၊အတိုင်းအတာတစ်ခုအထိအသက်မွေးဝမ်းကြောင်းမှုဆိုင်ရာသီးခြားကျွမ်းကျင်မှုရှိခြင်း။ စာရေးသားတတ်ခြင်းနှင့်မြို့များပေါ်ပေါက်လာခြင်းတို့ဖြစ်ကြသည်။
- ကိုလန်ဘီယာ အန်ကလိုပီးဒီးယား

ကျောင်းသားကျောင်းသူများမရှင်းလင်းသောအချက်များရှိပါက နားလည်အောင်ရှင်းပြပါ။

**ကြိုတင်လေ့လာခြင်း**

ယဉ်ကျေးမှုအကြောင်းကိုကျောင်းသားကျောင်းသူများ မည်မျှသိရှိထားသည်ကိုဆွေးနွေးပါ။ ကျောင်းသားကိုင်စာအုပ်ထဲရှိ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လေ့လာဆွေးနွေးပြီးနောက်ကျောင်းသားကျောင်းသူများမှ မရှင်းလင်းသောအချက်များရှိပါကနားလည်အောင်ထပ်မံရှင်းပြပါ။

**လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများသည် မိမိတို့ထင်မြင်ချက်နှင့်အညီယဉ်ကျေးမှုဆိုင်သောဝေါဟာရများကို စစ်ဆေးကြည့်စေပါ။

***အဖြေ*** -

**A.** ပေးထားသောဝေါဟာရအားလုံးသည် ယဉ်ကျေးမှုနှင့်သက်ဆိုင်သောစကားလုံးများဖြစ်သည်။

**B.** ကျောင်းသားကျောင်းသူများသည်ယဉ်ကျေးမှုနှင့် သက်ဆိုင်သောအခြားစကားလုံးများကိုသိပါက ဝေါဟာရအစုထဲတွင် ထည့်သွင်းနိုင်သည်။ထည့်သွင်းသောဝေါဟာရများသည်လူတစ်စုမှတူညီစွာပြုလုပ်နေသောအရာများဖြစ်ရမည်။ လူသားတို့အလေ့အထနှင့်သက်ဆိုင်သောမည်သည့်ဝေါဟာရမဆို ယဉ်ကျေးမှုနှင့်သက်ဆိုင်သည်။ ဥပမာ - ရိုးရာစဉ်လာ၊ သီချင်း၊ အက၊ အစားအစာ၊ အားလပ်ရက်၊ အခမ်းအနားကျင်းပခြင်း၊ တေးဂီတ၊ အဝတ်အစား အစရှိသည်တို့ဖြစ်ပါသည်။

**C.** ကျောင်းသားကျောင်းသူများသည်ယဉ်ကျေးမှုနှင့် မသက်ဆိုင်သောဝေါဟာရစုတစ်စုစာစုတစ်စုကိုရေးသားစေပါမည်။ ၎င်းတို့ထင်မြင်ချက်ပေါ်မူတည်၍ဝေါဟာရများမှာအမှားအမှန်မရှိပါ။

**D.** အဖြေအမှားအမှန်မရှိကြောင်းကိုပြောပြ၍ ကျောင်းသားကျောင်းသူများအားတွေးခေါ်မြင်ယောင်ခိုင်းပါ။ တေးဂီတ၊ဘာသာအယူဝါဒ၊ အစားအစာအစရှိသည့် ယနေ့ယဉ်ကျေးမှုတွင်ပါဝင်သည့် အရာများကိုစဉ်းစားတွေးခေါ်ခိုင်းပါ။ ထို့နောက်လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာအချိန်မှယဉ်ကျေးမှုတွင် မည်သည့်အရာများပါဝင်နိုင်သည်ကိုလည်းစဉ်းစားတွေးခေါ်ခိုင်းပါ။ လက်ထပ်ထိမ်းမြားခြင်းဤကဲ့သို့သောအရာများသည် သင့်ယဉ်ကျေးမှုတစ်ခုအဖြစ်ရပ်တည်လာခဲ့ဖွယ်ရှိပြီးဟစ်ဟော့တေးဂီတကဲ့သို့သော အကြောင်းအရာများသည်ရှေးခေတ်ယဉ်ကျေးမှုနှင့်ခြားနားနေလိမ့်မည်ဖြစ်သည်။

**လေ့ကျင့်ခန်း**

***အဖြေ*** -

A. အီဂျစ်၊ မက်ဆိုပိုတေးမီးယား(လက်ရှိအီရတ်နိုင်ငံ)၊ အိန္ဒိယ၊ တရုတ်။

B. ၎င်းဒေသများသည် မြစ်တစ်လျှောက်တွင် တည်ရှိသည်။ ထို့ကြောင့် ၎င်းတို့သည် မြစ်ဝှမ်းများဖြစ်သည်။

C. မြစ်ဝှမ်းများသည် စိုက်ပျိုးရေးကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်နိုင်ရန်အတွက် မြေဆီကြွယ်ဝသောမြေများဖြစ်ပြီး မြစ်တွင်းမှ ရေချိုရေသန့်များရရှိနိုင်သဖြင့် လူသားများအခြေချနေထိုင်မှုဖွံ့ဖြိုးလာရန်အတွက်နေရာကောင်းတခုဖြစ်သည်။

**ဆွေးနွေးခန်း**

အတန်းသူအတန်းသားများကိုအုပ်စုလေးစုခွဲ၍ မြေပုံထဲတွင်ပြထားသောလူမှုတိုးတက်မှုတစ်ခုစီရွေးခိုင်းပါ။ ထို့နောက်၎င်းလူမှုတိုးတက်မှုအကြောင်းကိုသိနိုင်သမျှစဉ်းစားတွေးခေါ်ခိုင်းပါ။ ကျောင်းသားကျောင်းသူများသည် အများအပြားသိလိမ့်မည်မဟုတ်သော်လည်းစဉ်းစားတွေးခေါ်မှုရှိရန်သာခိုင်းစေခြင်းဖြစ်သည်။အချိန်အနည်းငယ်မျှသာစဉ်းစားတွေးခေါ်စေပါ။ အချို့ကျောင်းသူကျောင်းသားများကလူနေမှုတိုးတက်ခြင်းရှိခဲ့သည်မှာ မြစ်ကြီးများနှင့်နီးကပ်စွာတည်ရှိခြင်း၊ အချို့က၎င်းလူနေမှုတိုးတက်မှုများသည် ယနေ့တိုးတက်နေသောနိုင်ငံများထဲတွင်တည်ရှိခဲ့ခြင်းသို့မဟုတ်အခြားအချက်အလက်များကြောင့်ဖြစ်သည်ဟု ဖြေဆိုနိုင်ခြေရှိပါသည်။

ကျောင်းသားကျောင်းသူများအားတစ်ယောက်ချင်းစီ၊နှစ်ယောက်တစ်တွဲ သို့မဟုတ် အုပ်စုခွဲ၍ ပေးထားသောပုံနှင့်စာကိုယှဉ်တွဲခိုင်းပါ။

1. C 2. B. 3. A

## ၂။ (၃) ပိုလျှံခြင်းနှင့် မညီမျှခြင်း

### ကြိုတင်လေ့လာခြင်း

ကျောင်းသားကျောင်းသူများအား တစ်တန်းလုံးအတိုင်းအတာသို့မဟုတ်အုပ်စုဖွဲ့၍ဤအပိုင်းကိုဆွေးနွေးခိုင်းပါ။ နောက်နည်းတစ်မျိုးမှာ ကျောင်းသားကျောင်းသူများအား အိမ်စာအဖြစ်ပေးပြီးထင်မြင်ယူဆချက်အချို့ရေးသားခိုင်းပါ။

### လေ့ကျင့်ခန်း

ဤမေးခွန်းသည် ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောပြနိုင်ရန်အတွက်ကျောင်းသားကျောင်းသူများအား မေးမြန်းထားသောထပ်ဆောင်းမေးခွန်းဖြစ်သည်။ လေ့လာခဲ့ပြီးသည့်မြစ်ဝှမ်းများရှိလူနေမှုတိုးတက်မှုအကြောင်းပေါ် အခြေခံ၍လင်းဦးမိသားစုသည် ချမ်းသာသော မိသားစု၊ ဒေဝီမိသားစုသည် အသက်ရှင်ရပ်တည်နိုင်သောမိသားစုနှင့် ဇင်မိသားစုသည် ဆင်းရဲသောမိသားစုဖြစ်သည်။ ကိုကြိုတင်ခန့်မှန်းနိုင်ရမည်။ နောက်လာမည့်မျိုးဆက်သစ်များလက်ထက်တွင်အခြေအနေမည်သို့ပြောင်းလဲနိုင်သည်ကိုကျောင်းသား ကျောင်းသူများအား စဉ်းစားတွေးခေါ်ခိုင်းပါ။ ဥပမာလာမည့်အနာဂတ်တွင်လင်းဦးမိသားစုသည် ဇင်မိသားစုကိုအလုပ်သမားအဖြစ်ခန့်အပ်နိုင်ဖွယ်ရှိသည်။ သို့မဟုတ် ဇင်မိသားစုသည်နောက်ဆုံးတွင် အသက်ရှင်ရပ်တည်နိုင်မည့်အခြေအနေတွင် မရှိတော့ဘဲသေဆုံးသွားနိုင်သည်။ ထို့အပြင်လင်းဦးမိသားစုသည် ပညာတတ်များဖြစ်လာနိုင်ပြီး နိုင်ငံရေးအာဏာလည်းပိုင်ဆိုင်နိုင်ချေရှိသည်။ ကျောင်းသားကျောင်းသူ များထံမှဖြစ်နိုင်ခြေရှိသောအဖြေများစွာထွက်လာနိုင်ရန်ဖြစ်သည်။ သို့သော်အထူးသဖြင့်အချိန်ကြာမြင့်လာခဲ့သည့်တိုင်အောင် လူနေမှုအဆင့်အတန်းမှာပြောင်းလဲမှုရှိမည်မဟုတ်ဟူသော အဖြေဖြစ်ခဲ့ပါလျှင်မူလက်ခံနိုင်ခြေအလွန်နည်းပါလိမ့်မည်။

ဇင်မိသားစုမှကြေးနီများ ရှာတွေ့ပြီးကိရိယာတန်ဆာပလာများ ပြုလုပ်ဖန်တီးပါက အထက်ပါအခြေအနေအတိုင်းဖြစ်လာလိမ့်မည်မဟုတ်ချေ။ ကိရိယာတန်ဆာပလာများအထူးသဖြင့်သတ္တုဖြင့်ပြုလုပ်သော ကိရိယာများသည်စိုက်ပျိုးရေးတွင်အလွန်အသုံးဝင်ပေလိမ့်မည်။ ဤနည်းဖြင့် ဇင်မိသားစုဆင်းရဲမှုလျော့ချနိုင်ခြေရှိသည်။

## လေ့ကျင့်ခန်း

ကျောင်းသားကျောင်းသူများသည် လေ့လာခဲ့ပြီးသည့် အချက်အလက်များဖြင့် အောက်ပါအကွက်များကိုဖြည့်ရမည်။

| | | | | |
|---|---|---|---|---|
| လူသားလုပ်ဆောင်မှုများသည်အချိန်တိုတိုအတွင်းထိရောက်မှုပိုရှိလာသည်။ | လယ်သမားများတွင်ပိုင်ဆိုင်မှုနှင့်အားလပ်ချိန်ပိုမိုရှိလာသည်။ | လက်မှုပညာပိုင်းတွင်အချိန်ပေးအလုပ်လုပ်လာကြသည်။ | ကုန်ချင်းဖလှယ်ခြင်းနှင့်ကုန်သွယ်မှုစတင်ဖွံ့ဖြိုးသည်။ | အာဏာမညီမျှမှုနှင့်လူတန်းစားမညီမျှမှုစတင်လာခဲ့သည်။ |

### ဆွေးနွေးခန်း

**ရွေးချယ်ချက်(၁)** - ဖြစ်ရပ်လေ့လာခြင်းကို ကျောင်းသားကျောင်းသူများအား အိမ်စာအဖြစ်လေ့လာခိုင်းပြီးမေးခွန်းများကိုလည်း ဖြေဆိုစေပါ။

**ရွေးချယ်ချက်(၂)** - ကျောင်းသားကျောင်းသူများအား နှစ်ယောက်တစ်တွဲတွဲ၍ ၄င်းဖြစ်ရပ် စာပိုဒ်များကိုခွဲဖတ်ခိုင်းပါ။ ထို့နောက် တစ်ဦးစာပိုဒ်အကြောင်းကို အခြားတစ်ဦးအား ပြန်လည်ရှင်းပြပေးပါ။

ကျောင်းသားကျောင်းသူများတစ်ဦးကိုတစ်ဦးရှင်းပြပေးပြီးနောက် ၄င်းတို့နှင့်အတူ တားမိသာစုအကြောင်းကိုဆွေးနွေးကြပါ။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

**A.** တားမိသာစုနေထိုင်သောလူ့အသိုင်းအဝိုင်းသည် မျိုးနွယ်စုအသိုင်းအဝိုင်းနှင့်ဆင်တူသည်။ ဤဖြစ်ရပ်တွင်ဗဟိုအစိုးရအကြောင်းဖော်ပြထားခြင်းမရှိပါ။ ၄င်းလူ့အသိုင်းအဝိုင်းသည်ကိုယ်ပိုင်ဖူလုံမှုရှိသောအသိုင်းအဝိုင်းဖြစ်သည်။

**B.** ဤဖြစ်ရပ်တွင် ငွေကြေးအကြောင်းဖော်ပြထားခြင်းမရှိပါ။ ကုန်ပစ္စည်းချင်းဖလှယ်ခြင်းကိုသာဖော်ပြထားသည်။

**C.** တားမိသာစုတွင်အစားအစာပိုလျှံမှုရှိသောကြောင့်ဂှက်ပျောစိုက်ခင်းအတွက်အလုပ်သမားကိုငှားရမ်းနိုင်သည်။ ထို့အပြင်တားမိသာစုသည်ဂှက်ပျောစိုက်ခင်းတစ်ခုထက်သာမကအိုးပြုလုပ်ခြင်း အခြားရွာသူရွာသားများကိုကြီးကြပ်ခြင်း၊ အခြားမိသားစုများအားပိုလျှံသောအစားအစာဖြင့်ပံ့ပိုးကူညီခြင်းတို့ကိုလည်းအချိန်ပေးပြုလုပ်နိုင်သည်။ ထို့နောက်၄င်းတို့နေထိုင်သောလူ့အသိုင်းအဝိုင်းပေါ်တွင်လည်းသြဇာလွှမ်းမိုးမှုရှိသည်။ အခြားမိသားစုများကလည်းတားမိသာစုဂှက်ပျောစိုင်းခင်းထဲတွင်အလုပ်လုပ်နိုင်ပြီးအစားအစာအပိုများရရှိကြသည်။

## ၂။ (၄) လူတန်းစားစနစ်

**လေ့ကျင့်ခန်း**

ပေးထားသောအကြောင်းအရာကို မဖတ်မီကျောင်းသူကျောင်းသားများအားမေးခွန်း(A)ကိုအရင်ဦးဆုံးလေ့လာကြည့်ခိုင်းပါ။ အချိန်သုံးလေးမိနစ်ပေး၍မေးခွန်းများအဖြေကိုအကြမ်းမျဉ်း ရှာဖတ်ခိုင်းပါ။

ထို့နောက် အကြမ်းမျဉ်းဖတ်ခဲ့သည့် အချိန်အတွင်း မှတ်မိသမျှဖြင့်မေးခွန်း(B)ကိုကြိုးစားဖြေခိုင်းပါ။ မဖြေနိုင်သော် အချိန်နောက် ထပ်နှစ်မိနစ်ပေး၍အကြောင်းအရာကိုပြန်လည်ဖတ်ခိုင်းပါ။

ထို့နောက်အချိန်၁၅မိနစ်ထပ်ပေး၍ မေးခွန်း C မှ F အဖြေကိုရှာဖတ်ခိုင်းပါ။

***အဖြေ -***

**A.** ၂။(နံပါတ်(၄)သည်လည်းနီးစပ်မှုရှိသည်။ သို့သော်၄င်းအကြောင်းအရာသည် ကုန်သွယ်မှုထက်လူတန်းစားစနစ်ကိုဖော်ပြထား သောကြောင့် နံပါတ်(၂)သည် ပိုမိုမှန်ကန်သည်)။

**B.** ၃၊ အခြားအဖြေများသည် ပေးထားသောအကြောင်းအရာ စာပိုဒ်တစ်ခုချင်းစီကိုသာအတိုချုံးထားသည်။

**C.** ၁၊ - စာပိုဒ် ၃၊ ၂ - စာပိုဒ် ၁၊ ၃ - စာပိုဒ် ၅၊ ၄ - စာပိုဒ် ၂၊ ၅ - စာပိုဒ် ၄။

**D.** အုပ်ချုပ်သူ၊ တရားဟောဆရာ၊ လယ်သမား၊ လက်မှုပညာသည်၊ ဘန္ဓာဆရာ၊ သာသနာပြုအဖွဲ့၊ ပညာရှင်။

**E.** ဒေသခံယုံကြည်ကိုးကွယ်မှု၊ စနစ်စကျရှိသောအယူဝါဒ(ဟိန္ဒူဘာသာ)၊ ဗုဒ္ဓဘာသာ၊ အစ္စလမ်၊ ခရစ်ယာန်။

**F.** ကုန်သွယ်မှုမှအခွင့်အရေးများပေါ်ပေါက်လာသောကြောင့် လက်မှုပညာများလည်းဖွံ့ဖြိုးခဲ့သည်။ လက်မှုပညာသည်များ သည်မိမိတို့ကုန်ပစ္စည်းများကိုဝေးလံသော အခြားနေရာများသို့ရောင်းချနိုင်သည်။ ထို့အပြင်ကုန်သွယ် မှုမှကုန်သည်လူတန်းစားတစ်ရပ် ပေါက်ခဲ့သည်။ ကုန်သည်များသည်နေရာအနှံ့လှည့်လည်၍ အခြားသူများပြုလုပ်သောကုန်ပစ္စည်းများကို ရောင်းဝယ်ခြင်းဖြင့်ငွေရှာကြ သည်။ အုပ်ချုပ်သူများသည်လည်းကုန်သွယ်မှုတွင်ပါဝင်ပြီးချမ်းသာကြွယ်ဝလာခဲ့သည်။ တစ်နည်းအားဖြင့်ဆိုသော်အောင်မြင်သော ကုန်သွယ်မှုမှချမ်းသာကြွယ်ဝလာသူများသည်အခြားအဆင့်မြင့်လူတန်းစားအဖွဲ့ဝင်များအဖြစ်သို့ပြောင်းလဲနိုင်ခဲ့သည်။

## ၂။ (၅) ရှေးခေတ်ကိုးကွယ်မှုဘာသာအယူဝါဒ

**ကြိုတင်လေ့လာခြင်း**

ဘာသာအယူဝါဒနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများအား ၎င်းတို့ထင်မြင်ချက်ကိုပြောခိုင်းပါ။ သင်ပုန်းပေါ်တွင် အဖြေအချို့ရေးပေးပြီး ကျောင်းသားကျောင်းသူများအား ၎င်းတို့ထင်မြင်ချက်နှင့်နှိုင်းယှဉ်ခိုင်းပါ။ လုံးဝမတူသောအဖြေများ သို့မဟုတ်အနည်းနှင့်အများတူညီသောအဖြေများရှိပါသလား။သင့်ဆန္ဒရှိလျှင်ကျောင်းသားကျောင်းသူများထံမှအဖြေမမေးမီ၎င်းတို့ကိုအချိန်မိနစ်အနည်းငယ်ပေး၍ ၎င်းအဖြေများကိုလေ့လာခိုင်းပါ။

အယူဝါဒသို့မဟုတ်သီခြားဘာသာတစ်ခုနှင့်ပတ်သက်၍အစွန်းရောက်တတ်သောလူများရှိတတ်သည်ကိုနားလည်သဘောပေါက်ထားရန်လိုအပ်ပါသည်။ ထို့ကြောင့်ကျောင်းသားကျောင်းသူများသည် မိမိတို့ထင်မြင်ချက်များကိုသင့်တင့်မျှတစွာဆွေးနွေးနိုင်ရန်အလွန်အရေးကြီးသည်။ ဘာသာအယူဝါဒဟူသောဝေါဟာရကို အဓိပ္ပာယ်သတ်မှတ်နိုင်ရန် အလွန်ခဲယဉ်းသဖြင့် ကျောင်းသားကျောင်းသူများ အားဘာသာအယူဝါဒကိုအဓိပ္ပာယ်သတ်မှတ်ခိုင်းပါက အငြင်းပွားမှုဖြစ်နိုင်သည်။ ထို့ကြောင့် အဘိဓာန်တစ်အုပ်မှယူထားသောအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုအောက်တွင်ပေးထားသည်။ ၎င်းအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုသင်ပုန်းပေါ်တွင်ရေးပြီးကျောင်းသား ကျောင်းသူများ မရှင်းလင်းသောအချက်များရှိပါကနားလည်အောင်ရှင်းပြပေးပါ။

ကျင့်ဝတ်နှင့် လောကအမြင်ပါဝင်လေ့ရှိသောယုံကြည်မှုနှင့်ဝတ်ပြုခြင်းစနစ်တစ်မျိုး

- ဝက်ဘ် စတာကမ္ဘာ့အဘိဓာန်သစ်

ဘာသာအယူဝါဒအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျောင်းသားကျောင်းသူများဆွေးနွေးနေစဉ်တွင် ၎င်းတို့ဆွေးနွေးပြောကြားခဲ့သည့်ဘာသာအယူဝါဒအမည်များကိုသင်ပုန်းပေါ်တွင်ရေးပါ။ ၎င်းနောက်အမည်များကိုအတူတကွလေ့လာကြည့်ပါ။ သုံးခုထက်ပိုများပါသလား။

**ရွေးချယ်ချက်(၁)** - ကျောင်းသားကျောင်းသူများနှင့်အတူတကွသင်ပုန်းပေါ်တွင်စိတ်ကူးဖော်မြေပုံတစ်ခုပြုလုပ်ပါ။ ၎င်းစိတ်ကူးဖော်မြေပုံကို ကျောင်းသားကျောင်းသူများအား မှတ်စုစာအုပ်ထဲတွင်ကူးရေးခိုင်းပါ။ ထို့နောက်ဆက်လက်ဆွေးနွေးသွားပြီးရရှိလာသောအချက်အလက်များကို စိတ်ကူးဖော်မြေပုံထဲတွင်ထည့်သွင်းခိုင်းပါ။ ကျောင်းသားကျောင်းသူများသည် စိတ်ကူးဖော်မြေပုံပြုလုပ်ခြင်းနှင့်ရင်းနှီးကျွမ်းဝင်မှုမရှိပါကသင်ပုန်းပေါ်တွင် ၎င်းတို့နှင့်အတူစိတ်ကူးဖော်မြေပုံတစ်ခုပြုလုပ်ပြပါ။ ရှေ့ဆက်ဆွေးနွေးသည့်အခါရရှိလာသောအချက်အလက်များဖြင့် ဖြည့်စွက်ပြုလုပ်ရမည်ဟုပြောပြပါ။

**ရွေးချယ်ချက်(၂)** - ကျောင်းသားကျောင်းသူများအားအုပ်စုငယ်လေးများခွဲပါ။ သတ်မှတ်ထားသောအချိန်အတွင်းအယူဝါဒတစ်ခုစီနှင့်သက်ဆိုင်သောအချက်အလက်များကို စိတ်ကူးဖော်မြေပုံပေါ်တွင်ဖြည့်စွက်ပြီးရေးသားခိုင်းပါ။ ထို့နောက်အချက်အလက်အများဆုံးရရှိသောအုပ်စုကိုအနိုင်ရသူအဖြစ်သတ်မှတ်ပါ။

**ဆွေးနွေးခန်း**

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

**A.** ကျောင်းသားကိုင်စာအုပ်ထဲတွင် ဝိညာဉ်ကိုးကွယ်မှုကို သဘာဝကိုဝတ်ပြုပူဇော်ခြင်းနှင့်သဘာဝတွင်ဖြစ်ပေါ်တည်ရှိနေသည့်အရာများထဲတွင်ဝိညာဉ်ရှိသည်ဟုယုံကြည်မှုဖြစ်ပါသည်။ထို့အပြင်၎င်းဝိညာဉ်များသည်လူသားတို့အသက်ရှင်နေထိုင်မှုပေါ်သြဇာလွှမ်းမိုးမှုရှိသည်ဟုလည်း ဖော်ပြထားပါသည်။ ကျောင်းသားကျောင်းသူများသည် ဤအယူဝါဒကို မိမိကိုယ်ပိုင်စကားဖြင့် ပြန်လည်ထုတ်ဖော်ပြောဆိုစေရပါမည်။

**B.** ဤမေးခွန်းအဖြေများသည်လူနေမှုအသိုင်းအဝိုင်းတစ်ခုနှင့်တစ်ခုပေါ်မူတည်၍ခြားနားလိမ့်မည်။ ဥပမာ-အချို့နေရာများတွင် နတ်စင်များဆောက်လုပ်ခြင်း သို့မဟုတ် ဘိုးဘေးဘီဘင်ပူဇော်ရှိခိုးခြင်း သို့မဟုတ် မိသားစုသင်္ချိုင်းသို့အလည်အပတ်သွားခြင်းနှင့်၎င်းသင်္ချိုင်းများကိုသန့်ရှင်းရေးလုပ်ခြင်းများပါဝင်လိမ့်မည်ဖြစ်သည်။

**C.** ဤမေးခွန်းနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများ၏ထင်မြင်ချက်များကို ဆွေးနွေးစေရန်ဖြစ်ပါသည်။

## ၂။ (၆) ရှေးခေတ်အရှေ့တောင်အာရှလူမျိုးများ

**ကြိုတင်လေ့လာခြင်း**

ပေးထားသောအကြောင်းအရာကိုမဖတ်မီကျောင်းသားကျောင်းသူများအားမေးခွန်းများကိုမှန်းဆဖြေဆိုခိုင်းပါ။ ၎င်းအကြောင်း အရာကိုလေ့လာပြီးနောက်အဖြေများကိုစစ်ဆေးကြည့်ပါ။ ၎င်းအကြောင်းအရာကိုလေ့လာဖတ်ရှုရာတွင်အဆုံးထိမရောက်မချင်းကျောင်းသားကျောင်းသူများအား မေးခွန်းများ၏အဖြေကိုမပြောပြပါနှင့်။

***အဖြေ -***

**A.** လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀၀ ကျော်

**B.** နီဂရစ်တိုလူမျိုး

**C.** ဆံပင်ကောက်ကောက်၊ အသားမဲနှင့် အရပ်ပုသောသူများ

**D.** နီဂရစ်တိုလူမျိုးများသာ ဖြစ်နိုင်ချေရှိသည်။ သို့သော်၎င်းအဖြေသည် မတိကျပါ၊

**E.** အချို့သော တိုင်းရင်းသားလူမျိုးစုများသည် တရုတ်နိုင်ငံမှစီးဆင်းလာသောမြစ်လမ်းကြောင်းများအတိုင်း လာရောက်ကြပြီး အခြားသောတိုင်းရင်းသားများမှာ ဟောင်ကောင်ကိုဖြတ်၍ ပင်လယ်လမ်းကြောင်းဖြင့်လာရောက်ကြသည်။ အရှေ့တောင်အာရှသို့နီဂရစ်တိုလူမျိုးများရောက်ရှိလာပုံကိုတိတိကျကျမသိရှိရပေ။

**လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများနှင့်အတူတကွ ပေးထားသောမေးခွန်းများကိုဆွေးနွေးဖြေဆိုပါ။

***အဖြေ -***

**A.** စာပိုဒ်(၁)နှင့်(၂)ရှိအချက်အလက်များမှန်ကန်မှုရှိမရှိ မသိနိုင်ပါ။

**B.** စာရေးသူသည်သမိုင်းပညာရှင်များ၏ယုံချက်ချက်များကိုသာ ရည်ညွှန်းရေးသားထားပြီးမည်သည့်သက်သေအထောက်အထားမျှမပေးထားပါ။သို့သော်လည်းစာပိုဒ်(၂)တွင်သက်သေတစ်မျိုးထည့်သွင်းထားသည်။ ၎င်းမှာရှေးဟောင်းသုတေသနဆိုင်ရာရှာဖွေတွေ့ရှိချက်များဖြစ်သည်။

**C.** စာပိုဒ်(၁)နှင့်(၃)ရှိအချက်အလက်များကိုပိုမိုခိုင်မာစေနိုင်သည့်အခြားသက်သေအထောက်အများမှာအခြားရှေးဟောင်းသုတေသနတွေ့ရှိချက်အချို့ကို ရည်ညွှန်းထားသောအချက်များ(သို့) ထိုအချိန်မှစာမှတ်တမ်းများဖြစ်နိုင်သည်။

**ကြိုတင်လေ့လာခြင်း**

ပေးထားချက်များသည်မှန်ကန်သော သက်သေအထောက်အထားများမဟုတ်ပေ၊ ဖန်တီးချက်များသာဖြစ်သည်။ ၎င်းပေးထားချက်များကိုဖြစ်နိုင်ခြေရှိသောသက်သေအထောက်အထားများအဖြစ် အသုံးပြုထားသည်။

***အဖြေများ -***

၁။ C ၂။ B ၃။ A

**လေ့ကျင့်ခန်း**

***ဖြစ်နိုင်ခြေရှိသောအဖြေများ***

**A.** နီဂရစ်တိုလူမျိုးသည်အရှေ့တောင်အာရှဒေသခံလူမျိုးဖြစ်သည်။ ၎င်းတို့သည်ဩစတေးလျားတွင်ကနဦးနေထိုင်ခဲ့သောလူမျိုး (Australian Aborigines)နှင့်ဆက်နွယ်မှုရှိနိုင်ပြီးလွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာအချိန်အာဖရိကတိုက်မှရွှေ့ပြောင်းလာသူများဖြစ်နိုင်သည်။

**B.** တရုတ်နိုင်ငံ

**ဆွေးနွေးခန်း**

***ဖြစ်နိုင်ခြေရှိသောအဖြေ -***

**A.** ၎င်းစကားလုံးများကို သုံးရသောအကြောင်းရင်းမှာ ရှေးခေတ်အရှေ့တောင်အာရှတွင်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များကိုတိကျစွာမသိရှိသောကြောင့်ဖြစ်သည်။ စာရွက်စာတမ်းများမှတ်တမ်းများလည်းဖော်ပြထားနိုင်ခြင်းမရှိပါ။

**B.** ပေးထားသောအကြောင်းအရာထဲတွင် ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်မှုကိုဖော်ပြထားသည်။ ထို့နောက်ဆန်စေ့တစ်စေ့ကပ်ထားသောမြေအိုးအစိတ်အပိုင်းတစ်ခုတွေ့ရှိခဲ့သည်ကိုလည်းဖော်ပြထားသည်။

## ကြိုတင်လေ့လာခြင်း

ပေးထားသော အကြောင်းအရာကိုမဖတ်မီငှင်းမေးခွန်းကိုခန့်မှန်းဖြေဆိုခိုင်းပါ။ အကြောင်းအရာကိုလေ့လာပြီးနောက်ကျောင်းသားကျောင်းသူများသည်ငှင်းမေးခွန်းကိုတိကျစွာဖြေနိုင်ရမည်။

**ပြန်လည်ဆန်းစစ်ခြင်း**

မေးခွန်းများကိုအိမ်စာအဖြစ်ပေးလိုက်ပါ။ သို့မဟုတ်ငှင်းတို့ကိုနှစ်ယောက်တစ်တွဲတွဲ၍ဖြေခိုင်းပါ။ ထို့နောက်အတန်းသူအတန်းသားအားလုံးနှင့်ဆွေးနွေးဖော်ပြစေပါ။

## *ဖြစ်နိုင်ခြေရှိသောအဖြေ -*

**A.** သံလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုကြောင့်လူများသည် ပိုမိုထိရောက်ခိုင်ခံ့သောကိရိယာများကိုဖန်တီးနိုင်သည်။ ငှင်းကိရိယာများဖြင့်သစ် များကိုခုတ်လှဲနိုင်သည့် အပြင်ထည်သွားကဲ့သို့သော စိုက်ပျိုးရေးအတွက် အသုံးဝင်သည့်ကိရိယာများကိုလည်းဖန်တီးနိုင်ကြသည်။ ဤနည်းဖြင့်စိုက်ပျိုးရေးလုပ်ငန်းသည်ပိုမိုထိရောက်အောင်မြင်လာခဲ့သည်။ ထို့အပြင်အစားအစာများကိုပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ကာ စားနပ်ရိက္ခာများပိုလျှံပိုင်ဆိုင်လာကြသည်။

**B.** စိုက်ပျိုးရေးမှစားနပ်ရိက္ခာပိုလျှံမှုရှိလာသောကြောင့် လူများသည်စိုက်ပျိုးရေးလုပ်ငန်းကိုရပ်ဆိုင်းပြီး အခြားလက်မှုပညာလုပ်ငန်းများကို စတင်လုပ်ကိုင်လာခဲ့ကြသည်။ လက်မှုပစ္စည်းများကိုလူမှုအသိုင်းအဝိုင်းအတွင်းတွင်အစားအစာနှင့်လဲလှယ်ကုန်သွယ်နိုင်ပြီး ပိုလျှံသောအစားအစာနှင့်လက်မှုပစ္စည်းများကိုအခြားအခြေကျသောနေရာများသို့ထပ်မံသွားရောက်ကုန်သွယ်မှုပြုနိုင်ခဲ့သည်။

**တိုးချဲ့လေ့ကျင့်ခန်း**

လေ့လာဖတ်ရှုမှုပေါ်အခြေခံ၍ ကျောင်းသားကျောင်းသူများသည် အရှေ့တောင်အာရှပေါ်အကျိုးသက်ရောက်မှုရှိစေသောအချက်များကိုဖော်ထုတ်ရေးသားစေပါ(စိုက်ပျိုးရေး၊ ကုန်သွယ်မှု၊ ရေပေးဝေမှု စနစ်၊ မြို့များ၊ လူမှုဖွဲ့စည်းပုံကွဲပြားခြင်း)။ ကျောင်းသားကျောင်းသူများကိုအုပ်စုငါးစုဖွဲ့၍အချက်တစ်ခုစီကိုတာဝန်ယူခိုင်းပါ။ ထို့နောက်ငှင်းတို့ ရွေးချယ်လိုက်သောအကြောင်းအရာများကိုအတန်းသို့ပြန်လည်တင်ပြစေပါ။

## *ဖြစ်နိုင်ခြေရှိသောအဖြေများ -*

**စိုက်ပျိုးရေး**

- စိုက်ပျိုးရေးလုပ်ငန်းမှအစားအစာပိုလျှံလာခြင်းမှ စတင်ကာသီးခြားလုပ်ငန်းများအဖြစ်လက်မှုပညာတီထွင်ဖန်တီးလာခြင်း၊ ကုန်သွယ်မှုနှင့် လူနေမှုအဆင့်အတန်းများကွဲပြားခြားနားလာခြင်း (လူတန်းစားကွဲပြားမှု များ)စသည်ဖြင့်အဆင့်ဆင့်ပြောင်းလဲတိုးတက်စေခဲ့သည်။ ဤသို့ဖြင့်ပထမဦးဆုံးအရှေ့တောင်အာရှအင်ပါယာများ၊ ဘုရင့်နိုင်ငံများနှင့် လွတ်လပ်ပြီးဖွံ့ဖြိုးတိုးတက်သောနိုင်ငံများပေါ်ပေါ်ခဲ့သည်။

**ကုန်သွယ်မှု**

- ကုန်သွယ်မှုကြောင့်လူမှုအသိုင်းအဝိုင်းများကြား ဆက်နွယ်မှုပိုမိုရရှိလာပြီးနောက်ခရီးသွားလာမှု၊ စူးစမ်းရှာဖွေမှု၊ ရေကြောင်းသွားလာမှု အတတ်ပညာနှင့်ပထဝီမြေအနေအထားကို လေ့လာနားလည်သဘောပေါက်မှုတို့လည်းဖွံ့ဖြိုးပေါ်ပေါက်ခဲ့သည်။ မဟာဗျူဟာကျသည့် ကုန်သွယ်ရေးအချက်အခြာနေရာများတွင်တည်ရှိခဲ့သည့်နေရာများသည် မြို့များအဖြစ်သို့ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး နောက်နောက်ဆုံးတွင်အင်ပါယာများအဖြစ်သို့တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာခဲ့သည်။

**ရေပေးဝေမှုစနစ်**

- ဆည်မြောင်းသွယ်တန်းခြင်းဖြင့်ရေသုံးစွဲမှုကို ထိန်းချုပ်နိုင်သည့်အပြင်စိုက်ပျိုးရေးနည်းစနစ်များသည်လည်း အချိန်တိုတိုအတွင်းပိုမိုထိရောက်မှုရှိခဲ့သည်။ ထိုသို့စိုက်ပျိုးရေးလုပ်ငန်းတွင်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူဦးရေလည်းပိုမိုသိပ်သည်းလာခဲ့ပါသည်။

**ရှေးဟောင်းမြို့များ**

- အစားအစာပိုလျှံမှုအကျိုးဆက်များအနေဖြင့်လူဦးရေသိပ်သည်းမှုကြီးထွားလာရာမှမြို့များဖွံ့ဖြိုးပေါ်ပေါက်ခဲ့သည်။ ငှင်းမြို့များသည်ကုန် သွယ်မှုအချက်အချာကျသောနေရာများဖြစ်လာကာ အင်ပါယာများအဖြစ်သို့တိုးတက်ပြောင်းလဲခဲ့သည်။

**လူနေမှုကွဲပြားမှုဖြစ်ပေါ်ခြင်း**

- အချို့သူများသည်အခြားသူများထက် စိုက်ပျိုးရေးတွင် ပိုမိုဖြစ်ထွန်းအောင်မြင်လာသည်။ အစားအစာများကိုပိုမိုပိုင်ဆိုင်လာခဲ့ကြသည်။ ထို့ကြောင့် ငှင်းတို့သည်အခြားသူများကိုအလုပ်ခန့်အပ်နိုင်သည်။ ထို့နောက်မှလူအဖွဲ့အစည်းများကိုထိန်းချုပ်နိုင်သည့်တန်းခိုးဩဇာအာဏာကြီးသောခေါင်းဆောင်များပေါ်ပေါက်ခဲ့သည်။ ထိုမှတဆင့်ဘုရင့်နိုင်ငံနှင့်အင်ပါယာများဖွံ့ဖြိုးပေါ်ပေါက်ခဲ့သည်။

**လေ့ကျင့်ခန်း**

နေရာအသစ်ရေကြည်ရာမြက်နုရာသို့ရွှေ့ပြောင်းလာသူများသည် မည်သည့်မြစ်များကိုအသုံးပြုခဲ့သည်ကိုကျောင်းသားကျောင်းသူများနှင့်ဆွေးနွေးပါ။ ဥပမာ- (ဧရာဝတီ မြစ်၊ သံလွင်မြစ်၊ မဲခေါင်မြစ်၊ မြစ်နီမြစ် စသည်တို့ဖြစ်ပါသည်။)ကျောင်းသား ကျောင်းသူများအားတစ်ယောက်ချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲတွဲ၍၄င်းမြစ်များများကိုမြေပုံပေါ်တွင်ရှာခိုင်းပါ။

**လေ့ကျင့်ခန်း**

မေးခွန်းများကိုဖြေဆိုရာတွင်အကူအညီလိုအပ်ပါကကျောင်းသားကျောင်းသူများအားအပိုင်း၁.၂(ပထဝီမြေအနေအထား)ကိုပြန်လည်လေ့လာခိုင်းပါ။

***ဖြစ်နိုင်ခြေရှိသောအဖြေ -***

ပထဝီမြေအနေအထားအားဖြင့် အရှေ့တောင်အာရှကိုပြည်မကြီး အရှေ့တောင်အာရှနှင့်ကျွန်းမြေအရှေ့တောင်အာရှဟုခေါ်ကြသည်။လူသားတို့လှုပ်ရှားသွားလာမှုပေါ်အခြေခံပါက လယ်ယာမြေအရှေ့တောင်အာရှ နှင့်ပင်လယ်ပိုင်းအရှေ့တောင်အာရှဟုခေါ်နိုင်သည်။

**လေ့ကျင့်ခန်း**

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

လက်နက်ကိရိယာများ၊ စိုက်ပျိုးရေးတွင်သုံးသောကိရိယာများနှင့် လက်ဝတ်ရတနာများဖြစ်သည်။ ၄င်းတို့ကို စစ်ပွဲ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်အလှအပအတွက်တန်ဆာဆင်ခြင်းနှင့်အမဲလိုက်ခြင်းတို့အတွက်အသုံးပြုသည်။

**ပြန်လည်ဆန်းစစ်ခြင်း**


***အဖြေ -***

အရှေ့တောင်အာရှသည်အိန္ဒိယနိုင်ငံမှ တရုတ်နိုင်ငံအထိကူးသန်းသွားနိုင်သော ကုန်းလမ်းနှင့်ရေကြောင်းလမ်းများပေါ်တွင်တည်ရှိသောကြောင့်ယင်းနိုင်ငံများသို့ ကုန်သွယ်မှုနှင့်အတူတရုတ်နှင့်အိန္ဒိယတို့ယဉ်ကျေးမှုများသည်လည်း အခြားအရှေ့တောင်အာရှနိုင်ငံများသို့ကူးစက်ပျံ့နှံ့လာခဲ့သည်။ သာသနာပြုအဖွဲ့(ဗုဒ္ဓဘာသာ၊ ဟိန္ဒူ မူဆလင်)များလည်းကုန်သည်များနှင့်အတူလိုက်ပါလာခဲ့သည်။

**လေ့ကျင့်ခန်း**

***အဖြေ -***

မြေပုံ(၅)အရှေ့တောင်အာရှအနှစ်ချုပ်ဖော်ပြချက်



| အင်ပါယာ | a. | b. | c. | d. |
|---|---|---|---|---|
| ဖူနန် | ပင်လယ်ပိုင်း | အိုစီအီးအို(Oc-Eo) သည်အရေးပါဆုံး ဆိပ်ကမ်းမြို့ဖြစ် သည်။ | အေဒီဒုတိယရာစုမှဆဋ္ဌမ ရာစုနှစ်အထိတရုတ်နှင့် အိန္ဒိယကြားကုန်သွယ်ရေး လမ်းကြောင်းပေါ်တွင်တည် ရှိခဲ့သည်။ | ဤဆိပ်ကမ်းမြို့တည်နေရာသည် အချက်အချာကျပြီးကုန်သည်များ တွက်အရိပ်အာဝါသ၊ခိုလှုံခွင့်နှင့် ဆန်စပါးထွက်သောနေရာဖြစ်သည်။ |
| စရီဝိဂျယ | ပင်လယ်ပိုင်း | ပလဲန်ဘန် (Palembang) | ခြောက်ရာစုမှစတင်၍ တရုတ်နိုင်ငံ နှင့်အိန္ဒိယနိုင်ငံတို့ကြားဖြစ်ပေါ်လာ သောပင်လယ်ရေလမ်းကြောင်းသစ်။ | ဆိပ်ကမ်းမြို့သည်မုန်တိုင်းနှင့် ပင်လယ်ဓားမြတို့အန္တရာယ်မှ လုံခြုံမှုရှိစေပြီးကုန်သည်များ အတွက်အစားအစာနှင့်သောက် ရေရနိုင်သောနေရာဖြစ်သည်။ |
| မဂျပါဟစ် | ကုန်းမြေပိုင်း | မဂျပါဟစ် | နိုင်ငံတကာဟင်းခတ်အမွှေးအကြိုင် ကုန်သွယ် ရေးလမ်းကြောင်းနိုင်ငံတ ကာဟင်းခတ်အမွှေးအကြိုင်ကုန်သွယ် ရေးလမ်းကြောင်း။ | (အချက်အလက် အများအပြားမရှိပါ)။ |
| မလက္ကာ | ပင်လယ်ပိုင်း | မလက္ကာ | မလကာရေလက်ကြားကိုဖြတ် သောရေလမ်း(ဆယ့်ငါးရာစု)။ | မလကာဗလီကျောင်းတော် ကြီးအများအပြားသည်မူဆ လင်ကုန်သည်များလာရောက် ရန်လှိုက်လှဲစွာမေတ္တာရပ်ခံသည်။ |
| ခမာ | ကုန်းမြေပိုင်း | မရှိ | အန်ကောမြို့ယိုယွင်းပြီးနောက်ဖနွန်း ပင်မြို့ပေါ်ပေါက်ခဲ့သည်။ ဖနွန်းပင် သည်မဲခေါင်မြစ်တစ်လျှောက်ကုန် သွယ်မှုတည်နေရာတစ်ခုဖြစ်သည်။ | ပထမဆုံးမြို့တော် အန်ကော သည်ကုန်သွယ်မှုအတွက်အချက် အချာကျသောနေရာမဟုတ်ပေ။ |
| ပုဂံ | ကုန်းမြေပိုင်း | မရှိ | ဧရာဝတီမြစ်တွင်လည်းကုန်သွယ်မှု အချို့ပြုလုပ်ခဲ့ဖွယ်ရှိနိုင်သည်။ | ပုဂံမြို့တွင်ဗုဒ္ဓဘာသာဘုန်းတော်ကြီး များနှင့်အုပ်ချုပ်သူဘုရင်ကြားသဘော ထားကွဲလွဲမှုရှိခဲ့သည်။ |

## တိုးချဲ့လေ့ကျင့်ခန်း

ဖြစ်နိုင်ခြေရှိသော ကျောင်းသားကျောင်းသူများအား အုပ်စုဖွဲ့ရှေးခေတ်အင်ပါယာများအနက် တစ်ခုအကြောင်းကိုသုတေသန လုပ်ခိုင်းပါ။ ထို့နောက်၎င်းတို့တွေ့ရှိချက်များကို အတန်းရှေ့တွင်တင်ပြခိုင်းပါ။ ယခင်ဇယားကွက်၏ဒေါင်လိုက်အကွက် (d) ထဲတွင် အချက်အလက်အချို့ထည့်သွင်းပေးထားသည်။

## ၂။ (၇) ရှေးခေတ်အရှေ့တောင်အာရှသားများ၏အင်ပါယာများ

### ကြိုတင်လေ့လာခြင်း

ကျောင်းသားကျောင်းသူများသည်၎င်းမေးခွန်းများ၏ အဖြေကိုသိရှိလိမ့်မဟုတ်ချေ။ နောက်လာမည့်စာမျက်နှာများတွင်ပေးထားသောအကြောင်းအရာများကိုလေ့လာသော်သိရှိလိမ့်မည်။ သို့သော်မလေ့လာမီတွင်၎င်းတို့ထင်မြင်ချက်ကိုထုတ်ဖော်ပြောဆိုစေပြီး သင်ပုန်းပေါ်တွင်ချရေးပေးပါ။

### တိုးချဲ့လေ့ကျင့်ခန်း

ကျောင်းသားကျောင်းသူများကိုအုပ်စုခွဲပါ။ထို့နောက်တစ်အုပ်စုစီကိုပေးထားသော ရှေးခေတ်ဘုရင့်နိုင်ငံတစ်နိုင်ငံ သို့မဟုတ်နှစ်နိုင်ငံအကြောင်းကိုလေ့လာခိုင်းပါ။ လေ့လာဆွေးနွေးပြီးသော်၎င်းတို့စာအုပ်များကိုဘောဖယ်ထားခိုင်းပါ။ထို့နောက်အုပ်စုတစ်စုကိုအခြားတစ်စုနှင့်ပေါင်းပြီး ၎င်းတို့လေ့လာခဲ့သည့်အကြောင်းအရာများကိုအပြန်အလှန်ရှင်းပြခိုင်းပါ။ ရနိုင်သောအချိန်ပေါ်မူတည်၍ ပေးထားသောရှေးခေတ်ဘုရင့်နိုင်ငံအားလုံးအကြောင်းကို ရှင်းပြပြီးသည့်အထိအခြားအုပ်စုများလည်း နားထောင်ပြီးသည့်အထိ တစ်စုနှင့်အခြားတစ်စုတို့ကို ပေါင်းကာအပြန်အလှန်ဆက်လက်ရှင်းပြခိုင်းပါ။

အတန်းထဲတွင် သို့မဟုတ် အိမ်စာအဖြစ်ကျောင်းသားကျောင်းသူများသည်အကြောင်းအရာအားလုံးကိုပြန်လည်လေ့လာနိုင်သည်။

**လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများကိုအုပ်စုခွဲ၍ အကြောင်းအရာတစ်ခုစီဖတ်ခိုင်းပါ။ (ဖတ်ခဲ့ပြီးသောအကြောင်းအရာကိုပြန်မဖတ်မိစေပါနှင့်)။ ထို့နောက်သင်ပုန်းပေါ် (သို့) စာရွက်အကြီးတစ်ရွက်ပေါ် အချိန်အလျားပြမျဉ်းလိုင်းတစ်ကြောင်းရေးထားပါ။

ကျောင်းသားကျောင်းသူအုပ်စုအားလုံးသည်မိမိတို့ ဖတ်သောစာပိုဒ်ရှိအချက်အလက်များကို အချိန်အလျားပြမျဉ်းလိုင်းတစ်ခုပေါ်တွင်သွားရေးရမည်။ ထို့နောက်အုပ်စုအားလုံး၏အချက်အလက်များကို တစ်တန်းလုံးအတွက်အချိန်အလျားပြမျဉ်းလိုင်းပေါ်တွင်ပြန်လည်စုစည်းတင်ပြပါ။

ကျောင်းသား ကျောင်းသူများအား မျဉ်းလိုင်းပေါ်တွင် စုစည်းထားသောရှေးခေတ် အရှေ့တောင်အာရှ၏ ဖြစ်ရပ်အမျိုးမျိုးအကြောင်းကိုအုပ်စုဖြင့်ဆွေးနွေးခိုင်းပါ။အချို့ကျောင်းသားကျောင်းသူများသည် ဖြစ်ရပ်အမျိုးမျိုး (သို့) အင်ပါယာများအကြောင်းကို ဆွေးနွေးကြလိမ့်မည်။

***ဥပမာ -***

ဗီယက်နမ်များသည် မြန်မာနိုင်ငံမြောက်ပိုင်းသို့ မြန်မာလူမျိုးများအခြေချနေထိုင်လာခဲ့သည့် အချိန်ခန့်လောက်လက်ရှိဗီယက်နမ်နိုင်ငံ မြောက်ဘက်ပိုင်းသို့ရွှေ့ပြောင်းလာသည့်အချိန်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် ချမ်ပါမြို့ကိုတည်ထောင်ပြီးမကြာမီပင် ရခိုင်လူမျိုးတို့လည်း ဓညဝတီမြို့ကိုတည်ထောင်ခဲ့သည်။

နန်ဇိုလူမျိုးမှ ပျူမြို့တော်ကိုဝင်ရောက်စီးနင်းပြီးနောက် ဗမာလူမျိုးသည်ပုဂံမြို့ကိုတည်ထောင်ခဲ့သည်။

**တိုးချဲ့လေ့ကျင့်ခန်း**

လေ့လာခဲ့ပြီးသောအကြောင်းအရာများကို အခြေခံ၍ကျောင်းသားကျောင်းသူများအား နိုင်ငံတစ်နိုင်ငံစီအတွက်အနည်းဆုံး မေးခွန်းတစ်ခုထုတ်ခိုင်းပြီးစာရွက်ကလေးပေါ်တွင်ရေးခိုင်းပါ။ ရေးသားပြီးပါကငင်းမေးခွန်းများကို အခြားကျောင်းသူကျောင်းသားများထံသို့ဖြန့်ဝေပါ။ ထို့နောက်အချင်းချင်းမေးခွန်းများကိုဖြေဆိုခိုင်းပါ။ ထိုသို့စတင်နိုင်ရန်အတွက်ကျောင်းသားကျောင်းသူများအားအောက်ပါ ဥပမာသုံးခုလုပ်ပြပါ။

ပျူမြို့ တော်ကိုမည်သူကဝင်ရောက်ဖျက်ဆီးခဲ့သနည်း။ (အဖြေ - နန်ဇိုလူမျိုး)

ထိုင်းလူမျိုးများသည် ထိုင်းနိုင်ငံသို့ မည်သည့်အချိန်တွင်ရောက်ရှိလာခဲ့သနည်း။ (အဖြေ - ဆယ်သုံးရာစု)

ပထဆုံးခမာဘုရင်နိုင်ငံအမည်ကိုဖော်ပြပါ။ (အဖြေ - ချန်လန်)

## လေ့ကျင့်ခန်း

***အဖြေ -***

စာပိုဒ်(A) (B) မှ (D)အထိရှိသောအခြားစာပိုဒ်များသည် အင်ပါယာအမျိုးမျိုးအကြောင်းအနည်းငယ်ကိုသာ ဖော်ပြထားပြီးအကြောင်းအရာတစ်ခုလုံးကိုခြုံငုံရေးသားထားခြင်းမဟုတ်ချေ။

**တိုးချဲ့လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများအားရှေးခေတ်အရှေ့တောင်အာရှအကြောင်းကိုအချိန်ဆယ့်ငါးမိနစ်ကြာရေးခိုင်းပါ။ ၄င်းတို့စိတ်ကြိုက်ရေးသားနိုင်သလိုသို့မဟုတ်ခေါင်းစဉ်အချို့အားလဲအကြံပေးနိုင်သည်။ ၄င်းခေါင်းစဉ်များမှာကုန်းမြေပိုင်းနှင့်ပင်လယ်ပိုင်း၊ ဘုရင့်နိုင်ငံများ၊ကုန်သွယ်မှု၊ဘာသာရေးစသည်ဖြင့်အကြံပြုနိုင်သည်။ သင်ဖတ်တတ်သောဘာသာစကားများဖြစ်ပါက ကျောင်းသားကျောင်းသူများအားမည်သည့်ဘာသာစကားနှင့်မဆို ရေးသားခိုင်းနိုင်သည်။

## ၂။ (၈) အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ

### ကြိုတင်လေ့လာခြင်း

မေးခွန်းနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများ ထင်မြင်ချက်ကိုထုတ်ဖော်ပြောခိုင်းပါ။ ခန့်မှန်းပြောဆိုခြင်းဖြစ်သောကြောင့် မည်သည့်အရာမဆိုဆန္ဒရှိသမျှထုတ်ပြောနိုင်ပါသည်။ဤအပိုင်းကိုလေ့လာပြီးနောက်ကျောင်းသားကျောင်းသူများ အဖြေမှန် မမှန်ပြန်လည်စစ်ဆေးပေးနိုင်သည်။

**ဖြစ်နိုင်ခြေရှိသောအဖြေများ -**

**A.** အရှေ့တောင်အာရှပေါ်တရုတ်နှင့်အိန္ဒိယနိုင်ငံတို့ ဩဇာလွှမ်းမိုးမှုရှိရခြင်းမှာ ဥရောပနှင့်တရုတ်နိုင်ငံတို့ကြားတွင်သာမက အိန္ဒိယနှင့်တရုတ်နိုင်ငံတို့ကြားတွင်ရှိသော ကုန်သွယ်ရေးလမ်းကြောင်းအများစုသည်အရှေ့တောင်အာရှကိုဖြတ်ကျော်သွားသောကြောင့်ဖြစ်သည်။ ၎င်းကုန်သွယ်ရေးလမ်းကြောင်းများတွင် ကုန်လမ်းနှင့်ရေလမ်းနှစ်ခုလုံးပါဝင်သည်။ နောက်ထပ်အကြောင်းရင်းတစ်ချက်မှာ အရှေ့တောင်အာရှလူမျိုးအများစုသည်တရုတ်နိုင်ငံမှ ရွှေ့ပြောင်းလာခဲ့ကြသည်။ ရွှေ့တောင်အာရှသို့မရောက် လာမီ၎င်းလူမျိုးအချို့ပေါ်တရုတ်များဩဇာလွှမ်းမှုရှိပြီးသားဖြစ်သည်။ ၎င်းလူမျိုးတို့သည်အရှေ့တောင်အာရှတွင်ကိုယ်ပိုင်နိုင်ငံများမတည်ထောင်မီနှစ်ရာပေါင်းများစွာကြားတရုတ်လူမျိုးများနှင့်ထိတွေ့မှုရှိခဲ့သည်။

**B.** အိန္ဒိယနိုင်ငံသည်ဘာသာအယူဝါဒအားဖြင့် အရှေ့တောင်အာရှပေါ်အများဆုံးဩဇာလွှမ်းမိုးမှုရှိသည်။ အဓိကဘာသာယူဝါဒကြီးနှစ်ခုဖြစ်သောဟိန္ဒူနှင့်ဗုဒ္ဓဘာသာတို့သည်အိန္ဒိယနိုင်ငံမှပျံ့နှံ့လာခဲ့သည်။ အစ်စလမ်ဘာသာသည်အိန္ဒိယနိုင်ငံတွင်မပေါ်ပေါက်ခဲ့သော်လည်းအိန္ဒိယမှတစ်ဆင့်အရှေ့တောင်အာရှသို့ပျံ့နှံ့လာခဲ့သည်။ ထို့အပြင်အခြားဩဇာလွှမ်းမိုးမှုများမှာစာရေးသားနည်း၊ အစားအစာ၊ အဝတ်အစားနှင့် နိုင်ငံရေးစနစ်(အထွတ်အထိပ်ဘုရင်စနစ်)တို့ဖြစ်သည်။ တရုတ်နိုင်ငံသည် ဘာသာစကားအားဖြင့်အရှေ့တောင်အာရှပေါ်ဩဇာလွှမ်းမိုးမှုရှိသည်။ အရှေ့တောင်အာရှလူမျိုးအချို့ဘာသာစကားများသည်တရုတ်နိုင်ငံတွင်သုံးသောဘာသာစကားကဲ့သို့ပင်တူညီသောမျိုးရိုးဘာသာစကားမှဆင်းသက်လာသည်။ရွှေ့တောင်အာရှနိုင်ငံအချို့သည်တရုတ်နိုင်ငံမှစတင်ခဲ့သောမဟာယာနဗုဒ္ဓဘာသာကိုကိုးကွယ်ကြသည်။ ယဉ်ကျေးမှုပိုင်းဆိုင်ရာဩဇာလွှမ်းပိုမှုအချို့မှာ ကွန်ဖူးယဉ်ကျေးမှုဖြစ်သည်။ ထို့အပြင်တရုတ်နိုင်ငံသည် ကုန်သွယ်မှုမှတဆင့် အရှေ့တောင်အာရှပေါ် ကြီးမားသောစီးပွားရေး ဆိုင်ရာဩဇာလွှမ်းမိုးမှုအမြဲတမ်းရှိသည်။

**C.** အိန္ဒိယနိုင်ငံဩဇာလွှမ်းမိုးမှုခံရသော နိုင်ငံများတွင်မြန်မာ (အိန္ဒိယနိုင်ငံနှင့်နယ်နိမိတ် ထိစပ်သည့်တစ်ခုတည်းသောနိုင်ငံ) အင်ဒိုနီးရှား၊မလေးရှားနှင့်ကမ္ဘောဒီးယားတို့ပါဝင်သည်။ တရုတ်နိုင်ငံဩဇာလွှမ်းမိုးမှုအများဆုံးခံရသောနိုင်ငံမှာဗီယက်နမ်နိုင်ငံဖြစ်သည်။

**D.** ယနေ့တွင်တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် အရှေ့တောင်အာရှဒေသပေါ်အလွန့်အလွန်ဩဇာလွှမ်းမိုးမှုရှိသည်။ ယနေ့ခေတ်ဩဇာလွှမ်းမိုးမှုများမှာအများအားဖြင့်နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာဩဇာလွှမ်းမိုးမှုဖြစ်သည်။ အိန္ဒိယနှင့်တရုတ်နိုင်ငံစလုံးမှသန်းချီသောရွှေ့ပြောင်းနေထိုင်သူများသည်လက်ရှိအရှေ့တောင်အာရှတွင်နေထိုင်လျက်ရှိသည်။ဒေသတွင်းနိုင်ငံအားလုံးသည် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့်ကျယ်ကျယ်ပြန့်ပြန့်ကုန်သွယ်မှုပြုလုပ်ကြသည်။ တရုတ်နိုင်ငံသည်၎င်းနှင့် နယ်နိမိတ်ထိစပ်သည့်ဆင်းရဲသောအရှေ့တောင်အာရှနိုင်ငံအချို့တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပြီး၎င်းနိုင်ငံတို့စီးပွားရေးကိုကြီးစိုးလျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံအချို့အစိုးရသည်တရုတ်နှင့်အိန္ဒိယနိုင်ငံတို့ကူညီထောက်ပံ့မှုရရှိရန်အတွက် နည်းလမ်းရှာဖွေပြီး၎င်းထောက်ပံမှုပေါ်အမှီသဟဲပြုလေ့ရှိသည်။ ပြည်ပကြီးအရှေ့တောင်အာရှပေါ်တရုတ်နိုင်ငံ သဘာဝတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုသည်အလွန်ပင်ကြီးမားသည်။ အဘယ်ကြောင့်ဆိုသော်မဲခေါင်၊ သံလွင်၊ မြစ်နီမြစ်ကဲ့သို့သော်အရှေ့တောင်အာရှမြစ်ကြီးအများစုသည် တရုတ်နိုင်ငံတွင်မြစ်ဖျားခံနေသောကြောင့်ဖြစ်သည်။ ထို့အပြင်လူသန်းရာပေါင်းများစွာစားဝတ်နေရေးသည်၎င်းမြစ်များပေါ်မူတည်သည်။

**E.** ဟာရာပန်လူမှုတိုးတက်မှုကို ကျောင်းသားကျောင်းသူအများစု ကြားဖူးလိမ့်မည်မဟုတ်ချေ။ အချိန်ရနိုင်ပါက၎င်းလူမှုတိုးတက်မှုသည်အဘယ့်ကြောင့်ထူးခြားမှုရှိကြောင်း(သို့)စိတ်ဝင်စားဖွယ်ကောင်းကြောင်းကိုစဉ်းစားခိုင်းပါ၊

**လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများအား တစ်ယောက်ချင်း၊ နှစ်ယောက်တစ်တွဲ (သို့) အုပ်စုဖွဲ့ မြေပုံပေါ်တွင်ရှာခိုင်းပါ။

***အဖြေ -***

**A.** အိန္ဒိယနှင့်နယ်နိမိတ်ထိစပ်သောအရှေ့တောင် အာရှနိုင်ငံမှာမြန်မာနိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံနှင့်နယ်နိမိတ်ထိစပ်သော အရှေ့တောင် အာရှနိုင်ငံမှာ မြန်မာ၊ လာအိုနှင့် ဗီယက်နမ်တို့ဖြစ်ကြသည်။

**B.** တရုတ်နှင့်အိန္ဒိယနိုင်ငံကြားတွင်မတူညီသော ကုန်သွယ်ရေးလမ်းကြောင်းအချို့ရှိသည်။ ၎င်းတို့အကြောင်းကိုနောက်ပိုင်းတွင် လေ့လာရမည်ဖြစ်သည်။ သို့သော် ကျောင်းသားကျောင်းသူများအား ဤမေးခွန်းကိုခန့်မှန်းဖြေဆိုခိုင်းပါ။

**C.** တရုတ်နိုင်ငံသည် အိန္ဒိယ၊ နီပေါ၊ ဘူတန်၊မြောက်ကိုရီးယား၊ မွန်ဂိုးလီးယား၊ ရုရှား၊ ခဆန်စတန်၊ တန်ဂျစ်ကစ်စတန်၊ ခီယိုရေ စတန်၊ပါကစ်စတန်တို့နှင့်နယ်နိမိတ်ထိစပ်သည်။ အိန္ဒိယနိုင်ငံသည် ပါကစ်စတန်၊ တရုတ်၊ နီပေါ၊ ဘူတန်၊ သီရိလင်္ကာနိုင်ငံတို့နှင့်နယ် နိမိတ်ထိစပ်သည်။

## အိန္ဒိယနိုင်ငံ

**ကြိုတင်လေ့လာခြင်း**

ကျောင်းသားကျောင်းသူများသည်အိန္ဒိယနိုင်ငံအတိတ်ဖြစ်ရပ်များ၊ လက်ရှိအချိန်ကာလဖြစ်ရပ်များ၊ စီးပွားရေး၊ နိုင်ငံရေး (သို့) ယဉ်ကျေးမှုကဲ့သို့သောရှုထောင့်တစ်ခုခုကိုတင်ပြဆွေးနွေးလာနိုင်ဖွယ်ရှိသည်။

**လေ့ကျင့်ခန်း**

**ဖြစ်နိုင်ခြေရှိသောအဖြေ -**

**A.** အတိုချုံးရေးသားရသော်အချိန်တိုတိုနှင့်အကျိုးများများဖြစ်ထွန်းသော စိုက်ပျိုးရေးနည်းပညာများဖွံ့ဖြိုးလာသောကြောင့် ယခင်နှင့်နှိုင်းယှဉ်လျှင်အရွယ်အစားတူညီသော မြေတစ်ကွက်ဖြစ်သော်လည်းပိုမိုများလာသောလူဦးရေကိုကျွေးမွေးနိုင်သည်။ ဤသို့ဖြင့် လူဦးရေသိပ်သည်းမှုများပြားလာသည်။ တစ်ချိန်တည်းမှာပင်အစားအစာပိုလျှံမှုကြောင့်ကုန်သွယ်မှုအမျိုးမျိုးပြုလုပ်ခြင်း၊အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများဖြစ်သောအိုးလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ သတ္တုလုပ်ငန်းအစရှိသည့်သီးခြားတတ်ကျွမ်းမှုများလည်း တိုးတက်အောင် မြင်လာခဲ့သည်။

**B.** ပိုမိုအဆင်ပြေသောပုံသဏ္ဌာန်ဖြစ်လာရန် ကျောက်တုံးထက် ကြေးညိုကို ပိုမိုလွယ်ကူစွာပုံသွင်းနိုင်သည်။ ထို့အပြင်ကျောက် တုံးထက်ပိုမိုကောင်းမွန်စာချွန်ထက်နိုင်သည်။ ကြေးညိုသည်ပိုပေါ့ပါးသောကြောင့်ကြေးညိုလက်နက်ကိုင်ဆောင်ထားသောသူသည်ပိုမို လျင်မြန်စွာရွေ့ရှားနိုင်သည်။

## လေ့ကျင့်ခန်း

သမိုင်းပညာရှင်များသည် ရှေးဟောင်းသုတေသနဆိုင်ရာ သက်သေအထောက်အထားများဖြစ်သော ရှေးခေတ်နေအိမ်များ အုတ်မြစ်သို့မဟုတ်နံရံအစိတ်အပိုင်းတို့ကိုတွေ့ရှိခဲ့ဖွယ်ရှိသည်။ နှစ်ပေါင်းများစွာကုန်ဆုံးခဲ့သည်ပင်လျှင်မီးဖုတ်ထားသောအုတ်အချို့သည်ပကတိအတိုင်းကျန်ရှိနိုင်ခဲ့ဖွယ်ရှိသည်။

ရှေးဟောင်းသုတေသနပညာရှင်များသည် ကျယ်ပြန့်သောနေရာတစ်ခုကိုတူးဖော်သောအခါနံရံများနှင့် အဆောက်အအုံအများအပြားတွေ့ရှိပြီးနောက်၎င်းမြို့ပုံသဏ္ဍာန်ကိုတိုင်းတာကာ မြေပုံရေးဆွဲခဲ့သည်။ ထိုသို့တိုင်းတာရေးဆွဲရာတွင် အဆောက်အဦးတစ်ခုအတွင်းဂျုံစေ့အချို့တွေ့ရှိခဲ့ဖွယ်ရှိသည်။ ထို့ကြောင့် ၎င်းအဆောက်အဦးကို သိုလှောင်ရုံအဖြစ်အသုံးပြုခဲ့ဖွယ်ရှိသည်ဟုအဆိုပြုနိုင်သည်။

### ဆွေးနွေးခန်း

မိုဟာဂျိုဒါရိုမြို့ကိုတည်ထောင်ပြီး၎င်းမြို့တွင်လူများမှီတင်းနေထိုင်သောအချိန့်အခြားနေရာများရှိလူမှုတိုးတက်မှုသည် ခေတ်မီမှုသိပ်မရှိသေးပေ။ အခြားအခြေကျသောနေရာအများစုသည်စနစ်တကျ တည်ဆောက်ထားသောနေရာများမဟုတ်ပေ။ သို့သော် လူဦးရေးတိုးပွားလာသဖြင့် အိမ်များပိုမိုဆောက်လုပ်လာရာမှ ၎င်းနေရာများကြီးထွားလာခဲ့သည်။ ၎င်းအခြေကျနေရာအများစုတွင်ရေနုတ်မြောင်းစနစ်မရှိပေ။

### ကြိုတင်လေ့လာခြင်း

ယိုယွင်းပျက်စီးခဲ့သောလူမှုတိုးတက်မှုများကို ကျောင်းသားကျောင်းသူများသိနိုင်ဖွယ်ရှိမည်။သို့မဟုတ်သိလိမ့်မည်မဟုတ်ပေ၊ ၎င်းလူမှုတိုးတက်မှုအချို့မှာမက်က္ကဆီကိုနိုင်ငံရှိ ယူကန်တန်ကျွန်းဆွယ်တွင်ရှိသော မားယပ်၊ ပစ္စိဖိတ်သမုဒ္ဒထဲရှိ ဟဲဒန်စန်နှင့်ပစ်ခရန်ကျွန်းစုပေါ်တွင်ရှိသောပေါလနီးရှားလူ့အဖွဲ့အစည်းများ၊အမေရိကန်အနောက်တောင်ပိုင်းရှိအနဆားဇီ၊ဖာတိုင်းခရီးစန့်ရှေးဟောင်းလူ့အဖွဲ့အစည်းများ၊ အန်ကောဝတ်ရှိခမာ၊ ပီရူးနိုင်ငံမိုးချ်လူ့အဖွဲ့အစည်း၊ အီဂျစ်လူမျိုးများအာရှတိုက်အင်ပါယာ၊ တရုတ်နိုင်ငံဟန်နှင့်တန်မင်းဆက်များ၊ မူဆလင်အဘစ်စေ့ခယ်လီဖိတ်၊ ဥရောပတိုက်အနှံ့ရောမအင်ပါယာများ၊ပါစီးယားရှိမက်စိုမိုတေးမီးယား အင်ပါယာနှင့် အာဖရိကအနောက်ပိုင်းရှိ မယ်လီ၊ စွန်ဟိုင်းနှင့် ဂါနာတို့ဖြစ်ကြသည်။

အဘယ့်ကြောင့် လူမှုတိုးတက်မှုများယိုးယွင်းခဲ့သည်ကို ကျောင်းသားကျောင်းသူများအား စဉ်းစားတွေးခေါ်ခိုင်းပါ။

## *ဖြစ်နိုင်ခြေရှိသောအဖြေများ -*

စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များ၊ သယံဇာတများကုန်ခန်းသွားခြင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု သို့မဟုတ် ပျက်စီးခြင်း၊ လူဦးရေအလွန့် အလွန်များပြားခြင်း။

| လေ့ကျင့်ခန်း |
| --- |
| *အဖြေ -* |

**A.** အဲရီယန်လူမျိုးများသည် လှည့်လည်နေထိုင်သူများဖြစ်ပြီး အများအားဖြင့် ကျွဲနွား တိရစ္ဆာန်များ မွေးမြူခြင်းဖြင့် လုပ်ကိုင်စား သောက်ကြသည်၊ ဟာရာပန်လူမျိုးများသည် အခြေကျသောနေရာများတွင်နေထိုင်ပြီး စိုက်ပျိုးရေးဖြင့် လုပ်ကိုင်စား သောက်ကြသည်။

**B.** ကျောင်းသားကျောင်းသူများသည် အဓိကအကြောင်းရင်းသုံးခုကို ကိုယ်ပိုင်စကားကိုအသုံးပြု၍ အတိုချုံးရမည်။

၁. ရေလွှမ်းမိုးမှုကြောင့် လူများသေဆုံးခဲ့ကြပြီး အခြားနေရာများသို့ထွက်ခွာခဲ့ကြသည်။ သစ်ပင်အများအပြားခုတ်လှဲခံရပြီး နောက်မြေတိုက်စားခြင်းခံရပြီး ရေလွှမ်းမိုးမှုဖြစ်လာသည်။

၂. အဲရီယန်နှင့် ဟာရာပန်ကြား စစ်ပွဲ။

၃. မြေငလျင်လှုပ်ရှားမှုများကြောင့် ရေစီးလမ်းကြောင်းပြောင်းလဲခဲ့ဖွယ်ရှိသည်။

## ကြိုတင်လေ့လာခြင်း

ကျောင်းသားကျောင်းသူများသည် ဤအခန်းတွင်လေ့လာခဲ့ပြီးသည့် အကြောင်းအရာပေါ်အခြေခံ၍ မေးခွန်းများကိုဖြေဆိုနိုင်ရမည်။

***အဖြေ -***

လူတန်းစားဆိုသည်မှာ လူတို့အလုပ်အကိုင်၊ ပညာရေး၊ အာဏာနှင့် ပိုင်ဆိုင်မှုပမာဏ (ငွေ၊ မြေ၊ အိမ်နှင့် အခြားပစ္စည်း)တို့အ ခြေခံထားသောလူအဖွဲ့အစည်းအလွှာများဖြစ်သည်။ ထိပ်တန်းပိုင်းတွင် ချမ်းသာဆုံးနှင့် အာဏာအရှိဆုံးလူများနှင့် အောက်ခြေပိုင်းတွင် ပညာမရှိသောလူဆင်းရဲများကိုထားရှိခြင်းဖြင့် လူတန်းစားများကို စနစ်တစ်ခုအဖြစ်ဖွဲ့စည်းလေ့သည်။ လူတန်းစားစနစ်သည် တစ်နေရာ နှင့်အခြားတစ်နေရာပေါ်မူတည်၍ ကွဲပြားပြီး ၎င်းတို့ကို မတူညီသောအမည်အမျိုးမျိုးဖြင့် သို့မဟုတ် အမည်လုံးဝမရှိဘဲ ခေါ်ကြသည်။

လူတန်းစားစနစ်အကြောင်းတွင်ဖော်ပြထားသည့်အတိုင်းအရှေ့တောင်အာရှတွင် သုံးလွှာရှိသောလူတန်းစားစနစ်သာရှိသည်။ ယခုအခါ ကျောင်းသားကျောင်းသူများသည် အိန္ဒိယနိုင်ငံ လူတန်းစားစနစ်ကို လေ့လာရမည်ဖြစ်သည်။

**လေ့ကျင့်ခန်း**

***ဖြစ်နိုင်ခြေရှိသောအဖြေ -***

အိန္ဒိယနိုင်ငံတွင်ဇာတ်လေးမျိုးရှိခဲ့သည်။ အမြင့်ဆုံးဇာတ်တွင် တရားဟောဆရာဖြစ်သောပြဗ္ဗာများရှိသည်။ ဒုတိယအမြင့်ဆုံးဇာတ် တွင်မင်းမျိုးမင်းနွယ်(သို့)ဆွေးကြီးမျိုးကြီး(Kashtriya)။ တတိယဇာတ်တွင် ဗေရှယျနှင့်စတုတ္ထဇာတ်တွင် ကျွန်များဖြစ်သော စူတြာများရှိကြသည်။ ၄င်းဇာတ်လေးမျိုးအောက်တွင်ထိတွေ့မသင့်သောအပယ်ခံလူတန်းစားတစ်မျိုးလည်းရှိသည်။ ၄င်းတို့သည်လူ့အဖွဲ့အစည်းအပယ်ခံလူများဖြစ်ပြီး ၄င်းတို့ဘဝသည်လည်းအလွန်ပင်ခဲယဉ်းကြမ်းတမ်းသည်။ ၄င်းလူတန်းစားများသည်ပြောင်းလွယ်ပြင်လွယ်သောအနေအထားတွင်မရှိသောကြောင့်အကယ်၍သင်သည်လူတန်းစားတစ်မျိုးမှမွေးဖွားလာပါကအခြားတစ်မျိုးသို့ပြောင်းလဲနိုင်ခွင့်မရှိပေ။

ကျောင်းသားကျောင်းသူဆွဲသော ပုံများသည်ခြားနားလိမ့်မည်။သို့သော် လူတန်းစားများမပြောင်းလဲနိုင်သော အခြေအနေနှင့် စူတြာတို့ထက်အပယ်ခံလူများပိုများရမည်။ ဗေရှိယျထက် စူတြာပိုများရသည်စသည်ဖြင့် ပုံထဲတွင်ထည့်သွင်းဖော်ပြရမည်။

**ဆွေးနွေးခန်း**

ကျောင်းသားကျောင်းသူများနှင့်အတူတကွ ဆွေးနွေးပါ။ အိန္ဒိယနိုင်ငံတွင် သီးသန့်လူတန်းစားစနစ်ကို တရားဝင်ပိတ်ပင်လိုက်ပြီးဖြစ်သော်လည်းဎင်းစနစ်သည်လက်ထပ်ထိမ်းမြားခြင်း၊ အလုပ်ခန့်အပ်ခြင်းနှင့်နိုင်ငံရေးကဲ့သို့သောနယ်ပယ်များတွင် အရပ်သားပြည်သူတို့နေထိုင်မှုဘဝပေါ်များစွာ အကျိုးသက်ရောက်မှုရှိနေသေးသည်။ အဆင့်ပိုမြင့်သောလူတန်းစားများသည်အများအားဖြင့်အာဏာရှိသောလူများဖြစ်သည်။ ထို့ကြောင့်အထောက်အပံ့များရရှိရန်နှင့်အခွင့်အရေးများကိုရဲရဲတင်းတင်းရယူရန် အနိမ့်ဆုံးလူတန်းစားများ အထူးသဖြင့် အပယ်ခံလူတန်းစားအတွက် အလွန်ပင်ခဲယဉ်းသည်။ အိန္ဒိယနိုင်ငံမှအမေရိကန်နှင့်ဗြိတိသျှကဲ့သို့သော နေရာများသို့ရွှေ့ပြောင်းလာသူသည်သီးသန့်လူတန်းစားစနစ်ကိုယူဆောင်လာခဲ့ကြသည်။ အခြားသောနေရာများတွင်သီးသန့်လူတန်းစား သို့မဟုတ်တင်းကြပ်သောလူတန်းစားစနစ်သည် မှေးမှိန်သွားနေပြီးလူတို့နေထိုင်မှုဘဝပေါ်အကျိုးသက်ရောက်မှုလျော့နည်းလာသည်။

**လေ့ကျင့်ခန်း**

***အဖြေ -***

| ဤချိန်ကာလ | ရစ်ဗီဒစ်အစောပိုင်း | နောက်ပိုင်း | ရစ်ဗီးဒစ်အဆုံးပိုင်း |
|---|---|---|---|
| ဇာတ်များနှင့် လူတန်းစား | ဆွေကြီးမျိုးကြီး | ဆွေကြီးမျိုးကြီး၊ အရပ်သူအရပ်သားများနှင့်ဒစတ် | ဗြမ္မာ၊ ခရှာတြီယျ၊ ဗေရှ်ယျ၊ စူကြာနှင့် အပယ်ခံ |
| အပြောင်းအလဲ | ပြောင်းလွယ်ပြင်လွယ်သော | အနည်းငယ်ပြောင်းနိုင် | လုံးဝမပြောင်းလဲနိုင်သော |

**တရုတ်နိုင်ငံ**

**လေ့ကျင့်ခန်း**

**A.** ရှေးဟောင်းသုတေသနပညာရှင်များသည် လူသားအခြေချနေထိုင်သောနေရာများ ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

**B.** ဎင်းလူမှုတိုးတက်မှုနှစ်ခုစလုံးသည် စိုက်ပျိုးရေးကို အခြေခံသည့်တည်တံ့သောအခြေကျနေထိုင်မှုများဖြစ်သည်။ ဎင်းတို့နှစ်ခုစလုံးသည်မြစ်ကြီးများအနီးအနားတွင်တည်ရှိသည်။

**လေ့ကျင့်ခန်း**

***အဖြေ -***


**A.** ရှယား၊ ရှန်၊ ဇို၊ ဂျင်နှင့် ဟန်

**B.** အင်ဒတ်စ်မြစ်ဝှမ်းလူမှုတိုးတက်မှုဖြစ်ထွန်းစည်ပင်နေသည်။

**လေ့ကျင့်ခန်း**

***အဖြေ -***

ယန်ရှအိုလူမျိုးများသည် မြစ်ဝါမြစ်တစ်လျှောက် အခြေချနေထိုင်လာခဲ့ကြသည်။ ထို့အပြင် နောက်ပိုင်းဝေမြစ်တစ်လျှောက်တွင်လည်းနေထိုင်လာခဲ့ကြသည်။ လွန်ရှမ်းလူမျိုးများသည် ၄င်းနေရာတွင်သာနေထိုင်ခဲ့ကြသည်။ ၄င်းတို့သည် မြစ်ဝါမြစ်ထက်ဝေမြစ်တစ်လျှောက်တွင်ပို၍နေထိုင်ခဲ့ကြသည်။ ရှန်လူမျိုးများသည် ဝေမြစ်ဝှမ်းရွှေ့ပြောင်းလာခဲ့သည်။




**ဆွေးနွေးခန်း**

***အဖြေ -***

**A.** ရှေးခေတ်တရုတ်လူမျိုးများသည်အများအားဖြင့်ဆန်စပါးနှင့်ကောက်နှံပင်များကိုစိုက်ပျိုးပြီးပိုးမျှင်များကိုထုတ်လုပ်သော်လည်းဟာရာပန်လူမျိုးများသည် ဂျုံပင်နှင့်ဝါဂွမ်းပင်များစိုက်ပျိုးကြသည်။ ၄င်းတို့နှစ်စု ကိုးကွယ်ယုံကြည်မှုသည် မတူညီကြပေ။

**B.** စိုက်ပျိုးမွေးမြူရေး - ၄င်းလူမှုတိုးတက်မှုနှစ်ခုသည်မြစ်ကြီးတစ်မြစ်ကိုအခြေပြုစတင်ခဲ့သည်။ ကမ္ဘာပေါ်ရှိရှေးအကျဆုံးလူမှုတိုးတက်မှု အချို့ရှိသည်။

**C.** လူမှုတိုးတက်မှုနှစ်ခုစလုံးသည် အချိန်ကာလတစ်ခုကြာမြင့်စွာဖွံ့ဖြိုးတိုးတက်ကာ အဆင့်မြင့်သောတိုးတက်မှုအတိုင်းအတာတစ်ခုအထိရောက်ရှိခဲ့သောကြောင့် မည်သည့်လူမှုတိုးတက်မှုသည် ပိုမိုခေတ်မီတိုးတက်သည်ကိုအတည်ပြုရန်ခဲယဉ်းသည်။ သို့ရာတွင် ဟာရာပန်လူမှုတိုးတက်မှုဖျက် ဆီးခံရပြီးနောက်ကျူးကျော်လာသူများသည် နောက်ပိုင်း၄င်းဧရိယာတွင် လူမှုတိုးတက်မှုအသစ်များတည်ထောင်ခဲ့သည်။ ထိုအချိန်အတောအတွင်း ရှေးခတ်တရုတ်လူမှုတိုးတက်မှုသည် အနှောင့်အယှက်မရှိဘဲယနေ့အချိန်အထိ ဆက်လက်ရပ်တည်ခဲ့သည်။

**D.** ကျောင်းသားကျောင်းသူများ ထင်မြင်ချက်ပေါ်မူတည်သည်။

**E.** ဟာရာပန်တို့ကိုးကွယ်ယုံကြည်မှုအကြောင်းကို များစွာမရှိရပေ။ သို့သော် အဲရီယန်လူမျိုးများသည် ဟိန္ဒူဘာသာကို ဖွံ့ဖြိုးပေါ်ပေါက်စေခဲ့သည်။ ရှေးခေတ်ဟိန္ဒူဘာသာဝင်များသည် ဟိန္ဒူနတ်ဘုရားအမျိုးမျိုးကို ကိုးကွယ်ယုံကြည်ကြသည်။ ဘတ်ကဗန်ဂီတေကဲ့သို့သော ဟိန္ဒူဘာသာရေးစာအုပ်များတွင် ၄င်းလူမျိုးအကြောင်းနှင့်ပတ်သက်သောဒ္ဒာရီနှင့်ပုံပြင်အမြောက်အများကိုရေးသားထားသည်။ ၄င်းလူမျိုးတို့သည်ဇာတ်နိမ့်ဇာတ်မြင့် လူတန်းစားစနစ်ကိုလည်းကျင့်သုံးခဲ့ကြသည်။ ရှေးခေတ်တရုတ်လူမျိုးများသည် မျိုးရိုးပူဇော်ခြင်းနှင့် သဘာဝနတ်အမျိုးမျိုးတို့ကို ပိုမိုကိုးကွယ်ယုံကြည်ကြသည်။ ထို့အပြင် သေဆုံးသူများ ဝိညာဉ်သည်ရှင်သန်နေပြီး တန်ခိုးကြီးမားသည်ဟူ၍လည်း ယုံကြည်ကြသည်။

## ၂(၉) ဘာသာအယူဝါဒသစ်များ

**ပြန်လည်ဆန်းစစ်ခြင်း**

ထုတ်ကုန်(ကုန်သွယ်မှုအတွက် ကုန်ပစ္စည်းများ)နှင့် ဘာသာအယူဝါဒ

**ဆွေးနွေးခန်း**

ကျောင်းသားကျောင်းသူများအားပေးထားသောဝါကျအချို့ကိုဖတ်ပြီးနောက်လူများသည်အယူဝါဒသစ်များသို့အဘယ်ကြောင့် ကူးပြောင်းရသည်ကိုမေးပါ။ ဤသို့ဖြေဆိုရာတွင် အဖြေအမှားအမှန်မရှိပါ။ ဖြစ်နိုင်ခြေရှိသောအခြေအချို့ကို အောက်တွင်ပေးထားသည်။ သို့သော် ၄င်းအဖြေများကို မဖြစ်မနေသဘောတူရန်မလိုအပ်ပေ။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

- သာသနာပြုအဖွဲ့များနှင့်လှည့်လည်သွားလာသောကုန်သည်များသည် ဘာသာအယူဝါဒသစ်များကို နှစ်သက်ဖွယ်ဖြစ်အောင် မိတ်ဆက်ပေးနိုင်ခဲ့သည်။
- အရှေ့တောင်အရှလူမျိုးသည်ဘာသာအယူဝါဒသစ်များကိုယုံကြည်ကိုးကွယ်ပါက ပိုမိုကောင်းမွန်သောဘဝကိုခံစားရနိုင်ဖွယ် ရှိသည်ဟု ယုံကြည်ကြသည်။
- အများအားဖြင့် ဘာသာအယူဝါဒသစ်များမှတဆင့်နည်းစနစ်ကျသောပညာရေးနှင့် အခြားလူနေမှုအပြောင်းအလဲများစသော ကောင်းကျိုးများကိုဖြစ်ပေါ်စေခြင်းကြောင့်ဖြစ်သည်။
- ဘာသာအယူဝါဒသစ်များကြောင့် နိုင်ငံရေးကောင်းကျိုးရှိလာခြင်းကြောင့်လဲဖြစ်နိုင်သည်။
- ဝိဉာဉ်ကိုးကွယ်သူများသည်ဘာသာအယူဝါဒသစ်ကို လိုက်နာကျင့်သုံးသောအိမ်နီးနားချင်းများ သြဇာလွှမ်းမိုးမှုကိုခံရသော ကြောင့်ဖြစ်သည်။

**ကြိုတင်လေ့လာခြင်း**

သင်ပုန်းပေါ်တွင်ဇယားတစ်ခုဆွဲပြီးကျောင်းသားကျောင်းသူများအားအချက်အလက်များပြောခိုင်း၍၄င်းဇယားကိုဖြည့်ပါ။ ကျောင်းသား ကျောင်းသူများ အဖြေအားလုံးမမှန်သော်လည်းမစိုးရိမ်ပါနှင့်။

ပေးထားသောအကြောင်းအရာများမပြီးမချင်းအဖြေကိုမပြပါနှင့်။ ကျောင်းသားကျောင်းသူများသည်အခြားဘာသာအယူဝါဒ များ သို့မဟုတ် ဤအခန်းတွင်လေ့လာရသော အယူဝါဒများနှင့်ပတ်သက်၍ ထင်မြင်ချက်များတင် ပြနိုင်ဖွယ်ရှိသည်။ ပေးထားသော အကြောင်းအရာကိုကျောင်းသားကျောင်းသူများလေ့လာပြီးနောက်၄င်းတို့ရရှိသောအချက်အလက်များဖြင့် ဇယားကိုပြန်လည်ပြုပြင်ပါ။

အရှေ့အလယ်ပိုင်းခရစ်တော်သည်ဘုရားသခင်သားဖြစ်သည်။ ၄င်းသည်လူသားများကိုအပြစ်မှရွေးနုတ်ကယ်တင် ရာမှသေဆုံးခဲ့ရသည်။ သမ္မာကျမ်းစာသည် ခရစ်ယာန်ဘာသာအတွက် မြင့်မြတ်ဆုံးဖြစ်သည်။ ကမ္ဘာ့ဒေသတိုင်းတွင်ရှိသည်။

| ကိုးကွယ်သည့်ဘာသာ | စတင်သည့်အချိန် | စတင်သည့်နေရာ | အဓိကယုံကြည်ချက်များ | ကိုးကွယ်သူအများစုနေထိုင်သည့်နေရာ |
|---|---|---|---|---|
| ဝိဉာဉ်ကိုးကွယ်မှု | ခန့်မှန်းရန်ခဲယဉ်းသည်။ ဒေသခံယဉ်ကျေးမှုများနှင့်ဖွံ့ဖြိုးပေါ်ပေါက်ခဲ့သည်။ | ကမ္ဘာ့ဒေသအမျိုးမျိုးတွင်သီးခြားစတင်ခဲ့သည်။ | ဘာသာဝအတိုင်းဖြစ်ပေါ်တည်ရှိသောအရာများတွင် ဝိဉာဉ်များရှိပြီးလူသား တို့ရှင်သန်မှု(ဘဝ)ပေါ်ဩဇာလွှမ်းမိုးမှု၊ ထိန်းချုပ်မှုရှိသည်ဟုယုံကြည်ကြသည်။ ဝိဉာဉ်ကိုးကွယ်ယုံကြည်မှုသည်တစ်နေ ရာမှ အခြားတစ်နေရာ၊ လူမျိုးတစ်မျိုးမှ အခြားတစ်မျိုး၊ မျိုးနွယ်တစ်စုမှ အခြားတစ်စုပေါ်မူတည်၍ အလွန်ကွဲပြားကြသည်။လူမှုအသိုင်းအဝိုင်းငယ်လေးတစ်ခုထဲပင်လျှင်ကိုယ်ပိုင်ဝိဉာဉ်ကိုးကွယ်ယုံကြည်မှုအများအပြားရှိသည်။ | အရှေ့တောင်အာရှနှင့်အာဖရိကတွင် အများစု။ တောင်အမေရိကနှင့်ကနေဒါ မြောက်ပိုင်းတွင်အချို့ |
| ဟိန္ဒူ | လွန်ခဲ့သောနှစ်ပေါင်း၃၀၀၀ခန့် | အိန္ဒိယ | ဟိန္ဒူလူမျိုးများသည်နတ်ဘုရား အမျိုးမျိုးကိုပူဇော်ပသကြပြီးပြန်လည်ဝင်စားခြင်းကို ယုံကြည်ကြသည်။ | အိန္ဒိယနှင့် ဗာလီကျွန်းတို့တွင်အများစု |
| ဗုဒ္ဓ | လွန်ခဲ့သည့်နှစ်ပေါင်း၂၅၀၀ခန့် | အိန္ဒိယ | လူသားတိုင်းသည်ဉာဏ်အလင်းကြီးပမ်းရယူ နိုင်ပြီး ဒုက္ခဝေဒနာ အားလုံးကို ငြိမ်းသတ်နိုင်ရည်ရှိသည်။ | အရှေ့တောင်အာရှနှင့်အာရှတိုက်အရှေ့ဘက်ဒေသအနှံ့အပြားတိဗက်နှင့်မွန်ဂိုးလီးယား |
| အစ္စလာမ် | လွန်ခဲ့သည့်နှစ်ပေါင်း၁၅၀၀ ခန့် | အရှေ့အလယ်ပိုင်း | အလာ(ဘုရားသခင်)သည်တမန်တော် မိုဟာမက် ကိုအစ်စလာမ်ဘာသာအကြောင်းထုတ်ဖော်ပြောပြခဲ့သည်။ ခိုရန်သည် အစ္စလာမ်ဘာသာ၏အမြင့်မြတ်ဆုံး ကျမ်းစာဖြစ်သည်။ | အရှေ့အလယ်ပိုင်း။ မြောက် အာဖရိက။ အာရှတိုက်အလယ်ပိုင်း။ အိန္ဒိယနှင့်ကမ္ဘာအနှံ့လူအသိုင်းအဝိုင်းငယ်လေးများ |
| ခရစ်ယာန် | လွန်ခဲ့သောနှစ်ပေါင်း၂၀၀၀ ခန့် | အရှေ့အလယ်ပိုင်း | ခရစ်တော်သည် ဘုရားသခင်သားဖြစ်သည်။ ၎င်းသည်လူသားများကိုအပြစ်မှရွေးနုတ်ကယ်တင်ရာမှသေဆုံးခဲ့ရသည်။ သမ္မာကျမ်းစာသည်ခရစ်ယာန်ဘာသာအတွက်မြင့်မြတ်ဆုံးဖြစ်သည်။ | ကမ္ဘာ့ဒေသတိုင်းတွင်ရှိသည်။ |

## လေ့ကျင့်ခန်း

**A.** ကျောင်းသားကျောင်းသူများကိုတစ်ဦးချင်း သို့မဟုတ် အုပ်စုဖွဲ့၍အယူဝါဒသစ်များကိုနှိုင်းယှဉ်ခိုင်းပါ။ ထို့နောက်တူညီချက်နှင့်ခြားနားချက်များကိုဇယားထဲတွင်ထည့်သွင်းခိုင်းပါ။

## *ဖြစ်နိုင်ခြေရှိသောအဖြေများ -*

အတန်းထဲတွင်မူဆလင်၊ ဟိန္ဒူ၊ခရစ်ယာန် သို့မဟုတ် ဗုဒ္ဓဘာသာကိုးကွယ်သောသူမရှိခဲ့တောင်မှ အနီးအနားပတ်ဝန်းကျင်ရှိ၎င်းဘာသာများကို ကိုးကွယ်သောသူများရှိနိုင်သည်။ ထို့ကြောင့်ကျောင်းသားကျောင်းသူများအား ထိုသူများကိုသွားမေးခိုင်းနိုင်သည်။ ထိုသို့လုပ်ဆောင်ရန်မဖြစ်နိုင်ပါက စာပေအားဖြင့်ဟိန္ဒူဘာသာအကြောင်းကို သုတေသနပြုလုပ်ခိုင်း၍ တင်ပြချက်ပြုလုပ်နိုင်ပါသည်။ သုတေသနနှင့်တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ပြီးနောက် အတန်းထဲတွင်ပြန်လည်တင်ပြရမည်။ ၎င်းတင်ပြချက်များကိုတစ်ရက်အတွင်းပြီးအောင်တင်ပြခိုင်းနိုင်သလိုတစ်ပတ် (သို့) နှစ်ပတ်အတွင်းတစ်ပိုင်းပြီးတစ်ပိုင်းတင်ပြနိုင်ပါသည်။

| တူညီချက် | ခြားနားချက် |
|---|---|
| ● ဘာသာအယူဝါဒသစ်အားလုံးသည် အရှေ့တောင်အာရှတွင်စတင်မပေါ်ပေါက်ခဲ့ပါ။<br><br>● ဘာသာအယူဝါဒသစ်အားလုံးသည် အမျိုးသမီးများထက်အမျိုးသားများကိုအဓိထားသည်။<br><br>● အစ္စလာမ်၊ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်တို့သည်သီးခြားပုဂ္ဂိုလ်တစ်ဦးလမ်းညွှန်ပညာပေးချက်ကို လိုက်နာကျင့်သုံးသည်။<br><br>● အစ္စလာမ်နှင့်ခရစ်ယာန်ဘာသာနှစ်ခုစလုံးတွင်သီးခြားဘုရားသခင်ရှိသည်။ | ● ဟိန္ဒူဘာသာသည်အခြားဘာသာများထက်သက်တမ်းပိုမိုကြာရှည်သည်။<br><br>● ဗုဒ္ဓဘာသာဝင်အချို့သည် ဗုဒ္ဓကိုအမျိုးမျိုးထင်မြင်ယူဆကြသည်။ အချို့ကဗုဒ္ဓသည်ဘုရားသခင်ဖြစ်သည်။ သို့သော်အချို့ကလူသားမည်သူမျှဘုရားသခင်မဟုတ်နိုင်ဟုယုံကြည်ကြသည်။<br><br>● မည်သည့်ပုဂ္ဂိုလ်မျှ ဟိန္ဒူဘာသာကိုမစတင်ခဲ့ပါ။<br><br>● ဟိန္ဒူဘာသာတွင်နတ်ဘုရားအမျိုးမျိုးကိုကိုးကွယ်ကြသည်။<br><br>● ဗုဒ္ဓဘာသာဝင်အချို့သည်ဗုဒ္ဓကိုအမျိုးမျိုးထင်မြင်ယူဆကြသည်။အချို့ကဗုဒ္ဓသည်ဘုရားသခင်ဖြစ်သည်။သို့သော်အချို့ကလူသားတိုင်းမည်သူမျှဘုရားသခင်မဟုတ်နိုင်ဟုယုံကြည်ကြသည်။ |

**B.** ကျောင်းသားကျောင်းသူများကို တစ်ဦးချင်းသို့မဟုတ်အုပ်စုဖွဲ့၍အယူဝါဒသစ်များကို ဝိညာဉ်ကိုးကွယ်မှုအယူဝါဒနှင့်နှိုင်းယှဉ်ခိုင်းပါ။ ထို့နောက် တူညီချက်နှင့်ခြားနားချက်များကိုဇယားထဲတွင်ထည့်သွင်းခိုင်းပါ။

| တူညီချက် | ခြားနားချက် |
|---|---|
| ● အခြားအယူဝါဒများနှင့် နှိုင်းယှဉ်ပါက ဟိန္ဒူဘာသာသည် ဝိညာဉ်ကိုးကွယ်မှု အယူဝါဒနှင့်ပိုနီးစပ်သည်။အဘယ်ကြောင့် ဆိုသော် ဟိန္ဒူဘာသာသည် ဒေသခံရှေးဟောင်း ပုံပြင်များနှင့်ရိုးရာယုံကြည်မှုများမှဖွံ့ဖြိုးပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ | ● ဝိညာဉ်ကိုးကွယ်မှုအယူဝါဒသည် စနစ်တကျရှိသောအခြားအယူဝါဒများထက် သက်တမ်းပိုမိုကြာရှည်သည်။ |
| ● ဟိန္ဒူဘာသာသည် ရည်ရွယ်ချက်အမျိုးမျိုးအတွက် အမျိုးသမီးနတ်ဘုရားများအပါဝင်နတ်ဘုရားငယ်များကို ကိုးကွယ်ယုံ ကြည်မှုသည်ဝိညာဉ်ကိုးကွယ်မှုနှင့်ဆင်တူသည်။ | ● အယူဝါဒသစ်အများစုသည်သီးခြားနေရာတစ်ခု တွင်စတင်ခဲ့ပြီးနောက်အခြားနေရာများသို့ ပျံ့နှံ့ခဲ့သည်။သို့သော် ဝိညာဉ်ကိုးကွယ်မှုသည်အချိန် တစ်ချိန်တည်းမှာပင်နေရာအများအပြားတွင် ပေါ်ပေါက်ခဲ့ကာတစ်နေရာနှင့်အခြားတစ်နေရာ ပေါ်မူတည်၍ ဝိညာဉ်ကိုးကွယ်မှုမတူညီကြပေ။ |
| ● အယူဝါဒသစ်သို့ပြောင်းခဲ့သည်ပင်လျှင် ဝိညာဉ်ကိုးကွယ်မှုအချို့သည်အယူဝါဒသစ် ကိုးကွယ်မှုနှင့်ရပ်တည်နိုင်သည်။ | ● အယူဝါဒသစ်များတွင်အများအားဖြင့်စာမှတ်တမ်း များရှိသည်။ သို့သော် ဝိညာဉ်ကိုးကွယ်မှုရိုးရာစဉ်လာ များသည် နှုတ်ပြောစကားများသာဖြစ်သည်။ |

## တိုးချဲ့လေ့ကျင့်ခန်း

ဘာသာအယူဝါဒနှင့်ပတ်သက်၍ စကားရေလုပွဲတစ်ပွဲပြုလုပ်ပါ။ ရွေးချယ်နိုင်ရန်ခေါင်းစဉ်သုံးခုပေးထားသည်။ ခေါင်းစဉ်တစ်ခု (သို့)နှစ်ခု(သို့)သင့်ကိုယ်ပိုင်ခေါင်းစဉ်ကိုအသုံးပြုခိုင်း၍ စကားရေလုပွဲပြုလုပ်နိုင်သည်။ ပေးထားသောခေါင်းစဉ်သုံးခုသည်ဆင်တူကြပြီး ၎င်းတို့တွင်တင်သွင်းရန်နှင့်ကန့်ကွက်ရန် အတွက်ဆင်တူသောအကြောင်း ပြချက်များရှိသည်။

မည်သည့်ခေါင်းစဉ်အတွက်မဆို ကျောင်းသားကျောင်းသူများကိုအုပ်စု(A)နှင့်အုပ်စု(B)အဖြစ်သို့ခွဲပါ။ လူဦးရေများပါက အုပ်စု(A)အတွက်အကြောင်းပြချက်များရှာပေးရန်အုပ်စုတစ်စုထက်ပို၍ခွဲနိုင်သည်။အုပ်စုတစ်စုအတွက်စကားရေလုပေးရန်လူ(၃) ယောက်နှင့် (၅)ယောက်ကြားရွေးထားနိုင်သည်။ အုပ်စု(A)သည်အကြောင်းပြချက်များကို တင်သွင်းရမည်ဖြစ်ပြီးအုပ်စု(B)သည်၎င်းကို အကြောင်းပြချက်များကိုကန့်ကွက်ရမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူများအားအချိန်ပေး၍အကြောင်းပြချက်များပြင်ဆင်ထားခိုင်းပါ။ ပြီးနောက်စကားရေလုပွဲကိုစတင်ပါ။

## တိုးချဲ့လေ့ကျင့်ခန်း

ကျောင်းသားကျောင်းသူများသည်ဘာသာအယူဝါဒအမျိုးမျိုးနှင့်ပတ်သက်၍တင်ပြချက်များပြင်ဆင်ရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် ကျောင်းသားကျောင်းသူများအား အယူဝါဒတစ်ခုရွေးချယ်ခွင့်ပေးနိုင်သည်။ သို့မဟုတ် ၎င်းတို့ကိုအုပ်စုခွဲ၍ တာဝန်ချပေးနိုင်သည်။

ကျောင်းသားကျောင်းသူများအတွက်အဆင်ပြေမည်ဆိုပါက ကိုယ်ပိုင်ဘာသာအယူဝါဒအကြောင်း သို့မဟုတ် အခြားဘာသာအယူဝါဒတစ်ခုအကြောင်းမှတင်ပြမှုတခုကိုလုပ်ဆောင်စေပါ။

ဤလေ့ကျင့်ခန်းသည်မိမိနေထိုင်ရာရပ်ကွက်အတွင်းတွင် ပြုလုပ်ရမည့်လှုပ်ရှားမှုတခုဖြစ်သည်။ ကျောင်းသားကျောင်းသူအုပ်စုများအားနေထိုင်ရာရပ်ကွက်များသို့သွားစေ၍ ဘာသာအယူဝါဒအမျိုးမျိုးကို သီးခြားကိုးကွယ်သောသူများနှင့် တွေ့ဆုံမေးမြန်းခိုင်းပါ။ ထို့အပြင် သက်ကြီးရွယ်အိုများထံမှ ဝိညာဉ်ကိုးကွယ်မှုအကြောင်းကိုလည်းမေးမြန်းခိုင်းပါ။ အတန်းထဲတွင် မူဆလင်၊ ဟိန္ဒူ၊ ခရစ်ယာန် သို့မဟုတ် ဗုဒ္ဓဘာသာ ကိုးကွယ်သောသူမရှိခဲ့တောင်မှ အနီးအနားပတ်ဝန်းကျင်ရှိ ၎င်းဘာသာများကိုကိုးကွယ်သောသူများရှိနိုင်သည်။ ထို့ကြောင့် ကျောင်းသားကျောင်းသူများအား ထိုသူများကိုသွားမေးခိုင်းနိုင်သည်။ ထိုသို့လုပ်ဆောင်ရန်မဖြစ်နိုင်ပါက စာပေအားဖြင့် ဟိန္ဒူဘာသာအကြောင်းကို သုတေသနပြုလုပ်ခိုင်း၍ တင်ပြချက်ပြုလုပ်နိုင်ပါသည်။ သုတေသနနှင့်တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ပြီးနောက် အတန်းထဲတွင်ပြန်လည်တင်ပြရမည်။ ၎င်းတင်ပြချက်များကို တစ်ရက်အတွင်းပြီးအောင် တင်ပြခိုင်းနိုင်သလိုတစ်ပတ်(သို့)နှစ်ပတ်အတွင်း တစ်ပိုင်းပြီးတစ်ပိုင်း တင်ပြနိုင်ပါသည်။

## ၂။(၁၀) ပြန်လည်ဆန်းစစ်ခြင်း

**ပြန်လည်ဆန်းစစ်ခြင်း**

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

၁. **လူမှုတိုးတက်မှု**

- မြို့နှင့်မြို့ကြီးများတွင်အခြေချနေထိုင်ခြင်း၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ခြင်း၊စိုက်ပျိုးရေးနှင့်ကုန်သွယ်မှုပြုလုပ်ခြင်းတို့ အပါအဝင် ခေတ်မှီသောလူသားဖွံ့ဖြိုးတိုးတက်မှု။

၂. **ယဉ်ကျေးမှု**

- လက်ထပ်ထိမ်းမြားခြင်း၊ အသုဘချာပန၊ ရိုးရာ၊ သီဆိုခြင်း၊ ကပြခြင်း၊ ဘာသာစကား၊အားကစားအစရှိသည်တို့ကို လူသားတို့တူညီစွာလုပ်ဆောင်ခြင်း။

၃. **ဘာသာအယူဝါဒ**

- ကိုးကွယ်ရန်အတွက် ကျင့်ဝတ်နှင့်စည်းမျဉ်းများပါဝင်သော ယုံကြည်မှုစနစ်တစ်မျိုး။

၄. **ဝိညာဉ်ကိုးကွယ်မှု**

- သဘာဝကိုပူဇော်ခြင်းနှင့် သဘာဝအတိုင်းဖြစ်ပေါ်တည်ရှိသောအရာများတွင် ဝိညာဉ်များရှိပြီး လူသား ရှင်သန်နေထိုင်မှုပေါ် ဩဇာလွှမ်းမိုးမှုရှိသည့်ယုံကြည်မှု။

၅. **ဇာတ်နိမ့်ဇာတ်မြင့်လူတန်းစားစနစ်**

- ရစ်ဗဒစ်ကာလအိန္ဒိယနိုင်ငံတွင် ပထဦးဆုံးတွေ့ရသော လူမှုအဆင့်အတန်းစနစ်တစ်မျိုးဖြစ်သည်။ ဤစနစ်သည် စီးပွားရေး၊ ပညာရေး၊ လူမှုရေးအာဏာနှင့် ပိုင်ဆိုင်မှုပမာဏပေါ်အခြေခံထားကာ အချိန် ကြာမြင့်လာ သည်နှင့်အမျှ ပိုမိုတင်းမာသော အခြေအနေသို့ရောက်ရှိခဲ့သည်။

၆. **လူမှုရေးကွဲပြားခြင်း**

- လူများသည် လက်မှုပညာတစ်မျိုး သို့မဟုတ် အခြားလုပ်ငန်းတစ်မျိုးတွင်ဇောက်ချပြုလုပ်လာခဲ့သည်။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာတိုးတက်ခဲ့ပြီးနောက် စားနပ်ရိက္ခာပိုလျှံမှုရှိလာသဖြင့် စိုက်ပျိုးမွေးမြူရေးကို ရပ်ဆိုင်းကာ အခြားလုပ်ငန်းကိုအချိန်ပေးပြုလုပ်လာကြရာမှ လူမှုဖူလုံရေးကွဲပြားမှုစတင်ခဲ့သည်။

**ပြန်လည်ဆန်းစစ်ခြင်း**

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

**၁.** အစောဆုံးလူမှုတိုးတက်မှုများသည် မြစ်ဝှမ်းများတွင်စတင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော်မြစ်ဝှမ်းများတွင်မြေဆီ ကြွယ်ဝသဖြင့်အစားအစာများပိုလျှံစွာစိုက်ပျိုးနိုင်သည်။ အစားအစာပိုလျှံမှုသည်ကုန်သွယ်မှုနှင့်လူမှုတိုးတက်မှုကိုဖြစ်စေသော လူမှုဖူလုံရေးကွဲပြားမှုကိုဖြစ်ပေါ်စေခဲ့သည်။

**၂.** စိုက်ပျိုးရေးနည်းစနစ်ထိရောက်မှုရှိလာပြီးနောက်အစားအစာပိုလျှံမှုရှိလာသဖြင့်လူများကြားတွင်မညီမျှမှုဖွံ့ဖြိုးခဲ့သည်။ အစားအစာပိုလျှံသောသူများသည် လက်မှုလုပ်ငန်းများတွင် အချိန်ပေးပြုလုပ်လာကြရာမှ ကုန်ပစ္စည်းချင်းဖလှယ်ခြင်းနှင့် ကုန်သွယ်မှုစတင်ခဲ့သည်။ အချို့သူများသည်ကုန်ပစ္စည်းချင်းဖလှယ်ခြင်းနှင့် ကုန်သွယ်မှုပိုမိုပြုလုပ်နိုင်သဖြင့်စိုက်ပျိုးရေး ကောင်းကောင်းမွန်မွန်မပြုလုပ်တတ်သောသူနှင့်အစားအစာမပိုလျှံသောသူများထက် ပိုမိုချမ်းသာကြွယ်ဝလာပြီး ဩဇာအာဏာလည်းပိုမိုကြီးထွားလာသည်။

**၃.** သမိုင်းပညာရှင်များသည် ရှေးဟောင်းလူမှုတိုးတက်မှုအကြောင်းကိုပြောဆိုကြရာတွင် အချက်အလက်မှန်ကန်မှုအများဆုံးရှိနိုင်သည်ကိုသိရှိကြသည်။ အကြောင်းရင်းမှာ၄င်းတို့ပြောဆိုချက်များကိုပံ့ပိုးနိုင်သော အထောက်အထားများရှိသည်။ သက်သေအထောက်အထားများမှာအများအားဖြင့်လွန်ခဲ့သောအချိန်မြေကြီးအတွင်းမြုပ်သွားသောအိုး၊ အဆောက်အဦးနှင့်အရိုးစုစသည့်ရှေးဟောင်းသုတေသနဆိုင်ရာသက်သေအထောက်အထားများဖြစ်သည်။

**၄.** စိုက်ပျိုးရေး၊ ကုန်သွယ်မှု၊ ရေစက်အဆောက်အအုံ၊ ရှေးဟောင်းမြို့၊ လူမှုဖူလုံမှုကွဲပြားခြင်း။

**၅.** ကုန်းမြေပိုင်းအရှေ့တောင်အာရှအင်ပါယာများနှင့် ပင်လယ်ပိုင်းအရှေ့တောင်အာရှအင်ပါယာများ (သို့မဟုတ် ပြည်မကြီးအရှေ့တောင်အာရှနှင့် ကျွန်းမြေအရှေ့တောင်အာရှအင်ပါယာများ)။

**၆.** ကျောင်းသားကိုင်စာအုပ်ထဲရှိ ရှေးခေတ်အရှေ့တောင်အာရှအင်ပါယာများ ခေါင်းစဉ်အောက်တွင် အင်ပါယာများ၊ အမည်များနှင့်၄င်းတို့အကြောင်းကိုရည်ညွှန်းထားသည်။

**၇.** တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် ကုန်သွယ်ခြင်းနှင့် ဘာသာအယူဝါဒကိုပျံ့နှံ့စေခြင်းဖြင့် ရှေးခေတ်အရှေ့ တောင်အာရှပေါ်ဩဇာလွှမ်းမိုးခဲ့သည်။ အိန္ဒိယနိုင်ငံ ဇာတ်နိမ့်ဇာတ်မြင့်လူတန်းစားစနစ်သည် အရှေ့တောင်အာရှသို့ ပြန့်နှံ့ခဲ့သည်။

**၈.** အိန္ဒိယနိုင်ငံတွင် အစောဆုံးသိရသောလူမှုတိုးတက်မှုမှာ ဟာရာပန်လူမှုတိုးတက်မှုဖြစ်သည်။ ဟာရာပန်တို့သည် ဘီစီ ၂၄၀၀ ဝန်းကျင်အင်ဒတ်စ်မြစ်ဝှမ်းတွင် မြို့များတည်ဆောက်ခဲ့သည်။ ၎င်းမြို့များသည် အရွယ်အစားညီသောစံပြလမ်းများနှင့် ရေနုတ်မြောင်းစနစ်ပါသောမြို့များဖြစ်သည်။ အုတ်ဖြင့်ဆောက်လုပ်ထားသောပင်မမြို့ထဲတွင်လူပေါင်း ၃၅၀၀၀ခန့်နေထိုင်ခဲ့ဖွယ်ရှိသည်။ ၎င်းနေထိုင်သူများသည်အများအားဖြင့်လယ်သမားများနှင့်ကုန်သည်များဖြစ်သည်။ ထို့အပြင်၎င်းတို့တွင်ကိုယ်ပိုင်စာရေးနည်းစနစ်လည်းရှိသည်။


**၉.** စစ်ပွဲ၊ သဘာဝဘေးအန္တရာယ်၊ သယံဇာတကုန်ခန်းခြင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု (သို့) ပျက်စီးမှုနှင့်လူဦးရေအလွန့်အလွန်သိပ် သည်းမှုတို့ကြောင့် လူမှုတိုးတက်မှုများယိုယွင်းခဲ့သည်။

**၁၀.** တရုတ်နိုင်ငံ အစောဆုံးလူမှုတိုးတက်မှုမှာ မြစ်ဝါမြစ်အနီးတွင်အခြေချခဲ့သောယန်ရှုအိုများဖြစ်သည်။ ယန်ရှုအိုများသည် ၎င်းတို့ လယ်တဲအိမ်များ ကြမ်းပြင်ကို အင်္ဂတေဖြင့်ဆောက်လုပ်ခဲ့သည်။

**၁၁.** ဝိညာဉ်ကိုးကွယ်မှု၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ အစ္စလာမ်နှင့် ခရစ်ယာန်။

**ပြန်လည်ဆန်းစစ်ခြင်း**

*အဖြေ -*




**ပြန်လည်ဆန်းစစ်ခြင်း**

*အဖြေ -*

| | | |
|---|---|---|
| ၁. | = | D |
| ၂. | = | C |
| ၃. | = | A |
| ၄. | = | B |

**ပြန်လည်ဆန်းစစ်ခြင်း**

ကျောင်းသားကျောင်းသူများသည်မှတ်မိသမျှဖြင့်အရှေ့တောင်အာရှမြေပုံကိုအလွတ်ဆွဲရမည်။ ဆွဲသားပြီးသောမြေပုံများကိုနံရံပေါ်တွင်ကပ်ထားသောအရှေ့တောင်အာရှမြေပုံကြီး (သို့) စာအုပ်ထဲတွင်ရှိသောမြေပုံနှင့်နှိုင်းယှဉ်ခိုင်းပါ။

# ၃။ ကိုလိုနီစနစ်နှင့် လွတ်လပ်ရေး

ဤအခန်းတွင် ကျောင်းသားကျောင်းသူများသည် အောက်ပါတို့ကိုလုပ်ဆောင်ရမည်။

- ကောင်းကျိုးနှင့် ဆိုးကျိုးကိုဖော်ပြခြင်း။
- မြေပုံပေါ်တွင် ကုန်သွယ်ရေးလမ်းကြောင်းကိုခြေရာခံခြင်း။
- သမိုင်းဝင်ဖြစ်ရပ်နှင့် မျက်မှောက်ခေတ်ဖြစ်ရပ်များကြားဆက်နွယ်မှုရှာခြင်း။
- လေ့လာဖတ်ရှုခြင်းနှင့် နားလည်သဘောပေါက်ခြင်း။
- သမိုင်းဝင်ဖြစ်ရပ်များကိုဖော်ပြနိုင်သော အချိန်အလျားပြမျဉ်းလိုင်းကိုရေးဆွဲခြင်း။
- လွန်ခဲ့သည့်ကာလမှ လူတို့ရှင်သန်နေထိုင်မှုပုံစံကိုစိတ်ကူးကြည့်ခြင်း။
- သမိုင်းဖြစ်ရပ်များကို ရှုထောင့်အမျိုးမျိုးမှကြည့်ခြင်း။
- သမိုင်းဖြစ်ရပ်များပေါ်အခြေခံသော ပြောပြချက်များရေးခြင်း။
- အချက်အလက်များကို တစ်နည်းအားဖြင့်ဆိုခြင်း။
- အကြောင်းအရာတစ်ခုကိုအခြေခံ၍ မေးခွန်းထုတ်ခြင်းနှင့်မေးခြင်း။
- အကြောင်းအရာတစ်ခုကိုမဖတ်မီ အဖြေများကိုကြိုတင်ခန့်မှန်းခြင်းနှင့်မှန်းဆခြင်း။
- အကြောင်းအရာတစ်ခု အချက်အလက်များကိုအသုံးပြု၍ပုံများကိုရေးဆွဲခြင်း။
- အချက်အလက်များကို အစဉ်လိုက်ထားခြင်း။
- မြေပုံပေါ်တွင် နယ်ချဲ့လက်အောက်ခံနိုင်ငံများကိုဖော်ထုတ်ခြင်း။
- ကိုလိုနီစနစ်ကဲ့သို့သော ခံယူချက်များကိုကိုယ်ပိုင်စကားဖြင့် ရှင်းပြခြင်း။
- အချက်အလက်များကို ဦးစားပေးသတ်မှတ်ခြင်း။
- တွေးခေါ်ခြင်း။
- ဇယားသုံး၍ အချက်အလက်များကိုစုစည်းခြင်း။
- အသေးစိတ်(သို့)အချက်အလက်တစ်ခုကိုရှာဖတ်ခြင်းနှင့် အကြောင်းအရာတစ်ခုကိုစေ့စပ်စွာကြည့်ခြင်း။
- အချက်အလက်များကိုအတိုချုံးခြင်း။
- အကြောင်းအရာတစ်ခုနှင့်အကောင်းဆုံးကိုက်ညီသော အနှစ်ချုပ်ကိုရွေးချယ်ခြင်းနှင့် အတိုချုပ်ရေးခြင်း။
- ဆုံးဖြတ်ချက်ချခြင်း။
- သရုပ်ဆောင်မှုအခန်းတွင် ပူးပေါင်းပါဝင်ခြင်း။
- တွေ့ဆုံမေးမြန်းမှု အတတ်ပညာလေ့ကျင့်ခြင်း။
- ထင်မြင်ချက်များဖော်ပြပြီး အကြောင်းပြချက်များဖြင့်ပံ့ပိုးခြင်း။
- အတန်းထဲတွင်တင်ပြချက်များကိုပြုလုပ်ခြင်း။

# ၃။ ကိုလိုနီစနစ်နှင့် လွတ်လပ်ရေး

၃. ၁ နိဒါန်း

**ကြိုတင်လေ့လာခြင်း**

**A.** ကျောင်းသားကျောင်းသူများသည် ဤမော်ဂျူးလ်ရှိမြေပုံ(၄)တွင်ခရာကုန်းရိုးနှင့် မလက္ကာတို့ကိုသတိပြုနိုင်ချေရှိပြီးအရှေ့တောင်အာရှရှေးခေတ်ပင်လယ်ပိုင်း နိုင်ငံများကြားကုန်သွယ်မှုအကြောင်းကို လေ့လာဖတ်ရှုသောအခါလည်းဆွေးနွေးနိုင်ပါလိမ့်မည်။ ထို့နောက်တွင်မှမလကာသည်ကူးသန်းရောင်းဝယ်ရေးအတွက် နေရာကောင်းတစ်ခုဖြစ်သည်ကို ကျောင်းသား၊ ကျောင်းသူ များဖြေဆိုနိုင်ရမည်။ ရှေးခေတ်အချိန်ကာလများပင် မလကာအင်ပါယာမှအုပ်ချုပ်ခဲ့သလို ဆီယမ်(ထိုင်းနိုင်ငံ)နှင့် မာဂျပါဟစ်တို့မှလည်း ၄င်းတို့အင်ပါယာတစ်စိတ်တစ်ပိုင်းအဖြစ်အုပ်ချုပ်ခဲ့သောကြောင့် မလကာသည် အရေးပါသော တည်နေရာတစ်ခုဖြစ်ခဲ့သည်။

**B.** မြေပုံပေါ်တွင် မလကာနှင့်ခရာကုန်းရိုးတို့ကိုနေရာချရာအကူအညီလိုအပ်ပါက မြေပုံ(၄)ပေါ်ရှိ ၄င်းတို့တည်နေရာကိုအမှတ်အသားပြုလုပ်ထားခြင်းမှပြန်လည်စစ်ဆေးနိုင်သည်။

**C.** ကျောင်းသားကျောင်းသူနှင့်အတူတကွစဉ်းစားတွေးခေါ်ပြီးအောက်တွင်ပေးထားသည့်အတိုင်း၄င်းတို့ကိုအပိုမေးခွန်းများမေးပါ။

- မည်သည့်နိုင်ငံများသည် ကိုလိုနီလက်အောက်ကျရောက်ခဲ့သနည်း။ မည်သည့်နိုင်ငံများသည် နယ်ချဲ့နိုင်ငံများဖြစ်သနည်း။
- မည်သည့်နိုင်ငံများသည် လွတ်လပ်ရေးရယူခဲ့ကြသနည်း။

**D.** မလေးရှား၊ အင်ဒိုနီးရှား၊ စင်္ကာပူ။

တွေးခေါ်ခြင်း

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***


| ကောင်းကျိုး | ဆိုးကျိုး |
|---|---|
| • အိန္ဒိယနှင့် ပစ္စဖိတ်သမုဒ္ဒရာများကြားတွင် တည်ရှိသည့် အချက်အချာကျသည့်တည်နေရာ။<br>• အခြားနိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် အဆင်ပြေသည်။<br>• မလကာရေလက်ကြားကို ထိန်းချုပ်ခြင်းဖြင့် အင်ပါယာအင်အားကြီးမားလာနိုင်သည်။ (နိုင်ငံရေးအာဏာပို၍ကြီးထွားလာနိုင်သည်)။<br>• ငါးဖမ်းစက်မှုလုပ်ငန်းများကိုတည်ထောင်ရန် အတွက်ကောင်း မွန်သည်။ | • ရေကြောင်းကျူးကျော်တိုက်ခိုက်မှု အန္တရာယ်မှ မလုံခြုံပါ။<br>• မလကာရေလက်ကြားကိုအုပ်စုအများအပြားက ထိန်းချုပ်လိုကြပြီးအုပ်ချုပ်ခွင့်ရရန်အတွက် ဝင်ရောက်တိုက်ခိုက်နိုင်ခြေရှိသည်။ |

**လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများအားအချိန်ထပ်မံပေး၍ အကြောင်းအရာတစ်ခုလုံးကိုလေ့လာခိုင်းပြီးနောက် ကောင်းကျိုးနှင့်ဆိုးကျိုးပြဇယားထဲတွင်ထပ်မံဖြည့်စွက်ချင်သောအချက်ရှိမရှိမေးပါ။ မလက္ကာရေလက်ကြားပေါ်တွင်မြို့တည်ရှိခြင်းကောင်းကျိုးရှိသကဲ့သို့ တစ်ချိန်တည်းတွင်ဆိုးကျိုးဖြစ်နိုင်သည်ကိုမြင်သာအောင်ရှင်းပြပါ။ မလက္ကာကိုထိန်းချုပ်သောနိုင်ငံတစ်နိုင်ငံသည် နိုင်ငံရေးဩဇာသက်ရောက်မှုနှင့်စစ်အင်အားမတောင့်တင်းလျှင် အများစိတ်ဝင်စားရာတည်နေရာဖြစ်သောကြောင့် ကျူးကျော်တိုက်ခိုက်မှုကို ခံရနိုင်ပါသည်။

| လေ့ကျင့်ခန်း |
| --- |
| ***အဖြေ -*** |

မြေပုံ(၁၂) ပင်လယ်ပိုင်းဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်ရေးလမ်းကြောင်း
ကုန်းရိုးဖြတ်လမ်းကြောင်း
မလကာရေလက်ကြား
မိုလူခါကျွန်းစု




**ဆွေးနွေးခန်း**

**A.** ကျောင်းသားကျောင်းသူများသည် ယနေ့ခေတ်စီးပွားရေးတွင် အလွန်အရေးပါသောကုန်ပစ္စည်းများကို စဉ်းစားဖော်ပြရမည်။ ယနေ့ခေတ်ကမ္ဘာ့ဈေးကွက် ဝယ်လိုအားအလွန်ကောင်းသောပစ္စည်းများမှာ ရေနံ၊ စိန်၊ နည်းပညာတို့ပါဝင်သည်။

**B.** ဟင်းခတ်အမွှေးအကြိုင်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကိုပေါ်တူကီတို့ကထိန်းချုပ်လိုသကဲ့သို့အမေရိကန်ကဲ့သို့သော နိုင်ငံများသည်လည်းရေနံထုတ်လုပ်မှုနှင့်ကုန်သွယ်မှုကို ကြီးကြီးမားမားထိန်းချုပ်လိုကြသည်။

| လေ့ကျင့်ခန်း |
| --- |
| ***အဖြေ -*** |

**၁၁ ရာစု-** စရီဝိဂျာယ ထိန်းချုပ်မှုအားလျော့လာသည်။

**၁၆ ရာစု-** ပေါ်တူကီ တိုက်ခိုက်မှုခံရသည်။

**၁၇ ရာစု-** ဒတ်ချ်များမှ တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။

**၂၀ ရာစု-** မလေးရှားသည် လွတ်လပ်သောနိုင်ငံဖြစ်လာသည်။

←

**၁၅ ရာစု-** လမကာစော်ဘွားမှ ရေလက်ကြားကို ထိန်းချုပ်ခဲ့သည်။

**၁၉ ရာစု-** ဗြိတိသျှမှ ရေလက်ကြားကို ထိန်းချုပ်ခဲ့သည်။

**A.**

**B.** မလကာရေလက်ကြားသည် ဥရောပမှ အိန္ဒိယနိုင်ငံ၊ အိန္ဒိယမှတရုတ်နိုင်ငံနှင့်ပစိဖိတ်ကျွန်းစု(ဟင်းခေတ်အမွှေး အကြိုင်ကျွန်းစု) သို့သွားသောရေလမ်းကြောင်းပေါ်တွင်တည်ရှိသည်။သမိုင်းတစ်လျှောက်တွင်ဤရေလမ်းကြောင်းကို ထိန်းချုပ်နိုင်သောမည်သူမဆိုသည် ကုန်သည်သင်္ဘောများဆီမှ အခွန်ကောက်ယူနိုင်ခဲ့ကြသည်။

**C.** မုတ်သုံလေအကူအညီဖြင့် ရွက်လွှင့်ရန် အချိန်ကြာမြင့်စွာစောင့်ရသောကြောင့် မလကာရေလက်ကြားလမ်းကြောင်း တစ်လျှောက်လုံးကို သင်္ဘောဖြင့်မသွားလိုကြပေ။ ထို့ကြောင့် ကုန်ပစ္စည်းများကို မလကာသာရောင်းချပြီး မိမိတို့ကြိုက်နှစ်သက်သော အခြားကုန်ပစ္စည်းများကို ဝယ်ယူနိုင် သည်။ဥပမာ - တရုတ်ကုန်သည်များယူလာသော လက်ဖက်နှင့်ပိုးထည်များကိုဝယ် ယူနိုင်သည်။ တရုတ်ကုန်သည်များသည်လည်း မလက္ကာတွင်မိမိတို့ကုန်ပစ္စည်းများကိုရောင်းချပြီးဥရောပမှလာသော လက်နက်များနှင့်အိန္ဒိယမှလာ သောဝါဂွမ်းများကို ပြန်လည်ဝယ်ယူနိုင်သည်။

**D.** နိုင်ငံအများအပြားသည်မလကာကိုထိန်းချုပ်လိုသော အကြောင်းရင်းနှစ်ရပ်မှာရေလကာကြားကို ဖြတ်သန်းသွားလာသော သင်္ဘောများထံမှ အခွန်ကောက်ယူနိုင်ခြင်းနှင့်ကုန်ပစ္စည်းရောင်းဝယ်ရေးပြုလုပ်သော ကုန်သည်များထံမှလည်းအခွန်ကောက်ယူနိုင်ခြင်း တို့ဖြစ်သည်။

**E.** ဟင်းခေတ်အမွှေးအကြိုင်ကုန်သွယ်မှုကြောင့် ဥရောပတိုက်သားများသည် ၁၆ရာစုတွင်မလက္ကာရေလကကြားကို အထူးထိန်း ချုပ်လိုခဲ့ကြသည်။၎င်းတို့သည်ဟင်းခေတ်အမွှေးအကြိုင်များကိုတတ်နိုင်သမျှအနီးဆုံးနေရာမှဝယ်ယူလိုကြသည်။ထို့နောက် ဥရောပတို က်သို့ပြန်လည်တင်ပို့ရောင်းချခြင်းဖြင့် အစွန်းအမြတ်များရရှိနိုင်သည်။ မလက္ကာရေလက်ကြားကိုဖြတ်၍ ဟင်းခေတ်အမွှေးအကြိုင်အား လုံးကိုသယ်ဆောင်ရသောကြောင့် မလက္ကာကိုထိန်းချုပ်နိုင်သောမည်သူမဆိုသည်ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်မှုကိုထိန်းချုပ်နိုင်ခဲ့ သည်။

**ဖြစ်နိုင်ခြေရှိသောအဖြေ -**

**A.** အတော်ဟုသုံးထားသည်မှာ သင်္ဘောသားများအတွက် ပင်လယ်ဓားပြကဲ့သို့သော အန္တရာယ်များရှိသောကြောင့်ဖြစ်သည်။ ရေလက်ကြားကိုဖြတ်သန်းသွားလာသောကုန်တင်သင်္ဘောများသည် အဖိုးတန်ကုန်ပစ္စည်းများကိုသယ်ဆောင်လာသည် ကိုဓားပြများကနားလည်ထားသည်။ ရေလက်ကြားသည် ကျဉ်းမြောင်းသဖြင့် လျင်မြန်စွာမရွေ့ရှားနိုင်သော ကုန်တင်သင်္ဘောကြီးများကိုပင်လယ်ဓားပြများကလွယ်ကူစွာလိုက်လံအမိဖမ်းနိုင်သည်။ တစ်ချိန်တည်းမှာပင်ရေလက်ကြားကိုဖြတ်သန်းသွားလာသောသင်္ဘောများသည်သမုဒ္ဒရာပြင်တွင်ဖြစ်ပေါ်သော မုန်တိုင်းများကိုလည်းရှောင်ရှားရန်လိုအပ်သည်။ ထို့အပြင် တခါတစ်ရံတွင်ရေလက်ကြားထဲပင်လျှင်အင်အားကြီးမုန်တိုင်းများဖြစ်ပေါ်တတ်သည်။

**B.** မုတ်သုံလေသည်အိန္ဒိယသမုဒ္ဒရာတွင် ရာသီအလိုက်တိုက်ခိုက်သောလေဖြစ်သည်။ အရှေ့မြောက်မုတ်သုံလေသည်နိုဝင်ဘာလနှင့်မေလကြားတွင် တိုက်ခိုက်ပြီး အနောက်တောင်မုတ်သုံလေသည် ဇွန်လနှင့် စက်တင်ဘာလကြားတွင် တိုက်ခိုက်သည်။ အနောက်တောင်မုတ်သုံလေတိုက်ခိုက်သော အချိန်(ဇွန်လနှင့်စက်တင်ဘာလကြား)သည် အိန္ဒိယသမုဒ္ဒရာရေပြင်နှင့် မလက္ကာရေလက်ကြားထဲတွင်ခရီးထွက်ခွာရေးအတွက်အသုံးဝင်သည်။ဆိုလိုသည်မှာအနောက်တောင်မုတ်သုံလေအကူအညီဖြင့်တောင်တရုတ်ပင်လယ်မှမလက္ကာရေလက်ကြားအထက်ပိုင်းသို့ ခရီးထွက်ခွာရန်လွယ်ကူသည်။ အိန္ဒိယသမုဒ္ဒရာမှ မလကာရေလက်ကြားအောက်ပိုင်းသို့ခရီးထွက်ခွာလိုပါက နိုဝင်ဘာလနှင့်မေလကြားအရှေ့မြောက်မုတ်သုံလေတိုက်ခတ်သောအချိန်တွင်စတင်ထွက်ခွာရသည်။

| | | |
|---|---|---|
| | ဦးတည်သောနေရာ | |
| **A** | ပစိဖိတ်သမုဒ္ဒရာထဲတွင်ရှိသောကျွန်းစုသို့ သွားနိုင်ဖွယ်ရှိသည်။ | ဒေသခံများအား ဟင်းခတ်အမွှေးအကြိုင်များကိုအတင်းအကြပ်ရောင်းခိုင်းမည်။ သို့မှသာလျှင် ဥရောပတွင်ပြန်လည်ရောင်းချခြင်းဖြင့် အမြတ်အစွန်းများစွာရရှိမည်။ |
| **B** | မလက္ကာ | အစ္စလမ်ဘာသာအကြောင်းကို မလကာလူမျိုးများအား သင်ကြားပေးရန် |
| **C** | ဟင်းခတ်အမွှေးအကြိုင်ကျွန်းစု | ဆန်စပါးနှင့်အထည်အလိပ်များကို ဟင်းခတ်အမွှေးအကြိုင်နှင့် ဖလှယ်ရန်။ |
| **D** | မလေးကျွန်းဆွယ် | |

**တိုးချဲ့လေ့ကျင့်ခန်း**

ပေးထားချက်များသည် ယခင်လေ့ကျင့်ခန်း အကြောင်းအရာများမှ အချက်အလက်များဖြစ်သည်။ ဤလေ့ကျင့်ခန်းအတွက် ကျောင်းသား ကျောင်းသူများသည် ပေးထားသောအကြောင်းအရာများကိုပြန်မကူးယူဘဲ အနည်းငယ်ကွာခြားစွာလုပ်ဆောင်ပေးရမည်။ ဤလှုပ်ရှားမှုကိုနည်းလမ်းအမျိုးမျိုးဖြင့်လုပ်ဆောင်နိုင်သည်။

**ရွေးချယ်ချက်(၁)** - လွတ်လပ်စွာရေးသားခြင်းလေ့ကျင့်ခန်းတစ်ခုအဖြစ် လုပ်ဆောင်နိုင်သည်။ ကျောင်းသားကျောင်းသူများအား ပေးထားချက်တစ် ခုကိုရွေးခိုင်းပြီး စဉ်းကူးယဉ်ခရီးလမ်းအကြောင်းကို ရေးခိုင်းပါ။ (စာပိုဒ်သုံးပိုဒ်နှင့် ငါးပိုဒ်ကြား ရေးခိုင်းပါ။) ထို့နောက် ၎င်းတို့ရေးပြီးသောလမ်းခရီး အကြောင်းကို အတန်းသူအတန်းသားများနှင့် သို့မဟုတ် အုပ်စုခွဲ၍ အချင်းချင်းပြန်လည် ပြောပြခိုင်းပါ။

**ရွေးချယ်ချက်(၂)** - ကျောင်းသားကျောင်းသူများကို အုပ်စုလိုက်ခွဲ၍ အုပ်စုတစ်စုစီအား ပေးထားချက်တစ်ခုကိုရွေးခိုင်းပါ။ ထို့နောက် တင်ပြချက်တစ်ခုပြုလုပ်တင်ပြခိုင်းပါ။

# ၃။(၂) စူးစမ်းရှာဖွေခြင်းနှင့် ကုန်သွယ်မှု

**ပြန်လည်ဆန်းစစ်ခြင်း**

ဤလေ့ကျင့်ခန်းရည်ရွယ်ချက်မှာ ကျောင်းသားကျောင်းသူများအား ယခင်သင်ခန်းစာမှငင်းတို့လေ့လာသင်ယူခဲ့သောအကြောင်းအရာများကို အတိုချုပ်ရေးခိုင်းခြင်းဖြစ်သည်။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

ဥရောပတိုက်သားနယ်ချဲ့ဝါဒသည် အာရှတိုက်ရှိဟင်းခတ်အမွှေးအကြိုင်များကို တပ်မက်လိုလားကြရမှုစတင်ခဲ့သည်။ ဥရောပအင်အားကြီးနိုင်ငံများသည်ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်မှုကိုကြီးစိုးလိုခဲ့သည်။ မလက္ကာရေလက်ကြားသည် ပစိဖတ်သမုဒ္ဒရာ ကျွန်းစုသို့သာမကအရှေ့အာရှနှင့်အရှေ့တောင်အာရှသို့တိုက်ရိုက်သွားနိုင်သောလမ်းကြောင်းဖြစ်သောကြောင့်၎င်းကိုထိန်းချုပ်နိုင်မှုသည် အိန္ဒိယသမုဒ္ဒရာကိုဖြတ်၍ ပြုလုပ်ရသောကုန်သွယ်မှုအားလုံးကကြီးစိုးနိုင်သောပထမအဆင့်ဖြစ်သည်။

## လေ့ကျင့်ခန်း

**A.** ကိုယ်ပိုင်ဖူလုံမှု ဆိုသည်မှာ ပြင်ပအကူအညီမလိုအပ်ဘဲ မိမိကိုယ်ပေါ်ရပ်တည်ခြင်းဖြစ်သည်။ သင်လိုအပ်သောအရာမှန်သမျှ ပိုင်ဆိုင်နိုင် သို့မဟုတ် ပြုလုပ်နိုင်လျှင်သင့်တွင်ကိုယ်ပိုင်ဖူလုံမှုရှိသည်။

**B.** ၁၅ ရာစုပြီးနောက် အာရှတိုက်နိုင်ငံများ စီးပွားရေးသည် အနောက်တိုင်းကုန်သွယ်မှုပေါ်ပို၍ ရပ်တည်လာခဲ့သည်။ သို့သော် တိုင်းတစ်ပါးပေါ်ရပ်တည်ရသောအခြေအနေသို့ လျှင်မြန်စွာမကူးပြောင်းခဲ့ပေ။ အနောက်တိုင်းသားများနှင့်ဟင်းခတ် အမွှေးအကြိုင်၊ အထည်အလိပ်၊ ကျောက်မျက်ရတနာ၊ လက်ဖက်အစရှိသည့်ကုန်ပစ္စည်း ကုန်သွယ်မှုတိုးချဲ့ခြင်းဖြင့် ထိုအခြေအနေသို့ တဖြည်းဖြည်းရောက်ရှိခဲ့ကာ၁၉ရာစုတွင် ဥရောပအင်အားကြီးနိုင်ငံများ ထိန်းချုပ်မှုအောက်သို့လုံးဝကျရောက်ခဲ့ရသည်။ ဤအခြေအနေတွင်အာရှတိုက် စီးပွားရေးသည် တိုင်းတစ်ပါးသို့ ကုန်ကြမ်းပစ္စည်းများ ရောင်းချမှုပေါ်တွင်သာ ကြီးကြီးမားမားမူတည်ခဲ့ရသည်။

**C.** စူးစမ်းရှာဖွေသူများနှင့် ကုန်သည်များသည် ဥရောပတိုက်နှင့်အာရှတိုက်ကြား ဟင်းခေတ်အမွှေးအကြိုင် ကုန်သွယ်မှုတိုက်ရိုက် ပြုလုပ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသို့သွားရောက်နိုင်သောရေလမ်းကြောင်းကို ကြိုးစားရှာဖွေခဲ့ပြီးနောက် ၁၅ရာစု အာရှတိုက်တွင် ဥရောပ တိုက်သားများနယ်ချဲ့ဝါဒစတင်ခဲ့သည်။

**D.** ယနေ့ခေတ်အရင်းရှင်စနစ်စီးပွားရေးအစဖြစ်ပေါ်စေခဲ့သည်။

## လေ့ကျင့်ခန်း

အတန်းသူအတန်းသားများကို အုပ်စုခွဲပါ။ အုပ်စု(A)အား အကြောင်းအရာ(A)ကိုဖတ်ခိုင်းပြီး အုပ်စု(B)အား အကြောင်းအရာ(B)ကိုဖတ်ခိုင်းပါ။ ထို့နောက် အကြောင်းအရာမေးခွန်းများကို အလှည့်ကျအပြန်အလှန်မေးမြန်းဖြေဆိုခိုင်းပါ။

***အဖြေ -***

**A.**

၁။ ကမ္ဘာကြီးလုံးဝန်းသည်ကို သိရှိခဲ့ကြသည်။

၂။ အိန္ဒိယနိုင်ငံမှ ဝါဂွမ်းထည်၊ တရုတ်နိုင်ငံမှ ပိုးထည်၊ ဟင်းခတ်အမွှေးအကြိုင်ကျွန်းစုမှဟင်းခတ်အမွှေးအကြိုင်များ။

၃။ ဝါဂွမ်းပင်ကိုစိုက်ပြီးနောက်ဝါဂွမ်းမျှင်များမှ အထည်အဖြစ်သို့ပြုလုပ်ရသည်။ ပိုးကောင်များမှပိုးမျှင်ရရှိသည်။ ပိုးကောင်များသည်ပိုးအိမ်များပြုလုပ်သောအခါ ပိုးမျှင်များဖြစ်ပေါ်လာသည်။ ၎င်းပိုးမျှင်များကိုပိုးချည်အဖြစ်သို့ပြုလုပ်ပြီးနောက်အထည်များရက်လုပ်ကြ သည်။ ဟင်းခတ်အမွှေးအကြိုင်များကိုစိုက်ပျိုးပြီးနောက် အခြောက်လှန်းရသည်။

၄။ ၎င်းကုန်ပစ္စည်းအားလုံးသည် ဥရောပတိုက်တွင်အလွန်ဈေးကြီးသည်။ ထို့ကြောင့်ပိုးထည်များနှင့် ဟင်းခေတ်အမွှေးအကြိုင်များကို သယ်ဆောင်လာနိုင်သောကုန်သည်များနှင့်စူးစမ်းလေ့လာသူများသည် မိမိနိုင်ငံအတွက်အမြတ်အစွန်းများစွာရှာပေးနိုင်ခဲ့သည်။ ထို့နောက် သင်္ဘောများစွာဆောက်လုပ်ကာ အာရှတိုက်တွင် ပိုမိုအခြေချနိုင်ခဲ့သည်။

၅။ အခြားနိုင်ငံများရှိနယ်ပယ်များကိုထိန်းချုပ်လိုပါက အင်အားသုံးတိုက်ခိုက်ခဲ့သည်။

**B.**

၁။ အင်္ဂလန်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူကီနှင့် ဟော်လန်တို့ဖြစ်သည်။ ဤနိုင်ငံများ လက်အောက်သို့ကျရောက်ခဲ့သော နိုင်ငံများသည် ကုန်သွယ်ရေးကိုလိုနီနိုင်ငံများသာဖြစ်သည်။ထိုအချိန်တွင်၎င်းဥရောပနိုင်ငံများသည်အာရှတိုက်ရှိနိုင်ငံများအားလုံးကိုမသိမ်းပိုက်ခဲ့သေးပေ။

၂။ အာဖရိကတိုက်မှ ကျွန်များ

၃။ ဥရောပတိုက်တွင် စက်မှုတော်လှန်ရေးစတင်ခဲ့သည်။

၄။ ဗြိတိသျှ

**လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများကို အုပ်စုငယ်လေးများအဖြစ်သို့ခွဲပါ။ ၄င်းတို့အားပုံများကိုကြည့်ခိုင်းပြီးပုံတစ်ပုံစီကို ဖော်ပြသော စာတစ်ကြောင်းစီရေးခိုင်းပါ။ ထို့နောက်ပုံများကိုလည်းအစဉ်လိုက်စီခိုင်းပါ။

*ဖြစ်နိုင်ခြေသောအဖြေ -*

b. ဥရောပတိုက်သားများသည် ကမ္ဘာကြီးလုံးဝိုင်းသည်ကိုနားလည်သဘောပေါက်ပြီးနောက် အိန္ဒိယနှင့်တရုတ်နိုင်ငံကဲ့သို့သော ဝေးလံသော အခြားနေရာများသို့စတင်ကုန်သွယ်ခဲ့သည်။

d. အိန္ဒိယနှင့်တရုတ်နိုင်ငံတွင် ဥရောပတိုက်သားများသည် ပိုးထည်၊ ဝါဂွမ်းထည်၊ ကြွေထည်၊ ရွှေ၊ ဟင်းခတ်အမွှေးအကြိုင်၊ လက်ဖက်ရည်နှင့် ကော်ဖီတို့ကိုဝယ်ယူသည်။

c. အင်္ဂလန်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူကီနှင့်ဟော်ဟန်တို့သည် အာဖရိကမှကျွန်များသယ်ဆောင်လာပြီးအမေရိကန်ရှိ၄င်းတို့လက်အောက်ခံနိုင်ငံများတွင် စိုက်ခင်းများအလုပ်လုပ်စေသည်။

A. ကျွန်များကိုခိုင်းစေမှုနှင့်ကုန်သွယ်မှုများမှရရှိလာသောအမြတ်အစွန်းများဖြင့်ဥရောပတိုက်သားများသည်စက်ရုံများကိုဆောက်လုပ်စေနိုင်ပြီးနောက်စက်မှုတော်လှန်ရေးကိုစတင်ခဲ့သည်။ အကျိုးဆက်အနေဖြင့်ဥရောပတိုက်သည် ဈေးနှုန်းသက်သာသောကုန်ပစ္စည်းများကိုပိုမိုထုတ်လုပ်နိုင်ခဲ့သည်။

**လေ့ကျင့်ခန်း**

ဤသင်ခန်းစာကိုပြန်လည်ဆန်းစစ်ရန်အတွက် အောက်ပါမေးခွန်းများကို ကျောင်းသားကျောင်းသူများနှင့်ဆွေးနွေးပါ။

***အဖြေ -***

**A.** လက်ဖက်နှင့်ကော်ဖီတို့အပြင် ဟင်းခတ်အမွှေးအကြိုင်(ငရုပ်ကောင်း၊ ဇာတိပ္ပလ်ပွင့်၊ သစ်ကြံပိုးခေါက်၊အစရှိသည်ဖြင့်)။ ထုတ်ကုန်(ဝါဂွမ်း အထည်အလိပ်၊ ပိုးထည်၊ ကြွေထည်)

**B.** ဥရောပတိုက်သားများသည် ကုန်သွယ်ရေးစခန်းများတည်ဆောက်ကာ သီးနှံစိုက်ပျိုးနိုင်ရန်အတွက် နယ်မြေများကိုအင်အားသုံးသိမ်းယူခဲ့သည်။ ထို့အပြင် အရှေ့တောင်အာရှဒေသတစ်ခုလုံးရှိနယ်မြေအများအပြားကို ထိန်းချုပ်နိုင်ရန်အတွက်အချင်းချင်းအပြန်အလှန်တိုက်ခဲ့ကြသည်။

**C.** ၁၇၀၀ ခုနှစ်တွင် ဥရောပတိုက်သားများသည် အာရှတိုက်တွင် နယ်မြေထိန်းချုပ်မှုမြင့်တင်ခဲ့သည့်အပြင် အာဖရိကမှကျွန်များကိုခိုင်းစေ၍အာမေရိကတိုက်တွင်လည်း စိုက်ခင်းလုပ်ကိုင်ခဲ့သည်။ ဤသို့ဖြင့် ဥရောပတိုက်တွင် စက်မှုတော်လှန်ရေးစတင် နိုင်ရန်လိုအပ်သောငွေကြေးများကို ရယူနိုင်ခဲ့သည်။ အာရှတိုက်သည် ကုန်ကြမ်းပစ္စည်းပင်ရင်းတစ်ခုနှင့် ဥရောပမှထုတ်သော ကုန်ပစ္စည်းများအတွက် ဈေးကွက်တစ်ခုဖြစ်လာခဲ့သည်။

## ၃။(၃) တိုက်ခိုက်သိမ်းပိုက်ခြင်းနှင့် အခြေချနေထိုင်ခြင်း

**ကြိုတင်လေ့လာခြင်း**

ကျောင်းသားကျောင်းသူများအား ကိုလိုနီစနစ်တိုက်ခိုက်သိမ်းပိုက်ခြင်းနှင့် အခြေချနေထိုင်ခြင်းအဆင့်အကြောင်းကိုခန့်မှန်းတွေးခေါ်ခိုင်းပါ။ သင်ပုန်းပေါ်တွင်၄င်းတို့ထင်မြင်ချက်နှင့်ခန့်မှန်းချက်များကိုရေးပါ။ ထို့နောက်ပေးထားသောစာပိုဒ်များကို ဖတ်စေပြီးနောက်၄င်းတို့ခန့်မှန်းချက်မှန်မမှန်မေးပါ။

ပေးထားသောအကြောင်းအရာကိုနားလည်အောင်ထပ်မံလေ့ကျင့်ပေးလိုပါကသင်ပုန်းပေါ်တွင်ကပ်သော စာပိုဒ်ကို သွားဖတ်၍ရေးချသူအားပြန်လာပြောပြသောလှုပ်ရှားမှုတစ်ခုပြုလုပ်နိုင်သည်။ ကျောင်းသားကျောင်းသူများကိုအုပ်စုလေးစုခွဲ၍ နှစ်အုပ်စုအားစာပိုဒ် တစ်ပိုဒ်ကိုတာဝန်ယူခိုင်းပြီး အခြားအုပ်စုနှစ်စုအား နောက်ထပ်စာပိုဒ်တစ်ပိုဒ်ကို တာဝန်ယူခိုင်းပါ။ ဤလှုပ်ရှားမှုကို ပြုလုပ်ရာတွင်ကျောင်းသားကျောင်းသူများအား ၄င်းတို့စာအုပ်ကိုပိတ်ခိုင်းပါ။

သင်ပုန်းပေါ်တွင်ကပ်ထားသောစာပိုဒ်ကိုသွားဖတ်၍ ရေးချသူအားပြန်လာပြောပြသော လှုပ်ရှားမှုကျောင်းသားကျောင်းသူများသည် အုပ်စုဖြင့်လုပ်ဆောင်ရမည်။ တစ်စုစီတွင် အတွင်းရေးမှူးတစ်ယောက်ထားရှိပြီး ကျန်ရှိသူများအား သတင်းစကားပါးသူများအဖြစ်သတ်မှတ်ပါ။ ထိုင်ခုံမှကျောင်းသားကျောင်းသူများ လှမ်းမမြင်နိုင်အောင်သင်ပုန်းပေါ်တွင် အကြောင်းအရာကို ကပ်ထားပါ။ ထို့နောက်သတင်းပေးသူများအား အကြောင်းအရာကိုသွားဖတ်ခိုင်းပြီးရေးချသူအားပြန်လည်ပြောခိုင်းပါ။ အတွင်းရေးမှူးမှအကြောင်းအရာအားလုံးကို ရေးချပြီးသည်အထိသတင်း ပေးသူများအားအကြောင်းအရာကိုထပ်မံ သွားဖတ်ခိုင်းပါ။ ရေးချပြီးလျှင် ကျောင်းသားကျောင်းသူအုပ်စုများအား ၄င်းတို့ရေးချထားသော အကြောင်းအရာများကို ဖတ်ပြခိုင်းပြီး နှိုင်းယှဉ်ခိုင်းပါ။ သို့မဟုတ်စာရွက်များကိုဖလှယ်ခိုင်းပြီးစစ်ဆေးခိုင်းပါ။ အမှားအနည်းဆုံးရှိသော အုပ်စုသည်အနိုင်ရသောအဖွဲ့ဖြစ်ပါသည်။

ကျောင်းသားကျောင်းသူများသည် ပေးထားသောအကြောင်းအရာကိုအခြေခံ၍အုပ်စုဖြင့် မေးခွန်းများကိုဖြေရမည်။

***ဖြစ်နိုင်ခြေရှိသောအဖြေ -***

**a.** သတ္တုဓာတ်၊ အုန်းဆီ၊ ရော်ဘာ၊ သစ်

**b.** အဓိကအားဖြင့် အာရှတိုက်နှင့်အာဖရိက

**c.** စက်၊ အဝတ်အစား၊ ကိရိယာတန်ဆာပလာ၊ လက်နက်

**d.** အခြားနိုင်ငံများသို့ ရောင်းချသည်၊

**တိုးချဲ့လေ့ကျင့်ခန်း**

မေးခွန်းများကိုဖြေပြီးနောက် ကျောင်းသားကျောင်းသူများအား အုပ်စုခွဲ၍ ပေးထားသောအကြောင်းအရာကို ပုံဆွဲ၍သရုပ်ဖော်ခိုင်းပါ။ ထို့နောက် ပုံများကိုနှိုင်းယှဉ်ကြည့်ခိုင်းပါ။

အခြားတစ်နည်းမှာပုံဆွဲခြင်းကို မကြိုက်သောသို့မဟုတ်မလိုလားသော ကျောင်းသားကျောင်းသူများအားအကြောင်းအရာကိုလွတ်လွတ်လပ်လပ်ရေခိုင်းပါ။ ကျောင်းသားကျောင်းသူများသည် ဥရောပတိုက်သားများ နယ်ချဲ့ခြင်းနှင့် စကော်ပူတော်လှန်ရေးကိုရွေးချယ်ရေးသားနိုင်သည်။ စာအုပ်ထဲရှိအကြောင်းအရာများကို ပြန်လည်ကူးယူခြင်းမဟုတ်ဘဲ မည်သည့်ဘာသာဖြင့်မဆိုရေးသားနိုင်သည်။

**ဆွေးနွေးခန်း**

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

၄င်းနယ်ချဲ့နိုင်ငံများသည်အာရှတိုက်နိုင်ငံများကို အင်အားသုံးတိုက်ခိုက်သိမ်းပိုက်၍ တရားဝင်ကိုလိုနီထိန်းချုပ်မှုကိုတည်ထောင်ခဲ့သည်။ ဤသို့ဖြင့် ၄င်းတို့လက်အောက်ခံနိုင်ငံများ စီးပွားရေးကိုချုပ်ကိုင်ကာဈေးကွက်များကိုရယူခဲ့ကြသည်။

**တိုးချဲ့လေ့ကျင့်ခန်း**

သင်ပုန်းပေါ်တွင် အောက်ပါကဲ့သို့သော ဇယားတစ်ခုဆွဲပါ။

| စူးစမ်းသွားလာခြင်းနှင့် ကုန်သွယ်မှု | တိုက်ခိုက်သိမ်းပိုက်ခြင်းနှင့် အခြေချနေထိုင်ခြင်း |
| --- | --- |
| | |

ကျောင်းသားကျောင်းသူများအား ယခင်သင်ခန်းစာမှလေ့လာပြီးသောအချက်အလက်အားလုံးကို ပြန်လည်စုစည်းခိုင်းပါ။ သို့မဟုတ် အထက်ပါဇယားထဲတွင် နှစ်ပိုင်းခွဲ၍ စုစည်းထည့်သွင်းခိုင်းပါ။

*ဖြစ်နိုင်ခြေရှိသောအဖြေများ -*

စူးစမ်းရှာဖွေခြင်းနှင့်ကုန်သွယ်မှုအဆင့်ကာလ အတောအတွင်းဥရောပတိုက်သားများသည် အာရှတိုက်(အခြားကမ္ဘာ့ဒေသများမှ)မှထုတ်လုပ်သော ကုန်ပစ္စည်းများကိုဝယ်ယူလိုခဲ့သည်။ ထို့အပြင်၄င်းတို့သည်ကုန်သွယ်ရေးစခန်းအချို့တည်ဆောက်ခဲ့ပြီးနယ်မြေအစိတ်အပိုင်း အနည်းကိုထိန်းချုပ်နိုင်ခဲ့သည်။

အောင်နိုင်ခြင်းနှင့် အခြေချနေထိုင်ခြင်းအဆင့်ကာလအတောအတွင်း ဥရောပတိုက်သားများသည် ကိုလိုနီနိုင်ငံများထံမှကုန်ပစ္စည်းများဝယ်ယူခြင်းထက်မိမိတို့ထုတ်လုပ်သောကုန်ပစ္စည်းများကိုရောင်းချလိုသည်။ မိမိတို့နိုင်ငံရှိစက်ရုံများအတွက် ကုန်ကြမ်းပစ္စည်းများကိုသာဝယ်ယူလိုခဲ့သည်။ ဤအဆင့်ကာလတွင်၄င်းတို့သည်နယ်မြေအမြောက်အများနှင့် လက်အောက်ခံနိုင်ငံအစိုးရများကိုလည်း ထိန်းချုပ်ခဲ့သည်။

**ဆွေးနွေးခန်း**

အတိတ်တွင်ဖြစ်ပျက်ခဲ့သောအခြေအနေနှင့် ခြားနားစွာမည်သို့ဖြစ်ပျက်နိုင်ခဲ့သည်ကို မသိနိုင်သောကြောင့် ဤမေးခွန်းသည် ထင်မြင်ချက်မေးခွန်းသာဖြစ်သည်။ ဆရာဆရာမများသည်ကျောင်းသားကျောင်းသူများထံမှစီးပွားရေးနှင့်နိုင်ငံရေး ထင်မြင်ချက်များထွက်ပေါ်လာအောင်ထိုးထွင်းစဉ်းစားခိုင်းပါ။ ကျောင်းသားကျောင်းသူများကိုအကျပ်ရိုက်စေပါက အောက်ပါမေးခွန်းများဖြင့် လမ်းကြောင်းပေးနိုင်သည်။

**a.** အရှေ့တောင်အာရှတွင် ဥရောပတိုက်သားများ အုပ်ချုပ်မှုကိုရှောင်လွှဲနိုင်ခဲ့သောနိုင်ငံရှိပါသလား။

**b.** နယ်ချဲ့အုပ်ချုပ်မှုကိုရှောင်လွှဲနိုင်ရန်အတွက် ၄င်းနိုင်ငံသည် မည်သို့ဆောင်ရွက်ခဲ့သနည်း။

**c.** ၄င်းရှောင်လွှဲခြင်းနည်းဗျူဟာများသည် အရှေ့တောင်အာရှရှိအခြားဒေသများအတွက် အကျိုးဝင်နိုင်ပါသလား။

အချက်အလက်များပိုမိုရရှိလိုပါက ကျောင်းသားကျောင်းသူများအား နယ်ချဲ့အုပ်ချုပ်မှုကိုအောင်မြင်စွာ ရှောင်လွှဲနိုင်ခဲ့သော ထိုင်းနိုင်ငံသမိုင်းကြောင်းကို လေ့လာခိုင်းနိုင်သည်။

ကျောင်းသားကျောင်းသူများကိုအုပ်စုခွဲ၍ ပေးထားသောဖြစ်ရပ်များကို အစဉ်လိုက်စီခိုင်းပါ။

*အဖြေ -*

b, e, a, d, c

**လေ့ကျင့်ခန်း**

ပေးထားသောဇယားထဲတွင် အရှေ့တောင်အာရှကိုလိုနီသမိုင်းနှင့်ပတ်သက်၍ အချက်အလက်အချို့ကိုထည့်သွင်းပေးထားသည်။ ဇယားကွက်ထဲရှိနေရာဒေသနှင့်ခုနှစ်သက္ကရာဇ်များကိုကျောင်းသားကျောင်းသူများမှသိရှိထားပြီးသား သို့မဟုတ် အလွတ်ရပြီးသားဖြစ်လိမ့်မည်မဟုတ်ပေ။

ဒုတိယကမ္ဘာစစ်ကာလအတွင်း အရှေ့တောင်အာရှဒေသအများစုကို ဂျပန်နိုင်ငံမှအုပ်ချုပ်နိုင်ခဲ့သည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ရပ်ဖြစ်သည်။ ဤအကြောင်းကိုနောက်စာမျက်နှာများတွင်လေ့လာရမည်ဖြစ်သည်။ ယနေ့နိုင်ငံအချို့သည်မကြာသေးမီကာလအထိ ပေါင်းစည်းနိုင်ခဲ့ခြင်းမရှိသည်မှာလည်း အရေးကြီးသောအချက်တစ်ချက်ဖြစ်ကိုပြောပြရမည်။ ဥပမာ- မလေးရှားနိုင်ငံသည် ၁၉၆၃ ခုနှစ်အထိ လက်ရှိခြေအနေကဲ့သို့ မပေါင်းစည်းနိုင်ခဲ့ပေ။ ၁၉၆၃ ခုနှစ်မတိုင်မီတွင် ၄င်းဒေသလွတ်လပ်သောဘုရင့်နိုင်ငံများနှင့် ကိုလိုနီနိုင်ငံများပေါ်ပေါက်ခဲ့ကာ ဗြိတိသျှတို့သည်လည်း ၄င်းဒေသတွင် အလွန်ခိုင်မာ စွာထိန်းချုပ်နိုင်ခဲ့သည်။

ပေါ်တူကီနှင့် နယ်သာလန်ကဲ့သို့ ကိုလိုနီနိုင်ငံအဖြစ် သိမ်းပိုက်အုပ်ချုပ်သည့်နိုင်ငံအချို့သည် ဒေသတစ်ခုလုံးကိုထိန်းချုပ်ရန် မရည်မှန်းခဲ့ပေ။ ၎င်းတို့သည် တပ်စခန်းများ သို့မဟုတ် မြို့များကိုသာရည်ရွယ်ခဲ့သည်။ ကျောင်းသားကိုင်စာအုပ်မြေပုံ၁၃တွင် ၎င်းနေရာအချို့ကိုဖော်ပြထားသည်။

| နံပါတ် | နိုင်ငံ | ကိုလိုနီသမိုင်း |
|---|---|---|
| ၁။ | ဖိလစ်ပိုင် | စပိန်(၁၅၂၁-၁၈၉၈)၊ အမေရိကန်(၁၈၉၈-၁၉၄၈)၊ ဂျပန်(၁၉၄၂-၁၉၄၃) |
| ၂။ | ဘရူနိုင်း | ဗြိတိသျှ(၁၈၈၈-၁၉၄၁)၊ ဂျပန်(၁၉၄၁-၁၉၄၅)၊ ဗြိတိသျှ(၁၉၄၅-၁၉၈၄) |
| ၃။ | အင်ဒိုနီးရှား | နယ်သလန်(၁၈၀၀-၁၉၄၁)၊ ဂျပန်(၁၉၄၁-၁၉၄၅)၊ နယ်သလန်(၁၉၄၅-၁၉၈၉) |
| ၄။ | စင်္ကာပူ | ဗြိတိသျှ(၁၈၁၉-၁၉၄၂)၊ ဂျပန်(၁၉၄၂-၁၉၄၅)၊ ဗြိတိန်(၁၉၄၅-၁၉၆၅) |
| ၅။ | မလေးရှား | ဗြိတိသျှ(၁၇၉၈-၁၉၄၁)၊ ဂျပန်(၁၉၄၁-၁၉၄၅) |
| ၆။ | ကမ္ဘောဒီးယား | ပြင်သစ်(၁၈၆၇-၁၉၄၁)၊ ဂျပန်(၁၉၄၁-၁၉၄၅)၊ ပြင်သစ်(၁၉၄၅-၁၉၅၃) |
| ၇။ | ဗီယက်နမ် | ပြင်သစ်(၁၈၈၅-၁၉၅၄) |
| ၈။ | ထိုင်း | - |
| ၉။ | လာအို | ဗြိတိသျှ(၁၈၂၄-၁၉၄၇) |
| ၁၀။ | မြန်မာ | ဗြိတိသျှ(၁၈၂၄-၁၉၄၇) |
| ၁၁။ | အရှေ့တီမော | ပေါ်တူကီ(၁၇၆၉-၁၉၄၅)၊ အင်ဒိုနီးရှား(၁၉၇၅-၁၉၉၉) |

## လေ့ကျင့်ခန်း

ကျောင်းသူကျောင်းသားများအား ပေးထားသောအကြောင်းအရာကိုဖတ်ခိုင်းပြီးနောက် ၎င်းတို့ကိုအုပ်စုငယ်လေးများအဖြစ်သို့ခွဲ၍ ဤမေး ခွန်းများကိုဆွေးနွေးဖြေခိုင်းပါ။ သို့မဟုတ် အိမ်စာအဖြစ်မေးခွန်းများကိုဖြေခိုင်းပါ။

***အဖြေ -***

**A.** ဂျပန်တို့သည် အရှေ့တောင်အာရှ ပေါကြွယ်ဝသောသယံဇာတကို လိုလားမက်မောခဲ့သည်။

**B.** ဥရောပတိုက်သားများအုပ်ချုပ်မှုလက်အောက်မှ လွတ်မြောက်စေနိုင်သော ယူဆမှုနှင့်အာရှတိုက်သားအချင်းအချင်းဖြစ် သဖြင့်မိမိတို့အတွက်ပိုမိုကောင်းမွန်မည်ဟုယူဆသောကြောင့် အစပိုင်းတွင်ကြိုဆိုခဲ့ကြသည်။

**C.** လွတ်လပ်ရေးရရှိရေး။

**D.** အဖြေများမှာ ကျောင်းသားကျောင်းသူတစ်ဦးချင်းပေါ်တွင်သာပေါ်မူတည်။

## တိုးချဲ့လေ့ကျင့်ခန်း

ကျောင်းသားကျောင်းသူများအား အချိန်(၁၀-၁၅)မိနစ်ခန့်ပေး၍ ကိုလိုနီစနစ်အဆင့်နှစ်ဆင့်အကြောင်းသို့မဟုတ်ဤအခန်းတွင်လေ့လာပြီးသော မည်သည့်အကြောင်းအရာကိုမဆို ၎င်းတို့မှတ်မိသမျှရေးခိုင်းပါ။ ကျောင်းသားကိုင်စာအုပ်ထဲရှိမေးခွန်းများသည် ဥပမာအနေဖြင့် ပေးထားသောမေးခွန်းများဖြစ်သည်။ ကျောင်းသားကျောင်းသူများသည်အကြောင်းအရာကို ရေးသားသောအခါ၎င်းမေးခွန်းများအတိုင်းဖြေဆိုရန်မလိုအပ်ပါ။၎င်းတို့ရေးချင်သောမည်သည့်အရာကိုမဆိုရေးသားနိုင်သည်။မည်သည့်ဘာသာစကားဖြင့်မဆိုရေးသားခိုင်းနိုင်သည်။

## ၃။(၄) ကိုလိုနီအုပ်ချုပ်မှု အကျိုးသက်ရောက်မှု

**ကြိုတင်လေ့လာခြင်း**

ကိုလိုနီစနစ်စကားလုံးကိုသင်ပုန်းပေါ်တွင် ရေးချပြီးကျောင်းသားကျောင်းသူများအား ၄င်းနှင့်ပတ်သက်၍အချက်အလက်များကိုစဉ်းစားတွေးခေါ်ခိုင်းပါ။ ကျောင်းသားကျောင်းသူများမှတင်ပြလာသော အချက်အလက်များကိုစိတ်ကူးဖော်မြေပုံဖြင့်စုစည်းပါ။ စိတ်ကူးဖော်မြေပုံတွင်ကိုလိုနီစနစ်နှင့်ဆက်စပ်သောထင်မြင်ယူဆချက်များအပြင်ဤအခန်းသင်ခန်းစာ(၂)တွင်လေ့လာခဲ့ပြီးသောအကြောင်းအရာများကိုလည်း ထည့်သွင်းပေးနိုင်သည်။

**ဥပမာ စိတ်ကူးဖော်မြေပုံ -**

ကိုလိုနီ

- စီးပွားရေး - ထုတ်ကုန်၊ သဘာဝသယံဇာတ၊ ကုန်သွယ်မှု၊ ပို့ကုန်၊ သွင်းကုန်။
- စူးစမ်းရှာဖွေခြင်း
- ဖွံ့ဖြိုးတိုးတက်မှု
- နိုင်ငံရေး - ထိန်းချုပ်မှု၊ အောင်နိုင်မှု၊ ကျူးကျော်မှု၊ စစ်ပွဲ၊ ပဋိပက္ခ
- လူ့အဖွဲ့အစည်း

**ဆွေးနွေးခန်း**

ကျောင်းသားကျောင်းသူများထင်မြင်ယူဆချက်အားလုံး ကိုသင်ပုန်းပေါ်တွင်ရေးပြီးနောက်ကိုလိုနီစနစ်အကျိုးဆက်အနေဖြင့်လူတို့ရှင်သန်နေထိုင်မှုမည်သို့ပြောင်းလဲခဲ့သည်ကိုမေးပါ။ စိတ်ကူးဖော်မြေပုံမှ အချက်အလက်များကိုယူ၍ အောက်ပါမေးခွန်းများကဲ့သို့မေးမြန်းနိုင်သည်။

- ကိုလိုနီအုပ်ချုပ်မှုသည် လူ့အဖွဲ့အစည်းကို မည်သို့ထိခိုက်ခဲ့သနည်း။
- ကိုလိုနီဖွံ့ဖြိုးတိုးတက်မှုသည် အရှေ့တောင်အာရှသားတို့ရှင်သန်နေထိုင်မှုကို မည်သို့ထိခိုက်ခဲ့သနည်း။
- ဥရောပနှင့်ကုန်သွယ်မှုသည် အရှေ့တောင်အာရှသားတို့ရှင်သန်နေထိုင်မှုကို မည်သို့ထိခိုက်သနည်း။

**လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများကိုအုပ်စုခွဲပြီးနောက်ပေးထားသောအကြောင်းအရာကိုအခြေခံ၍ကိုလိုနီအုပ်ချုပ်မှုစနစ်စီးပွားရေးပေါ်အကျိုးသက်ရောက်မှု အဓိကအချက်များကို အနှစ်ချုပ်ရေးခိုင်းပါ။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

- ရောင်းကုန်သီးနှံများကိုစတင်စိုက်ပျိုးခြင်း
- ဥရောပဈေးကွက်များပေါ် မှီခိုနေရခြင်း
- ဈေးပေါသောစက်မှုထုတ်ကုန်များကိုစတင်ရောင်းချခြင်း

**ကြိုတင်လေ့လာခြင်း**

ကျောင်းသားကျောင်းသူများအား ကိုလိုနီစနစ်နိုင်ငံရေးနှင့်လူမှုရေးတို့ပေါ် အကျိုးသက်ရောက်မှုအကြောင်းကို စဉ်းစားတွေးခေါ်ခိုင်းပါ။ အများအပြားသိရှိနိုင်ထားလိမ့်မည်မဟုတ်သော်လည်း ၎င်းတို့အကြောင်းကိုလေ့လာရမည်ဖြစ်သည်။ ဤမေးခွန်းကိုနောက်လာမည့်လေ့ကျင့်ခန်းတွင်ဖြေဆိုစေပါ။

**လေ့ကျင့်ခန်း**

***ဖြစ်နိုင်ခြေရှိသောအဖြေ -***

**A.** အရှေ့တီမောကဲ့သို့သောနိုင်ငံအချို့တွင် နယ်ချဲ့အစိုးရသည်ဒေသခံဖွဲ့စည်းအုပ်ချုပ်မှုတည်ဆောက်ပုံကို အသုံးပြုအုပ်ချုပ်ခဲ့သည်။ အိန္ဒိယကဲ့သို့သောအခြားနိုင်ငံများတွင်နယ်ချဲ့အစိုးရများသည် ဒေသခံအုပ်ချုပ်မှုတည်ဆောက်ပုံကို အုပ်ချုပ်သူဥရောပတိုက်သားများဖြင့်အစားထိုး အုပ်ချုပ်ခဲ့သည်။

**B.** စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှု၊ နိုင်ငံရေးဆိုင်ရာအကျိုးသက်ရောက်မှု၊ လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှု။

| စီးပွားရေးဆိုင်ရာအကျိုးသက်ရောက်မှု | နိုင်ငံရေးဆိုင်ရာအကျိုးသက်ရောက်မှု | လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှု |
|---|---|---|
| ● ရောင်းကုန်သီးနှံများကိုစိုက်ပျိုးရန်စိုက်ခင်းများပြုလုပ်သည်။ ဒေသတွင်းစီးပွားရေးသည်ဥရောပစီးပွားရေးပေါ်မှီခိုလာခဲ့ရသည်။ | ● နိုင်ငံရေးလွတ်လပ်မှုဆုံးရှုံးခဲ့ရသည်။နိုင်ငံများကြားနယ်နိမိတ်သတ်မှတ်ပေးခဲ့သည်။ဒေသခံများသည်နိုင်ငံရေးတွင်ပါဝင်ခွင့်မရခဲ့ပေ။ မိမိတို့နိုင်ငံအတွက်တာဝန်ထမ်းဆောင်ခွင့်မရခဲ့ပေ။ | ● ဥရောပပညာရေးစနစ်ကိုစတင်သင်ကြားခဲ့သည်။ လူအချို့သည် ဥရောပပညာရေးကိုရရှိခဲ့ကြပြီး ဥရောပတိုက်သားများလုပ်ဆောင်မှုများကိုကိုလိုနီစနစ်တစ်ခုအဖြစ်သိမြင်လာခဲ့သည်။ |

**လေ့ကျင့်ခန်း**

ပေးထားသောစာပိုဒ်လေးပိုဒ်ကိုဖတ်ခိုင်းပြီး နောက်တစ်ပိုဒ်စီကိုအတိုးချုံးရေးသားခိုင်းပါ။ ဤလေ့ကျင့်ခန်းကိုပြုလုပ်ရာတွင် ကျောင်းသားကျောင်းသူများအား ကိုယ်ပိုင်ဘာသာစကားဖြင့်ရေးသားခိုင်းနိုင်သည်။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

**၁.** ကိုလိုနီနိုင်ငံ(လက်အောက်ခံနိုင်ငံ)အချို့တွင် စီမံအုပ်ချုပ်မှုဒေသခံခေါင်းဆောင်မှုစနစ်ကိုအသုံးပြုခဲ့သည်။ သို့ဖြင့်ရိုးရာလူမှုရေးဖွဲ့စည်းတည်ဆောက်ပုံကို မူလအခြေအနေအတိုင်းထိန်းသိမ်းထားနိုင်ပြီး၊ ကိုယ်ထူကိုယ်ထစနစ်ကိုတွန်းအားပေးစေသည်။

**၂.** အခြားနေရာဒေသများတွင် ဒေသခံခေါင်းဆောင်မှုစနစ်ကို နယ်ချဲ့အစိုးရများသည်၎င်းတို့စီမံအုပ်ချုပ်မှုဖြင့်အစားထိုးခဲ့သည်။ ဤသို့ဖြင့် ရိုးရာလူမှုရေးဖွဲ့စည်းစည်းဆောက်ဆောက်ပုံကိုပျက်ပြားစေခဲ့သည်။

**၃.** နယ်ချဲ့အစိုးရများသည် ကိုလိုနီနိုင်ငံများတွင် အခြေခံအဆောက်အဦးနှင့်ပညာရေးကို တည်ထောင်ပေးခဲ့သည်။ ဤသို့ဖြင့် နောက်ဆုံးတွင် အမျိုးသားရေးဝါဒကိုကြီးထွားလာစေသည်။

**၄.** ကိုလိုနီစနစ်အကျိုးသက်ရောက်မှုတစ်ခုမှာအာရှတိုက်ရှိနိုင်ငံများကြားတွင်ရှင်းလင်းသောနယ်နိမိတ်သတ်မှတ်ခြင်းဖြစ်သည်။ ဤသို့သတ်မှတ်ခြင်းသည် နယ်စပ်ဒေသများတွင်နေထိုင်သောလူနည်းစုများလွတ်လပ်မှုကိုလျော့နည်းစေသည်။

**လေ့ကျင့်ခန်း**

***အဖြေ -***

ပေးထားသောအကြောင်းအရာသည် အဓိကအားဖြင့် စီးပွားရေးဆိုင်ရာအကျိုးသက်ရောက်မှုအကြောင်းဖြစ်သည်။

**လေ့ကျင့်ခန်း**

***အဖြေ -***

**A.** ဗြိတိသျှစက်မှုထုတ်ကုန်များ။

**B.** လက်ဖက်၊ ကော်ဖီ၊ ငရုပ်ကောင်း၊ ဝါဂွမ်းနှင့် အစည်ရှိဖြင့် (ရောင်းကုန်သီးနှံများ)။

**C.** အိန္ဒိယနိုင်ငံ ရိုးရာစက်မှုလုပ်ငန်းနှင့်လက်မှုလုပ်ငန်းများလည်ပတ်မှုကိုကျဆင်းစေပြီးနောက် အိန္ဒိယရိုးရာစီးပွားရေးတစ်ခုလုံး ကိုပျက်ပြားစေသည်။

**D.** နံပါတ်(၃)သည်အတိကျဆုံးအနှစ်ချုပ်ဖြစ်သည်။ အခြားအနှစ်ချုပ်များမှာမှန်ကန်သော အနှစ်ချုပ်မဖြစ်သည်ကိုကျောင်းသား ကျောင်းသူနှင့်အတူတကွဆွေးနွေးပါ။ နံပါတ်(၁)တွင်အိန္ဒိယနှင့်ဗြိတိသျှကိုရောနှောထားသည်။ နံပါတ်(၂)တွင်အစီအစဉ်တကျမရှိပေ။

နံပါတ်(၄)သည် အကြောင်းအရာ ပထမစာပိုဒ်ကိုအစက်ပုံစံကလေးများဖြင့်ပြန်လည်ရေးထားခြင်းသာဖြစ်သည်။

**လေ့ကျင့်ခန်း**

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

**A.** ဤအကြောင်းအရာသည်ဗြိတိသျှကိုလိုနီစနစ်ကြောင့် အကျိုးစီးပွားထိခိုက်ခဲ့ရသည့် ရက်ကန်းသမားမိသားစုတစ်စုအကြောင်း ဖြစ်သည်။

**B.** အဓိကအားဖြင့် ၁၈ - ၁၉ ရာစု အချိန်ကာလတွင် အိန္ဒိယနိုင်ငံကဲ့သို့သော နိုင်ငံများအပေါ် ကိုလိုနီစနစ်စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုအကြောင်းကိုဖော်ပြထားသည်။

**C.** ကိုလိုနီစနစ် လူမှုရေးထိခိုက်မှုနှင့်ဆိုင်သောအခြားရှုထောင့်များကိုလည်းဖော်ပြထားသည်။ ယင်းအကြောင်းအရာထဲတွင် မိသားစုလူမှုရေးအဆင့်အတန်းများစွာ နိမ့်ကျခဲ့ရခြင်း။ ရက်ကန်းအတတ်ပညာများ ဆုံးရှုံးပြီးကလေးများလည်းပညာမသင်နိုင်သော ကြောင့်မိသားစုပညာရေးအဆင့်အတန်းလည်း နိမ့်ကျသွားလိမ့်မည်။

**D.** မည်သည့်အရာကပိုကောင်းသည်ကိုပြောရန်ခက်သည်။ လက်ဖြင့်အလုပ်လုပ်သောသူများသည် လက်မှုပညာဖြင့်ဝင်ငွေရရှိ နိုင်သည်။ စက်မှုထုတ်ကုန်ပစ္စည်းများသည် ဈေးတော်သောကြောင့်လူများစွာဝယ်နိုင်သည်။ သို့သော်စက်မှုထုတ်ကုန်များကြောင့်ဆိုး ကျိုးများစွာရှိနိုင်သည်။ ဥပမာစက်မှုထုတ်ကုန်များသည်လက်ဖြင့်လုပ်သောရိုးရာကုန်ပစ္စည်းများထက်ပိုမိုကောင်းမွန်သည်ဟုယုံကြည် ကြသည်။ အကျိုးဆက်အနေဖြင့်စက်မှုထုတ်ကုန်များကိုဝယ်ယူသုံးစွဲလာသောကြောင့်ရိုးရာလက်မှုအတတ်ပညာများကွယ်ပျောက်သွား စေနိုင်သည်။ ယဉ်ကျေးမှု အမွေအနှစ်ကိုထိခိုက်စေသည်။

**တိုးချဲ့လေ့ကျင့်ခန်း**

အတန်းသူအတန်းသားများကိုအုပ်စုAနှင့်Bအုပ်စုဟူ၍နှစ်စုခွဲပါ။ အထက်ပါဖြစ်ရပ်ကိုအခြေခံ၍ရိန်းနာဘဝဇာတ်ကြောင်းကို မေးမြန်းရန် အတွက်မေးခွန်းများထုတ်ခိုင်းပါ။

မေးခွန်းများထုတ်ပြီးပါက အုပ်စု A မှကျောင်းသားတစ်ဦးနှင့်အုပ်စု B မှကျောင်းသားတစ်ဦးတွဲထိုင်ခိုင်းပါ။ ထို့နောက်တစ် လှည့်စီသရုပ်ဆောင်၍တစ်ဦးကိုတစ်ဦးအပြန်အလှန်မေးမြန်းပါ။ အောက်တွင်မေးခွန်းအချို့ပေးထားသည်။ သို့သော်ကျောင်းသား ကျောင်းသူများသည်အခြားမေး ခွန်းများကိုလည်းစဉ်းစားမေးမြန်းစေပါ။

- ရက်ကန်းအတတ်ပညာကို ဘယ်နေရာမှာသင်ခဲ့သလဲ။
- ရက်ကန်းရက်ပြီးတော့ ရလာတဲ့အဝတ်အထည်တွေကို ဘယ်လိုအသုံးပြုသလဲ။
- သင့်နိုင်ငံဟာကိုလိုနီစနစ်အောက်ကျရောက်ရတဲ့အတွက်သင့်ရဲ့ဘဝကိုဘယ်လိုထိခိုက်သလဲ။သင့်မိသားစုဘဝကိုရောဘယ်လို ထိခိုက်သလဲ။
- သင့်ကလေးတွေ ပညာသင်ယူနိုင်ပါသလား။
- ယခုလက်ရှိဘာအလုပ်လုပ်နေပါသလဲ။
- သင်ကော ပညာသင်ယူခဲ့ရပါသလား။ ကျောင်းနေခဲ့ဘူးပါသလား။

## ၃။(၅) အမျိုးသားရေးစိတ်ဓာတ်ကြီးထွားလာခြင်း

### ကြိုတင်လေ့လာခြင်း

အမျိုးသားရေးဝါဒဆိုလိုရင်းကို ကျောင်းသားကျောင်းသူများအားမေးပါ။ ၎င်းတို့ထင်မြင်ချက်များကို သင်ပုန်းပေါ်တွင်ရေးပါ။

၎င်းတို့အားအချိန်ငါးမိနစ်ပေး၍အမျိုးသားရေးဝါဒအကြောင်းကိုသိသမျှရေးခိုင်းပါ။ စာရေးသားရာတွင်သဒ္ဒါ၊ ဝါကျ သို့မဟုတ် အချက်လက်မှန်မမှန်မစိုးရိမ်စေပါနှင့်။ မည်သည့်ဘာသာစကားဖြင့်မဆိုရေးသားနိုင်သည်။ ကျောင်းသားကျောင်းသူများရေးသားနေချိန် တွင်လိုက်လံဖတ်ရှုစစ်ဆေးပေးပါ။

ကျောင်းသားကျောင်းသူများရေးသားထားသောအချက်အလက်များကိုအခြေခံ၍ အမျိုးသားရေးဝါဒအကြောင်းကို ဆွေးနွေးပါ။ အောက်ပါမေးခွန်းများကို မေးမြန်းနိုင်သည်။

- အမျိုးသားရေးဝါဒဆိုသည်မှာ အခြားလူမျိုးများအား ဆန့်ကျင်သည်ကို ဆိုလိုပါသလား။
- အမျိုးသားရေးဝါဒဆိုသည်မှာ အခြားတိုင်းရင်းသားလူမျိုးများအပေါ် လွှမ်းမိုးလိုခြင်းကိုဆိုလိုပါသလား ။
- အမျိုးသားရေးဝါဒဆိုသည်မှာ လွတ်လပ်ရေးသက်သက်သာလျှင်ဖြစ်သည်ဟုသင်ထင်ပါသလား။

**လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများအား အချိန်(၁၀)မိနစ်ခန့်ပေး၍ပေးထားသောအကြောင်းအရာနှင့်မေးခွန်းများကိုလေ့လာခိုင်းပါ၊ ထို့နောက် တစ်တန်းလုံးအနေအထားဖြင့် ဆွေးနွေးဖြေဆိုခိုင်းပါ။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

**A.** ၁၉၀၀ခုနှစ်ဝန်းကျင်တွင် ကိုလိုနီလက်အောက်ခံနိုင်ငံများရှိအမျိုးသားရေးဝါဒီများသည် မိမိတို့နိုင်ငံအတွက်လွတ်လပ်ရေးလိုလားခဲ့ကြသည်။

**B.** နိုင်ငံတော်စီးပွားရေးနှင့်စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိတို့နိုင်ငံကို ကိုယ်ပိုင်အုပ်ချုပ်နိုင်ခွင့်ရရှိရန်၊ အမျိုးသား (သို့) တိုင်းရင်းသားပညာရေးကိုဖွံ့ဖြိုးတိုးတက်စေရန်။

**လွတ်လပ်ရေးရယူလိုခြင်းအကြောင်းရင်းများ**

**နိုင်ငံရေး**

လွတ်လပ်ရေး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်
တိုင်းတစ်ပါးသားများအုပ်ချုပ်မှုအောက်တွင် မနေလိုခြင်း
ကိုယ်ပိုင်နိုင်ငံရေးနှင့်အစိုးရစနစ်ထားရှိလိုခြင်း

**လူမှုရေး**

လွတ်လပ်လိုခြင်း
ကိုယ်ပိုင်ယဉ်ကျေးမှုနှင့်အယူဝါဒကိုလေးစားလိုက်နာခြင်း
ကိုယ်ပိုင်အတတ်ပညာနှင့်ကျွမ်းကျင်မှုများကိုဖွံ့ဖြိုးတိုးတက်စေခြင်း
မိမိနိုင်ငံသားများ ပညာရေးအတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချလိုခြင်း
နိုင်ငံသားများကို အဆင့်အတန်းမြင့်ရာထူး ရာခံများဖြစ်စေလိုခြင်း
လူနေမှုအဆင့်အတန်းကိုမြင့်တင်ပြီး ကိုယ်ပိုင်ဘာသာစကားနှင့်ယဉ်ကျေးမှုကိုရှိသေလေးစားခြင်း

**စီးပွားရေး**

စီးပွားရေးကို ကိုယ်ပိုင်ထိန်းချုပ်ခြင်း
မိမိတို့နိုင်ငံ သဘာဝသယံဇာတများကို နယ်ချဲ့အစိုးရများမှကိုယ်ကျိုးတွက်အသုံးချနေခြင်းကိုရပ်တန့်ရန်
ကုန်ကြမ်းများကို ပြည်ပနိုင်ငံများသို့တင်ပို့မည့်အစား မိမိနိုင်ငံတိုးတက်ရေးအတွက်နိုင်ငံတွင်းပင်ကုန်ချောထုတ်လုပ်အသုံးပြုခြင်း

**ဆွေးနွေးခန်း**

ပေးထားသော ပိုစတာကိုကြည့်၍ ယခင်လေ့လာခဲ့သည့်ဂျပန်လူမျိုးခေါင်းစဉ်ရှိပိုစတာနှင့် နှိုင်းယှဉ်ပါ။ ၎င်းပိုစတာများကိုကြည့်ခြင်းဖြင့်မည်သို့ခံစားရသည်ကိုဆွေးနွေးပါ။ ကျောင်းသားကျောင်းသူများပြောသော တွေ့ရှိထင်မြင်ချက်ကိုသင်ပုန်းပေါ်တွင်ရေးပါ။

**တိုးချဲ့လေ့ကျင့်ခန်း**

အတန်းထဲတွင်ပြိုင်ပွဲတစ်ခုပြုလုပ်ပါ။ ကျောင်းသားကျောင်းသူများအားဇင်ဘာလါနိုင်ငံအကြောင်းကိုဦးစွာဖတ်ခိုင်းပြီး နောက်ဇင်ဘာလါပါတီနှင့်ပတ်သက်၍တင်ပြချက်တစ်ခုပြုလုပ်ခိုင်းပါ။အုပ်စုတစ်စုစီသည်ကျောင်းသားကိုင်စာအုပ်ထဲတွင်ပေးထားသော အချက်သုံးချက်စလုံးကို တင်ပြချက်ထဲတွင်ထည့်သွင်းရမည်။

မိနစ်၃၀ခန့်ပြင်ဆင်ခိုင်းပါ။ကျောင်းသားကျောင်းသူများကိုအုပ်စုခွဲ၍အိမ်စာအဖြစ်လည်းလုပ်ခိုင်းနိုင်သည်။ တင်ပြချက်ခိုင်မာမှုရှိစေရန်အတွက်ကျောင်းသားကျောင်းသူများအားပိုစတာ၊ ကာတွန်းရုပ်ပုံများသို့မဟုတ်အခြားသက်ဆိုင်ရာရုပ်ပုံများကိုအသုံးပြုခိုင်းပါ။ အဖွဲ့တိုင်းအတန်းရှေ့တွင်တင်ပြခိုင်းပါ။ အုပ်စုအားလုံးတင်ပြပြီးနောက်မဲပေးခြင်းဖြင့်အကောင်းဆုံးအုပ်စုကိုရွေးပါ (သို့မဟုတ်)တင်ပြချက်မစတင်မီတွင် ဒိုင်လူကြီးတစ်ဖွဲ့ကိုတာဝန်ပေးပြီးၾင်းအဖွဲ့မှအနိုင်ရသောအဖွဲ့ကိုရွေးချယ်စေပါ။

**ကြိုတင်လေ့လာခြင်း**

**A.** ကျောင်းသားကိုင်စာအုပ်ထဲရှိအချိန်အလျားပြမျဉ်းလိုင်းကိုသင်ပုန်းတွင်ရေးပါ။ ထို့နောက်၁၉၄၀-၁၉၅၄ခုနှစ်ကြားတွင်ကမ္ဘာပေါ်ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များကို စဉ်းစားပြောဆိုခိုင်းပြီးမျဉ်းလိုင်းပေါ်တွင်ရေးပါ။ အောက်ပါအဖြစ်အပျက်များကိုဥပမာအဖြစ်အသုံးပြုနိုင်သည်။

| | |
|---|---|
| ဒုတိယကမ္ဘာစစ် | - (၁၉၄၀-၁၉၄၅) |
| ၁၉၄၆ | - ကမ္ဘာ့ကုလသမဂ္ဂကိုတည်ထောင်သည်။ |
| ၁၉၄၇ | - အိန္ဒိယနိုင်ငံလွတ်လပ်ရေးရရှိသည်။ |
| ၁၉၄၉ | - တောင်အာဖရိကတွင် လူမျိုးရေးခွဲခြားမှုစတင်ခဲ့သည်။ |
| ၁၉၅၃ | - ဂျိုးဆက်စတာလင်းကွယ်လွန်သည်။ |

**B.** ကျောင်းသားကျောင်းသူများအား အာရှတိုက်တွင်ဖြစ်ပျက်ခဲ့သောဖြစ်ရပ်များကိုပြောခိုင်းပြီး မျဉ်းလိုင်းပေါ်တွင်ရေးပါ။ အထက်ပါ အချိန်ကာလကိုသာအသုံးပြု၍စဉ်းစားပြောဆိုခိုင်းပါ၊ အောက်ပါဖြစ်ရပ်များကို ဥပမာအဖြစ် အသုံးပြုနိုင်သည်။

| | |
|---|---|
| ၁၉၄၉ | - ဆီယမ်သည် ထိုင်းနိုင်ငံအဖြစ်ပြောင်းလဲခဲ့သည်။ |
| ၁၉၅၃ | - ကမ္ဘောဒီးယားနိုင်ငံ ယာယီလွတ်လပ်ရေးရရှိသည်။ |
| ၁၈၄၈ | - မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည်။ |
| ၁၉၅၄ | - ပြင်သစ်များ ဗီယက်နမ်မှထွက်ခွာသည်။ |
| ၁၉၅၀-၁၉၅၃ | - ကိုရီးယားစစ်ပွဲ။ |

**C.** ထိုအချိန်ကာလရှိဗီယက်နမ်နိုင်ငံအကြောင်းနှင့်ပတ်သက်၍သိရှိထားသောအချက်အလက်များကိုပြောခိုင်းပါ။

**D.** ဗီယက်နမ်နှင့်ပတ်သက်သောအချက်အလက်များကိုအချိန်မျဉ်းလိုင်းပေါ်တွင်ရေးပါ။ အချက်အလက်များကိုသိရှိထားသော်လည်း ဖြစ်ပျက် ခဲ့သည့်အချိန်ကိုမသိပါက ၎င်းအချက်အလက်များကို သင်းပုန်းတစ်နေရာရာတွင် ရေးထားပါ၊ ထို့နောက်ပေးထားသောအကြောင်းအရာကိုကျောင်း သားကျောင်းသူများဖတ်ပြီးသောအခါ အချက်အလက်များကို အချိန်ပြမျဉ်းလိုင်းပေါ်တွင်ပြန်ရေးပါ။

နောက်ထပ်အကြောင်းအရာသည်အမေရိကန်မှတိုက်ရိုက်ပါဝင်ပတ်သက်မှုရှိလာသည့်အစပိုင်းအထိ ၁၉၄၀နှင့် ၁၉၅၄ခုနှစ်ကြားတွင်ဖြစ် ပျက်ခဲ့သောဗီယနမ်နိုင်ငံရှိဖြစ်ရပ်များကို အတိုချုံးထားသည်။ ၁၉၄၀နှင့် ၁၉၅၄ခုနှစ်ကြား ဗီယက်နမ်သမိုင်းတစ်လျှောက် ပါဝင်ပတ်သက်ခဲ့သောနိုင်ငံများအားလုံးကို ကျောင်းသားကျောင်းသူများအား ပေးထားသောအကြောင်းအရာထဲတွင်ရှာဖတ်ခိုင်းပါ။ ထို့ နောက် ၎င်းနိုင်ငံများအခန်းကို ဆွေးနွေးပါ။

## ဖြစ်နိုင်ခြေရှိသောအဖြေများ -

**ပြင်သစ်** - ဗီယက်နမ်ကိုအုပ်ချုပ်ခဲ့သော်လည်း ဂျပန်ကိုလက်လွှတ်ပေးခဲ့ရသည်။ ပြင်သစ်သည်ဒုတိယကမ္ဘာစစ်ပြီးနောက်ဗီယက်နမ်ကို လွတ်လပ်ရေးပေးရမည့်အစားတဖန်ပြန်လည်အုပ်ချုပ်ခဲ့သည်။ ဗီယက်နမ်နိုင်ငံအတွက် လွတ်လပ်ရေးတိုက်ပွဲဝင်သူများကိုဆန့်ကျင်တိုက်ခိုက်သော်လည်း ၁၉၅၄ ခုနှစ်တွင် လက်နက်ချခဲ့သည်။

**ဂျပန်** - ဒုတိယကမ္ဘာစစ်အတွင်းတွင် ဗီယက်နမ်ကိုသိမ်းပိုက်ခဲ့သည်။

**အမေရိကန်** - ဗီယက်နမ်စစ်ပွဲတွင် ငွေကြေးအားဖြင့် ပြင်သစ်ကိုပံ့ပိုးကူညီခဲ့သည်။

## လေ့ကျင့်ခန်း

ပေးထားသောအကြောင်းအရာကို အခြေခံ၍ကျောင်းသားကျောင်းသူများအား တစ်ယောက်ချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲတွဲ၍ မေးခွန်းများကိုဖြေခိုင်းပါ။

***အဖြေ -***

**A.** ဗီယက်နမ်နိုင်ငံလွတ်လပ်ရေးအတွက်အသင်း။

**B.** ပြင်သစ်သည် ဗီယက်နမ်ကိုပြန်လည်ထိန်းချုပ်လိုသောကြောင့်ဖြစ်သည်။

**C.** ပြင်သစ်သည် အမေရိကန်ထံမှ အကူအညီများရရှိခဲ့သည်။

**D.** ဒီယမ်ဘီယမ်ဖူရွာတွင် ရှုံးနိမ့်ခဲ့သည်။

## လေ့ကျင့်ခန်း

ပေးထားသောအကြောင်းအရာကိုအခြေခံ၍ကျောင်းသားကျောင်းသူများအားတစ်ယောက်ချင်းစီသို့မဟုတ်နှစ်ယောက်တစ်တွဲတွဲ၍မေးခွန်းများကိုဖြေခိုင်းပါ။

**A.** မဖြစ်ပါ

**B.** ဗီယက်နမ်ကို တောင်ဗီယက်နမ်နှင့်မြောက်ဗီယက်နမ်ဟူ၍ ခွဲခြားသတ်မှတ်ရန်

**C.** မြောက်ဗီယက်နမ်သည် ကွန်မြူနစ်ဖြစ်လာပြီး တောင်ဗီယက်နမ်သည် အရင်းရှင်နိုင်ငံများ ထောက်ပံ့မှုကိုရရှိသည်။

**D.** အခြားနိုင်ငံများသို့ ကွန်မြူနစ်ဝါဒ ပျံ့နှံ့သွားမည်ကိုစိုးရိမ်မကင်းဖြစ်ကြသည်။

အချိန်ပြမျဉ်းလိုင်းပေါ်တွင်ရေးသားထားသောဖြစ်ရပ်များအကြောင်းကိုကိုယ်ပိုင်စကားဖြင့်စာပိုဒ်တစ်ပိုဒ်ရေးသားခိုင်းပါ။ ဤလေ့ကျင့်ခန်းကိုအိမ်စာအဖြစ် သို့မဟုတ် အတန်းထဲတွင်အတူတကွပြုလုပ်နိုင်သည်။

**ဆွေးနွေးခန်း**

လွတ်လပ်ရေးကြိုပမ်းမှုတွင် ဗီယက်နမ်နိုင်ငံကြုံတွေ့ခဲ့ရသော အတားအဆီးများအကြောင်းကိုဆွေးနွေးပါ။ ကျောင်းသားကျောင်းသူများဆွေးနွေးနေချိန်တွင် ၎င်းအတွေးအခေါ်များကိုလိုက်လံနားထောင်ကြည့်ပါ။ ဆွေးနွေးပြီးရရှိလာသောအဖြေများကိုသင်ပုန်းပေါ်တွင်အနှစ်ချုပ်ရေးပါ။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

**A.** ၁၉၄၀ ခုနှစ်တွင် ပြင်သစ်ထွက်ခွာပြီးနောက် ဂျပန်နိုင်ငံသည် ဗီယက်နမ်ကိုကျူးကျော်တိုက်ခိုက်ခဲ့သည်။

**B.** ၁၉၄၅ခုနှစ်တွင် ဂျပန်များသည်တိုက်ထုတ်ခြင်းခံရပြီးနောက် ပြင်သစ်သည် ဗီယက်နမ်ကို တဖန်ပြန်လည်ထိန်းချုပ်လိုသည်။

**C.** နှစ်များစွာကြာတိုက်ခိုက်ပြီးနောက် ပြင်သစ်သည်ဗီယက်နမ်မှထွက်ခွာခဲ့သည်။ သို့သော်အမေရိကန်နှင့်အခြားဥရောပနိုင်ငံများသည် ဗီယက်နမ်နိုင်ငံကိုတောင်နှင့်မြောက်ဗီယက်နမ်ဟူ၍ ခွဲခြားသတ်မှတ်ခဲ့သည်။

**D.** ဗီယက်နမ်လူမျိုးများသည် အုပ်စုခွဲခြင်းခံရသည်။ အချို့သောဗီယက်နမ်လူမျိုးများသည် ကွန်မြူနစ်များကိုထောက်ခံပြီးအချို့မှာအနောက်တိုင်းနှင့် အရင်းရှင်ဝါဒကိုထောက်ခံအားပေးခဲ့သည်။

**လေ့ကျင့်ခန်း**

***အဖြေ -***

| | |
|---|---|
| ၁၉၄၀ | - ဂျပန်သည် ပြင်သစ်ထံမှ ဗီယက်နမ်ကို သိမ်းပိုက်နိုင်ခဲ့သည်။ |
| ၁၉၄၅ | - ဟိုချီမင်းသည် ဗီယက်နမ်နိုင်ငံအတွက် လွတ်လပ်ရေးကြေညာခဲ့သည်။ |
| ၁၉၄၆ | - ဗီယက်နမ်သည် ပြင်သစ်ကို စတင်ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ |
| ၁၉၅၄ မေလ | - ဒီယမ်ဘီယမ်ရွာရှိဝိုင်းရံပိတ်ဆို့မှုဖြင့် တိုက်ပွဲအဆုံးသပ်ခဲ့သည်။ |
| ၁၉၄၅ အောက်တိုဘာလ | - ဗီယက်နမ်နိုင်ငံကို တောင်နှင့်မြောက်ဗီယက်နမ်ဟူ၍ ခွဲခြားသတ်မှတ်ခဲ့သည်။ |

**လေ့ကျင့်ခန်း**

ပေးထားသောအကြောင်းအရာမှအချက်အလက်များကိုအသုံးပြု၍ကျောင်းသားကိုင်စာအုပ်ရှိအချိန်အလျားပြမျဉ်းလိုင်းကိုဖြည့်စွက်ရမည်။ မည်သည့်အရာမျှ မရေးထားသောအချိန်အလျားပြမျဉ်းလိုင်းကို သင်ပုန်းပေါ်တွင်ရေးပြီးနောက် ကျောင်းသားကျောင်းသူများအား ထင်မြင်ချက်ပြောခိုင်းကာ၎င်းမျဉ်းလိုင်းကိုဖြည့်စွက်ပါ။ အောက်ပါအချက်အလက်များကို ထည့်သွင်းမိရန်လိုအပ်သည်။

| | |
|---|---|
| ၁၉၄၀ | - ပြင်သစ်သည် ဗီယက်နမ်ကိုလက်လွတ်ဆုံးရှုံးခဲ့ရသည်။ |
| ၁၉၄၅ | - ဟိုချီမင်းသည် ဗီယက်နမ်နိုင်ငံအတွက် လွတ်လပ်ရေးကြေညာခဲ့သည်။ |
| ၁၉၄၆ | - ဟိုချီမင်းစစ်တပ်သည် ပြင်သစ်ကို စတင်ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ |
| ၁၉၅၄ | - ဒီယမ်ဘီယမ်တိုက်ပွဲ - ပြင်သစ်သည် ဗီယက်နမ်နိုင်ငံမှထွက်ခွာသည်။ |
| ၁၉၆၄ | - အမေရိကန်သည် မြောက်ဗီယက်နမ်ကိုစတင်တိုက်ခိုက်ခဲ့သည်။ |
| ၁၉၆၅ | - အမေရိကန်တပ်အင်အားများ သိသိသာသာတိုးမြင့်ခဲ့သည်။ |
| ၁၉၇၃ ဇန်နဝါရီ | - ပဲရစ်မြို့ငြိမ်းချမ်းရေးသဘောတူညီစာချုပ်အရ မြောက်ဗီယက်နမ်နှင့် တောင်ဗီယက်နမ်အဖြစ်သတ်မှတ်။ |
| ၁၉၇၃ မတ်လ | - အမေရိကန်စစ်သားများဗီယက်နမ်မှထွက်ခွာခဲ့သည်။ |
| ၁၉၇၅ | - မြောက်ဗီယက်နမ်သည်တောင်ဗီယက်နမ်ကိုတိုက်ခိုက်သိမ်းပိုက်ပြီး နောက်ဗီယက်နမ်ဆိုရှယ်လစ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ခဲ့သည်။ |

## ၃။(၆)ပျိုးထောင်ခါစနိုင်ငံသစ်များအတွက် စိန်ခေါ်မှုများ

**ဆွေးနွေးခန်း**

ပျိုးထောင်ခါစနိုင်ငံသစ်များအတွက် စိန်ခေါ်မှုများအကြောင်းကိုဖတ်၍ဆွေးနွေးပါ။ မေးခွန်းများကိုကျောင်းသားကျောင်းသူများ နားလည်သဘောပေါက်အောင် သေချာရှင်းပြပါ။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

**A.** လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ဆက်နွယ်ခဲ့သောနိုင်ငံရေးမတည်ငြိမ်မှုနှင့်စစ်ပွဲများကြောင့်ပျိုးထောင်ခါစနိုင်ငံသစ်အချို့သည် စီးပွားရေးဆိုင်ရာ ပြဿနာများကိုရင်ဆိုင်ခဲ့ရသည်။ အချို့သောအခြေအနေတွင်ပျိုးထောင်ခါစနိုင်ငံသစ် အချို့ရှိလူမျိုးများသည်ကိုယ်ပိုင်အုပ်ချုပ်မှုအတွေ့အကြုံမရရှိခြင်းနှင့် နိုင်ငံတွင်းမတူညီသောနိုင်ငံရေးလှုပ်ရှားမှုများကြား ပဋိပက္ခများရှိခြင်းတို့ကြောင့်ကြီးမားသော နိုင်ငံရေးတစ်ခုဖြစ်ခဲ့သည်။ ဤပြဿနာများသည်တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာရေးဆိုင်ရာသို့မဟုတ်လူမှုရေးဆိုင်ရာကိစ္စရပ်များကြောင့်ဖြစ်ပေါ်လာခဲ့သည်။ထို့အပြင် အင်အားကြီးမားသော အိမ်နီးချင်းနိုင်ငံများ အန္တရာယ်မှလည်းခုခံကာကွယ်ခဲ့ရသည်။

**B** နှင့် C. မြန်မာနိုင်ငံသည် အကောင်းဆုံးဥပမာဖြစ်ပါသည်။ ကျောင်းသားကျောင်းသူများသည် လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံရင်ဆိုင်နေရသော အခက်အခဲများကိုအနှစ်ချုပ်ဖော်ပြတတ်ရမည်။ ဤအခန်းတွင်ဖော်ပြထားသည့် အရှေ့တီမောနှင့် ဗီယက်နမ် တို့သည်လွတ်လပ်ရေးလွန်ကာလတွင် အခက်အခဲများကိုရင်ဆိုင်ရသောနိုင်ငံများဖြစ်သည်။ ဤနိုင်ငံများသည်နှစ်နှင့်ချီ၍ကြာသော ပြည်တွင်းစစ် သို့မဟုတ်ကျူးကျော်ဝင်ရောက်လာသောနိုင်ငံနှင့်စစ်ပွဲဆင်နွှဲခဲ့ရသည်။

**ကြိုတင်လေ့လာခြင်း**

အရှေ့တီမောနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများသိရှိထားသောအချက်အလက်များကိုပြောခိုင်းပါ။

**လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများအား တစ်ဦးချင်း သို့မဟုတ် နှစ်ယောက်တစ်တွဲသို့မဟုတ်အုပ်စုခွဲ၍ပေးထားသော အကြောင်းအရာ ပဋိပက္ခတွင် ပါဝင်သူအားလုံးနှင့် ၎င်းတို့လိုလားချက်များကိုရှာဖတ်ခိုင်းပါ။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

| ပါဝင်သူ | လိုလားချက်များ | အကြောင်းရင်း |
|---|---|---|
| အရှေ့တီမော | လွတ်လပ်ရေးရရှိရန် | ကိုယ့်ကကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်။ ကိုယ်ပိုင်အုပ်ချုပ်ရေး။ကိုယ်ပိုင် သယံဇာတကိုစီမံခန့်ခွဲရေး |
| အင်ဒိုနီးရှား | အရှေ့တီမောကိုအုပ်ချုပ်ရန် | သယံဇာတပေါကြွယ်ဝမှု။ အင်ဒိုနီးရှားလူနည်းများအား လွတ်လပ်ရေးရယူခြင်းနမူ နာမယူစေလို။ |
| ပေါ်တူကီ | အရှေ့တီမောနိုင်ငံကို ကိုလိုနီနိုင်ငံအဖြစ် ဖြစ်နိုင်သမျှလွယ်ကူလျင်မြန်စွာ လက်လွှတ်ရန်နှင့် အခြားသူတစ်ဦးထံသို့ လွှဲပြောင်းရန် | ဖြစ်ပျက်နေသောကိစ္စရပ်ပေါ်တာဝန်လုံးဝယူလိုစိတ် မရှိတော့သဖြင့်ပေါ်တူကီပြည် သူများသည်ကိုလိုနီ စနစ်ကို မကြိုက်နှစ်သက်တော့ချေ။ |

**ကြိုတင်လေ့လာခြင်း**

ကျောင်းသားကျောင်းသူများအား အရှေ့တီမောတွင်နောက်ထပ် မည်သည့်ဖြစ်ရပ်များဖြစ်ပျက်ခဲ့သည်ကိုမေးပါ။ သို့မဟုတ် စဉ်းစားတွေးခေါ်ခိုင်းပါ။နောက်ပိုင်းတွင် ဤအကြောင်းကိုလေ့လာရမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူများထံမှတုံ့ပြန်ချက်များ ထွက်ပေါ်လာပါက စာရွက်ကြီးတစ်ရွက်ပေါ်တွင်ရေးချပြီးနံရံပေါ်တစ်နေရာရာတွင်ကပ်ထားပါ။

**လေ့ကျင့်ခန်း**

***အဖြေများ -***

**A.** ဆီယမ်၊ ပြင်သစ်၊ ဂျပန်၊ ဗီယက်နမ်(တစ်စိတ်တစ်ပိုင်း)။

**B.** ဗီယက်နမ်စစ်ပွဲသည် လာအိုနိုင်ငံတွင် ပြည်တွင်းစစ်ကိုဖြစ်ပေါ်စေသည်။

**C.** မြောက်ဗီယက်နမ်စစ်တပ်သည်ပါသက်လာအိုသူပုန်များကိုကူညီထောက်ပံ့ခဲ့သည်။ ထို့အပြင် ၎င်းသည်လာအိုအရှေ့ပိုင်းဒေသများကိုလည်းကျူးကျော်ဝင်ရောက်ခဲ့သည်။ ထို့ကြောင့်လာအိုနိုင်ငံရှိ မြောက်ဗီယက်နမ်စစ်အခြေစိုက်စခန်းများကို ဖျက်ဆီးရန် အမေရိကန်မှလာအိုနိုင်ငံကိုဗုံးကျဲခဲ့သည်။ နောက်ပိုင်းတွင်မြောက်ဗီယက်နမ်စစ်တပ်သည်လာအိုနိုင်ငံတွင်ကွန်မြူနစ်အစိုးရတစ်ရပ်ကိုကူညီဖွဲ့စည်းတည်ထောင်ခဲ့သည်။

**ဆွေးနွေးခန်း**

***အဖြေများ -***

**A.** မတိုက်ခိုက်ခဲ့ပါ။ အမေရိကန်သည်လာအိုနိုင်ငံရှိ မြောက်ဗီယက်နမ်စစ်အခြေစိုက်စခန်းများကို ဖျက်ဆီးရန်ကြိုးစားခဲ့သောကြောင့်လာအိုကိုဗုံးကျဲခဲ့သည်။

**B.** စစ်အေးကာလတစ်စိတ်တစ်ပိုင်းကြောင့်ဖြစ်သည်။ ရုရှားပြည်ထောင်စုနှင့်အမေရိကန်တို့သည်အာရှတိုက်ရှိနိုင်ငံများကိုသြဇာလွှမ်းမိုးထိန်းချုပ်နိုင်ရန်အတွက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရုရှားပြည်ထောင်စုသည် ကွန်မြူနစ်ဝါဒကိုအရှေ့တောင်အာရှရှိနိုင်ငံအချို့အပါအဝင်ဖြစ်နိုင်သမျှနိုင်ငံအများအပြားသို့ပျံ့နှံ့သွားရန်ကြိုးစားဆောင်ရွက်ခဲ့သည်။

**လေ့ကျင့်ခန်း**

***အဖြေများ -***

**A.** နိုင်ငံရေးမတည်ငြိမ်မှုနှင့် ပြည်တွင်းစစ်များ

**B.** အင်အားကြီးအိမ်နီးနိုင်ငံများ ဘေးအန္တရာယ်မှ ခုခံကာကွယ်ရခြင်း

### တိုးချဲ့လေ့ကျင့်ခန်း

ကျောင်းသားကျောင်းသူများအား မိမိတို့နိုင်ငံလွတ်လပ်ရေးအကြောင်း သို့မဟုတ် အရှေ့တောင်အာရှရှိနိုင်ငံတစ်နိုင်ငံလွတ်လပ်ရေးအကြောင်းကိုရေးခိုင်းပါ။ ကျောင်းသားကျောင်းသူများအား နိုင်ငံတစ်နိုင်ငံလွတ်လပ်ရေးရယူခဲ့ပုံ၊ အကြောင်းရင်း၊ ကြုံတွေ့ခဲ့ရသောအခိကစိန်ခေါ်မှုများနှင့်ပတ်သက်၍ မိမိတို့နားလည်သဘောပေါက်မှုကို ဖော်ပြရေးသားခိုင်းပါ။ ကျောင်းသားကျောင်းသူများသည် လွတ်လပ်ရေးအကြောင်း သို့မဟုတ် ကိုလိုနီနစ်အကြောင်းကိုလည်းရေးသားနိုင်သည်။ မည်သည့်ဘာသာစကားဖြင့်မဆိုရေးသားခိုင်းနိုင်သည်။

ထို့နောက် အတူတကွဆွေးနွေးပါ။ ကျောင်းသားကျောင်းသူများသည်မည်သည့် ကိစ္စရပ်များအကြောင်းကို ရေးသားသနည်း။ လွတ်လပ်ရေးရရှိခြင်းနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများထင်မြင်ချက်တူညီပါသလား။

## ၃။(၇)ပြန်လည်ဆန်းစစ်ခြင်း

**ပြန်လည်ဆန်းစစ်ခြင်း**

***အဖြေများ -***

၁။ မလက္ကာရေလက်ကြားကိုဖြတ်သောလမ်းကြောင်းနှင့် ခရာကုန်းရိုးကိုဖြတ်ရသောလမ်းကြောင်း။

၂။ ဥရောပတိုက်သားများ မရောက်လာမီကုန်သည်များ၊ စစ်သားများ၊ ဘုရားဖူးများနှင့်ပညာရှင်များသည် အရှေ့တောင်အာရှကို ဖြတ်သန်းသွားလာကြသည်။

၃။ ဟင်းခတ်အမွှေးအကြိုင်သည် ဥရောပတိုက်သားများအတွက် အရေးပါဆုံးကုန်ပစ္စည်းဖြစ်သည်။

၄။ ကိုလိုနီစနစ်လူမှုရေး၊ စီးပွားရေးနှင့်နိုင်ငံရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကိုမနှစ်သက်သောကြောင့်အမျိုးသားရေးဝါဒ စတင်ပေါ်ပေါက်ခဲ့သည်။ အမျိုးသားရေးဝါဒီများသည်မိမိတို့သမိုင်း၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့်ဘာသာအယူဝါဒတို့ကို ဂုဏ်ယူဝင့်ကြွားလေ့ရှိသည်။

၅။ အစောဆုံးအမျိုးသားရေးဝါဒီများသည် ဥရောပတိုက်သားများထံမှ လွတ်လပ်ရေးရယူလိုခဲ့သည်။

၆။ ပြင်သစ်သည်ဗီယက်နမ်ကို ပထဦးဆုံးနယ်ချဲ့အုပ်ချုပ်ခဲ့သည်။ ထို့နောက် ဒုတိယကမ္ဘာစစ်တွင်ဂျပန်နိုင်ငံသည်ဗီယက်နမ်ကို အုပ်ချုပ်ခဲ့သည်။

၇။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြင်သစ်သည်ဗီယက်နမ်ကိုတဖန်ပြန်လည်အုပ်ချုပ်ခဲ့သည်။ ဟိုချီမင်းသည်ပြင်သစ်ကိုနှစ်များစွာ ကြာဆန့်ကျင်တိုက်ခဲ့ပြီးနောက်မှ လွတ်လပ်ရေးရရှိခဲ့သည်။

၈။ ပေါ်တူကီသည် အရှေ့တီမောကို ရှေးဦးစွာနယ်ချဲ့အုပ်ချုပ်ခဲ့သည်။ ပေါ်တူကီထွက်သွားပြီးနောက် အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တီမောသို့ကျူးကျော်ဝင်ရောက်ပြီး အုပ်ချုပ်ခဲ့သည်။

**ကြိုတင်လေ့လာခြင်း**

***ဖြစ်နိုင်ခြေရှိသောအဖြေများ***

၁။ ဥရောပတိုက်သားများအစားအစာသည် ဟင်းခတ်အမွှေးအကြိုင်အသုံးပြုပါက အရသာကောင်းမွန်လာလေ့ရှိပါသည်။ ထို့ကြောင့် ဟင်းခတ်အမွှေးအကြိုင်များသည် ဥပရောပတိုက်သားများအတွက် အလွန်အရေးပါသည်။ ထို့အပြင်ဥရောပတိုက်သားများသည် ဟင်းခတ်အမွှေးအကြိုင်များကို ဆေးဝါးအဖြစ်လည်းအသုံးပြုသည်။

၂။ **ကောင်းကျိုး**

အိန္ဒိယသမုဒ္ဒရာနှင့်ပစိဖိတ်သမုဒ္ဒရာကြားအချက်အချာကျတည်နေရာ၊ အခြားနိုင်ငံများနှင့်ကုန်သွယ်ရန်အတွက်လွယ်ကူချောမွေ့သည်။သင်္ဘောများသည်မလက္ကာရေလက်ကြားကိုဖြတ်သန်းသွားလာခြင်းအပေါ်အခွန်ကောက်ခံ ခြင်းဖြင့်အခြားနိုင်ငံများကုန်သွယ်မှုကိုထိန်းချုပ်နိုင်သည်။ မလက္ကာရေလက်ကြားကိုထိန်းချုပ်ခြင်းဖြင့် အင်ပါယာသြဇာအာဏာ (နိုင်ငံရေးအာဏာပိုမို) ကြီးထွားလာနိုင်သည်။ ငါးဖမ်းလုပ်ငန်းအတွက်ကောင်းမွန်သည်။

**ဆိုးကျိုး**

ပင်လယ်ရေကြောင်းဖြင့် ကျူးကျော်တိုက်ခိုက်ခံရနိုင်သည်။ အခြားနိုင်ငံများကလည်းရေလက်ကြားကို ထိန်းချုပ်လိုသဖြင့် တိုက်ခိုက်သိမ်းပိုက်နိုင်သည်။

၃။ ဥရောပတိုက်သားများနယ်ချဲ့ဝါဒသည်အာရှတိုက်မှဟင်းခတ်အမွှေးအကြိုင်များကိုလိုချင်မက်မောမှုမှစတင်ခဲ့သည်။ အင်အားကြီးဥရောပနိုင်ငံများသည်ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်မှုကိုထိန်းချုပ်လိုခဲ့သည်။ မလက္ကာရေလက်ကြားသည်ပစိဖိတ်ကျွန်းစုများသို့သာမက အရှေ့နှင့်အရှေ့တောင်အာရှသို့တိုက်ရိုက်သွားနိုင်သောလမ်းကြောင်းဖြစ်သောကြောင့်၎င်းကိုထိန်းချုပ်နိုင်ခြင်းသည် အိန္ဒိယသမုဒ္ဒရာကိုဖြတ်ကျော်ပြီး ပြုလုပ်ရသောကုန်သွယ်မှုအားလုံးကိုထိန်းချုပ်နိုင်ရန် ပထမအဆင့်ဖြစ်သည်။

၄။ စူးစမ်းသွားလာမှုနှင့်ကုန်သွယ်မှုအဆင့်တွင် ဥရောပတိုက်သားများသည် အာရှတိုက်နှင့်အခြားကမ္ဘာ့ဒေသမှထုတ် လုပ်သောကုန်ပစ္စည်းများကိုဝယ်ယူလိုခဲ့ကြသည်။ ထို့အပြင် ကုန်သွယ်ရေးစခန်းများ စတင်တည်ထောင်၍ နယ်မြေအစိတ်အပိုင်းအနည်းငယ်ကို ထိန်းချုပ်ခဲ့သည်။ အောင်နိုင်ခြင်းနှင့်အခြေချနေထိုင်ခြင်းအဆင့်တွင် ဥရောပတိုက်သားများသည် ကိုလိုနီနိုင်ငံများထံမှ ကုန်ပစ္စည်းများဝယ်ယူခြင်းထက် မိမိတို့ကုန်ပစ္စည်းများကို ၎င်းနိုင်ငံများသို့ရောင်းချလိုခဲ့သည်။ ၎င်းတို့သည်မိမိနိုင်ငံရှိစက်ရုံများအတွက်ကိုလိုနီနိုင်ငံများကုန်ကြမ်းပစ္စည်းများကိုသာဝယ်ယူလိုခဲ့သည်။ ထို့နောက် ၎င်းတို့သည်နယ်မြေအများအပြားနှင့် မိမိတို့လက်အောက်ခံအစိုးရများကို ထိန်းချုပ်နိုင်ခဲ့သည်။

၅။ ဒုတိယကမ္ဘာစစ်အတွင်းတွင် အရှေ့တောင်အာရှနိုင်ငံအချို့သည် ဥရောပနိုင်ငံများအုပ်ချုပ်မှုကိုမခံလိုသောကြောင့် ဂျပန်ကိုကြိုဆိုခဲ့ကြသည်။ ဥရောပနယ်ချဲ့နိုင်ငံများနှင့်မတူညီသည်မှာ ဂျပန်နိုင်ငံသည်အရှေ့တောင် အာရှနိုင်ငံများကဲ့သို့ပင်ဘာသာအယူဝါဒတူညီသည်။ အာရှတိုက်သည်အာရှသားများအတွက်သာဖြစ်ရမည်ဟူသောဆောင်ပုဒ်ကိုအသုံးပြုသောကြောင့်အရှေ့တောင်အာရှနိုင်ငံများသည်ဂျပန်ကို အယုံအကြည်ရှိခဲ့သည်။

**၆. စီးပွားရေး**

ရောင်းကုန်သီးနှံများ စိုက်ပျိုးရန်အတွက်စိုက်ခင်းများပြုလုပ်သည်။ ဒေသခံစီးပွားရေးသည် ဥရောပစီးပွားရေးကိုမှီခိုလာရသည်။

**နိုင်ငံရေး**

နိုင်ငံရေးလွတ်လပ်ခွင့်ဆုံးရှုံးရသည်။ ဥရောပနိုင်ငံများသည်နိုင်ငံများကြား နယ်နိမိတ်သတ်မှတ်ပေးခဲ့သည်။ ဒေသခံများနိုင်ငံရေးတွင်ပါဝင်ခွင့်ကိုဟန့်တားခြင်းခံရသည်။ မိမိနိုင်ငံအတွက်တာဝန်ထမ်းဆောင်ခွင့်မရှိပေ။

**၇. လူမှုရေး**

ဥရောပစတိုင်ပညာရေးစတင်သွတ်သွင်းခဲ့သည်။ အချို့သောသူများသည် ပညာသင်ယူနိုင်ပြီး အမျိုးသားရေးဝါဒကဲ့သို့သောအတွေးအခေါ်ကိုရရှိခဲ့ကြသည်။ ဥရောပတိုက်သားများသည်ယင်းတို့ကိုးကွယ်သော ခရစ်ယာန်ဘာသာအယူဝါဒကိုသွတ်သွင်းခဲ့သည်။

**၈.** ကိုလိုနီနိုင်ငံအချို့တွင် ဒေသခံခေါင်းဆောင်မှုစနစ်ဖြင့် စီမံအုပ်ချုပ်မှုရှိခဲ့သည်။ ဤသို့ဖြင့်ရိုးရာလူမှုရေးတည်ဆောက်ပုံကိုမူလအခြေအနေအတိုင်းထိန်းသိမ်းထားနိုင်ကာ ကိုယ်ထူကိုယ်ထစနစ်ကိုလည်းတွန်းအားပေးစေသည်။ အချို့နိုင်ငံများတွင် နယ်ချဲ့အစိုးရများကငင်းတို့ကိုယ်တိုင်စီမံအုပ်ချုပ်ခဲ့သည်။ ဤသို့ဖြင့်ဒေသခံရိုးရာလူမှုရေးဖွဲ့စည်းမှုတည်ဆောက်ပုံကိုပျက်ပြားစေခဲ့သည်။

**၉.** ဟိုချီမင်းသည်ပြည်သူများကိုဦးဆောင်၍ ပြင်သစ်ကိုအနိုင်ယူခဲ့သည်။ သို့သော်ဗီယက်နမ်ပြည်သူများသည် ဗီယက်နမ်နိုင်ငံကိုတောင်နှင့်မြောက်ဟူ၍ခွဲခြားသတ်မှတ်သောအမေရိကန်နှင့်စစ်ပွဲဆင်နွှဲခဲ့ရသေးသည်။ ဟိုချီမင်းနှင့်ငင်းစစ်တပ်သည် အမေရိကန်ကိုနှစ်ပေါင်းများစွာကြာအောင်တိုက်ခိုက်ခဲ့သည်။ နောက်ဆုံးတွင် အမေရိကန်စစ်သားအများအပြားကျဆုံးခဲ့ရသဖြင့်အမေရိကန်သည် ငင်းစစ်တပ်ကိုပြန်လည်ရုတ်သိမ်းခဲ့ရသည်။ ၁၉၇၅ခုနှစ်တွင်မြောက်ဗီယက်နမ်သည် တောင်ဗီယက်နမ်ကိုကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက်နိုင်ငံတော်ကိုပြန်လည်ပေါင်းစည်းခဲ့သည်။

**၁၀.** အုပ်ချုပ်မှုအတွေ့အကြုံမရှိခြင်း၊ ယဉ်ကျေးမှုကွဲပြားသောအုပ်စုကိုမပေါင်းစည်းနိုင်ခြင်း၊ စီးပွားရေးပြဿနာ၊ နိုင်ငံရေးမတည်ငြိမ်မှု၊ အင်အားကြီးအိမ်နီးချင်းနိုင်ငံများဘေးအန္တရာယ်နှင့်ပြည်တွင်းစစ်များ။

## ပြန်လည်ဆန်းစစ်ခြင်း

**၁. တိုက်ခိုက်သိမ်းပိုက်ခြင်းနှင့် အခြေချနေထိုင်ခြင်း**

ငင်းသည်အရှေ့တောင်အာရှတွင်ဥရောပကိုလိုနီစနစ်ဒုတိယအဆင့်ဖြစ်သည်။ ဤဖြစ်ပေါ်တိုးတက်မှုအဆင့်တွင် ဥရောပတိုက်သားများသည် မိမိတို့ထုတ်ကုန်များကိုရောင်းချရန်စျေးကွက်သစ်များနှင့် ကုန်ကြမ်းပစ္စည်းများကိုရှာဖွေခဲ့ကြသည်။ နယ်မြေများကိုသိမ်းပိုက်နိုင်ရန်အတွက် တိုက်ခိုက်ခဲ့ပြီးနောက်ဥရောပနိုင်ငံများ သည်နေရာဒေသအများအပြားကို ထိန်းချုပ်နိုင်ခဲ့သည်။

**၂. ကိုလိုနီစနစ်**

နိုင်ငံတစ်နိုင်ငံကအခြားတစ်နိုင်ငံအားထိန်းချုပ်ခြင်း သို့မဟုတ် ကြီးစိုးမှုစနစ်၊ အရှေ့တောင်အာရှတွင်ဥရောပတိုက်သားများသည်ကိုလိုနီစနစ်အဆင့်နှစ်ဆင့်ဖြစ်သောစူးစမ်းရှာဖွေခြင်းနှင့်ကုန်သွယ်မှု၊ တိုက်ခိုက်သိမ်းပိုက်ခြင်းနှင့် အခြေချနေထိုင်ခြင်းတို့ကိုကျော်ဖြတ်ခဲ့သည်။

**၃. ကိုယ်ပိုင်ဖူလုံမှု**

ကိုယ်ပိုင်ဖူလုံမှုဆိုသည်မှာပြင်ပမှအကူအညီများ မလိုအပ်ဘဲကိုယ်ထူကိုယ်ထစွမ်းဆောင်နိုင်ခြင်းဖြစ်သည်။ သင်လိုအပ်သောအရာအားလုံးကိုရရှိနိုင် သို့မဟုတ် ပိုင်ဆိုင်နိုင်ပါကသင့်တွင်ကိုယ်ပိုင်ဖူလုံမှုရှိသည်။

**၄. အမျိုးသားရေးဝါဒီ**

လူမျိုး(သို့)နိုင်ငံပေါ်ဂုဏ်ယူခြင်း သို့မဟုတ် လူမျိုး(သို့)နိုင်ငံကိုမြတ်နိုးတွယ်တာကာကွယ်ခြင်း။

**ကြိုတင်လေ့လာခြင်း**

**ဖြစ်နိုင်ခြေရှိသောအဖြေများ**

လွတ်လပ်ရေးရယူလိုသော အကြောင်းရင်းများ

| နိုင်ငံရေး | လူမှုရေး |
| --- | --- |
| 1. ကိုယ်ပိုင်အုပ်ချုပ်မှုလိုလားခြင်း<br>2. ကိုယ်ပိုင်လုပ်ပိုင်ခွင့်ရရှိလိုမှု<br>3.တိုင်းတစ်ပါးသားတို့အုပ်ချုပ်မှု အောက်တွင်မနေလိုမှု<br>4.ဒေသခံအစိုးရစနစ်သို့မဟုတ် ဒေသခံနိုင်ငံရေးစနစ်ကိုလိုလားမှု | 1.လွတ်လပ်လိုမှု<br>2.ကိုယ်ပိုင်အတတ်ပညာနှင့်အတွေ့အကြုံများ ရယူဖွံ့ဖြိုးစေလိုမှု<br>3.ဒေသခံယဉ်ကျေးမှုနှင့် ဘာသာအယူဝါဒပေါ် ရှိသေလေးစားမှု<br>4.ကိုယ်ပိုင်ပညာရေးအတွက် ဆုံးဖြတ်ချက်ချလိုမှု<br>5.နိုင်ငံသားများအားအဆင့်အတန်းမြင့်ရာထူး ရယူနိုင်ခွင့်ရှိစေခြင်း<br>6.ကိုယ်ပိုင်ယဉ်ကျေးမှုနှင့်ဘာသာစကားကို မြင့်တင်ခြင်းနှင့် ရှိသေလေးစားခြင်း |

# ၄။မျက်မှောက်ခေတ် အရှေ့တောင်အာရှ

ဤအခန်းတွင် ကျောင်းသားကျောင်းသူများသည် အောက်တို့ကိုလုပ်ဆောင်ရမည်။

- ကြိုတင်ခန့်မှန်းခြင်း
- လေ့လာဖတ်ရှုခြင်းနှင့် နားလည်သဘောပေါက်ခြင်း
- ကိုယ်ပိုင်စကားဖြင့် အချက်အလက်များကိုပြန်လည်ပြောဆိုခြင်း
- အချက်အလက်များကို ဇယားနှင့်စိတ်ကူးဖော်မြေပုံတို့ဖြင့် စုစည်းဖော်ပြခြင်း
- အဓိကဝေါဟာရများကို ကိုယ်ပိုင်အနက်ဖွင့်ဆိုခြင်း
- နိုင်ငံရေးနှင့်ဆိုင်သောကာတွန်းများကိုသုံးသပ်ခြင်းနှင့်အနက်ကောက်ယူခြင်း
- တွေးခေါ်ခြင်း
- ခေါင်းစဉ်များကို အချက်အလက်များနှင့်ယှဉ်တွဲပြီး ကိုယ်ပိုင်ခေါင်းစဉ်များဖန်တီးခြင်း
- အကြောင်းအရာတစ်ခု အဓိကအချက်ကိုဖော်ထုတ်ခြင်း
- ကိစ္စရပ်တစ်ခုနှင့်ပတ်သက်၍ထင်မြင်ချက်များထုတ်ပြောခြင်းနှင့် စကားရည်လု(စကားစစ်ထိုးခြင်း)
- အဓိကဖြစ်ရပ်များအကြောင်းနှင့်အကျိုးကိုဖော်ထုတ်ခြင်း
- ကိုယ်ပိုင်စကားဖြင့် ယူဆချက်များကိုရှင်းပြခြင်း

## ၄။(၁)အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)

**ကြိုတင်လေ့လာခြင်း**

**ရွေးချယ်ချက်(၁)** - ကျောင်းသားကျောင်းသူများအား အဖြေများကိုခန့်မှန်းခိုင်းပြီးနောက်ဉာဏ်စမ်းဂိမ်းအဖြစ်ယှဉ်ပြိုင်ကစားခိုင်းပါ။ စာရွက်လေးများပေါ်တွင်အဖြေရေးထားပြီးစာသင်ခန်းပတ်လည်တွင်ကပ်ထားပါ။ ထို့နောက်ကျောင်းသားကျောင်းသူများအားအုပ်စုခွဲ၍အဖြေများကိုလိုက်ရှာခိုင်းပါ။

**ရွေးချယ်ချက်(၂)** - ဉာဏ်စမ်းမေးခွန်းများကို အဖွဲ့ဖြင့်ဖြေဆိုရသောဂိမ်းတစ်ခုအဖြစ်လုပ်ဆောင်ပါ။ တစ်တန်းလုံးကို နှစ်ဖွဲ့ခွဲပါ။ ထို့နောက် မေးခွန်းတစ်ခုစီကိုတစ်ဖွဲ့စီအားတစ်လှည့်စီပေးဖတ်ပြီးဖြေခိုင်းပါ။ စက္ကန့်(၃၀)အတွင်းမဖြေဆိုနိုင်ပါကအခြားအဖွဲ့အားဖြေခိုင်းပါ။ အဖြေမှန်ရရှိသောအဖွဲ့အားအမှတ်ပေးပြီး နောက်ဆုံးအမှတ်အများဆုံးရသည့်အဖွဲ့ကိုအနိုင်ရသောအဖွဲ့အဖြစ်ဆုံးဖြတ်ပါ။

**ရွေးချက်ချက်(၃)** -ဉာဏ်စမ်းမေးခွန်းများကို သုတေသနပြုလုပ်ရရန်လိုအပ်သဖြင့်အိမ်စာအဖြစ်လုပ်ခိုင်းပါ။

***အဖြေများ -***

a. ငါးနိုင်ငံ - အင်ဒိုနီးရှား။ မလေးရှား။ ဖိလစ်ပိုင်။ စင်္ကာပူနှင့် ထိုင်း

b. မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ တရုတ်

c. မှားသည်။

d. ၄င်းနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အဖွဲ့ဝင်မဟုတ်ပါ။

e. မှားသည်။ အာဆီယံသည် အသင်းဝင်နိုင်ငံများအားလုံးသဘောတူညီမှုဖြင့် ဆုံးဖြတ်ချက်ချသည်။

f. စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတိုးမြင့်ရန်၊ လူမှုရေးတိုးတက်မှုများတိုးပွားလာရန်၊ ဒေသခံယဉ်ကျေးမှုကိုဖွံ့ဖြိုးစေရန်၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုကာကွယ်ရန်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး။

g. လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ အရှေ့တီမော၊ ဖိလစ်ပိုင် (မင်ဒါနာအိုကျွန်းတောင်ပေါ်ပိုင်း)၊ အခြားတစ်နည်းအားဖြင့် အာဆီယံအသင်းဝင်နိုင်ငံအများစုသည် ပဋိပက္ခများကြုံတွေ့ခဲ့ရသည်ကို ညွှန်ပြနိုင်သည်။

h. အာဆီယံအသင်းကြီးတွင်စင်္ကာပူနှင့်ထိုင်းကဲ့သို့သောနိုင်ငံများသည်အခြားအသင်းဝင်နိုင်ငံများထက် စီးပွားရေးပိုမိုကောင်းမွန်လာခဲ့သော်လည်း လွန်ခဲ့သောဆယ်နှစ်ကာလတွင်အာဆီယံအသင်းဝင်နိုင်ငံအများစုသည်အခြေအနေအချို့ စီးပွားရေးအခက်အခဲကြုံတွေ့ခဲ့ရသည်။ ၁၉၉၇ခုနှစ်ထိုင်းနိုင်ငံတွင်စီးပွားရေးအကြပ်အတည်းတစ်ခုဖြစ်ပေါ်ခဲ့သည်။ အင်ဒိုနီးရှားသည်စီးပွားရေးအကြပ်အတည်းကိုအဆိုးရွားဆုံးခံခဲ့ရသည်။ အာရှတိုက်ရှိနိုင်ငံအားလုံးနီးပါးလည်းထိခိုက်ခံခဲ့ရသည်။

i. ၂၀၀၉ခုနှစ်ဒီဇင်ဘာလတွင်လာအိုနိုင်ငံသည်၂၅ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပွဲကိုလက်ခံကျင်းပခဲ့သည်။

**ကြိုတင်လေ့လာခြင်း**

ပေးထားသောမေးခွန်းများသည်ဆရာဆရာမများမှ ကျောင်းသားကျောင်းသူများအား အာဆီယမ်အသင်းကြီးနှင့်ပတ်သက်၍ ဗဟုသုတမည် မျှရှိထားသည်ကိုဆန်းစစ်ရန်၊ ပေးထားသောခေါင်းစဉ်အကြောင်းကိုလည်း ခန့်မှန်းရန်နှင့်စဉ်းစားတွေးခေါ်ခိုင်းရန်အတွက်ဖြစ်သည်။ ထင်မြင်ချက်နှင့်စဉ်းစားတွေးခေါ်မှုများသာဖြစ်သောကြောင့်အဖြေအမှားအမှန်မရှိပါ။ ကျောင်းသားကျောင်းသူများသည်ဤမော်ဂျူးလ်ကိုဆက်လက်လေ့လာသောအခါ ခေါင်းစဉ်များ၏အကြောင်းအရာအားလုံးကိုလေ့လာရမည်ဖြစ်သည်။

**A.** အာဆီယံအသင်းကြီးအား အဘယ့်ကြောင့်တည်ထောင်ခဲ့ရသည်ကို ကျောင်းသားကျောင်းသူများမသိပါက နိုင်ငံများအတူတကွပူးပေါင်းလုပ်ဆောင်ရခြင်းအကြောင်းရင်းကို စဉ်းစားခိုင်းပြီး ထွက်ပေါ်လာသောထင်မြင်ချက်ကိုဆွေးနွေးဖလှယ်ပါ။

**B.** အာဆီယံအသင်းကြီးလုပ်ကိုင်နေသောကိစ္စရပ်များကို ကျောင်းသားကျောင်းသူများမသိပါက ယနေ့ခေတ်တွင်အရှေ့တောင်အာရှအတွက်အရေးကြီးသော ကိစ္စရပ်များကိုပြောခိုင်းပြီးစာရင်းပြုစုထားပါ။ ထို့နောက် ၄င်းကိစ္စရပ်များကိုအာဆီယံအသင်းဝင်များဆွေးနွေးမှုရှိမရှိမေးပါ။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ကိစ္စရပ်တို့ဖြင့်ဘောင်ခပ်၍စဉ်းစားဆွေးနွေးနိုင်သည်။

**C.** အာဆီယံအသင်းကြီးရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ကျောင်းသားကျောင်းသူများမသိပါကကိစ္စရပ်များကို ဆွေးနွေးရန်ခေါင်းဆောင်များအတူတကွပူးပေါင်းလာချိန်တွင် မည်သည့်အခက်အခဲများဖြစ်လာနိုင်သည်ကိုစဉ်းစားခိုင်းပါ။ ခေါင်းဆောင်များကြားတွင်သဘောတူညီမှုရရှိရန် လွယ်ကူပါသလား။ နိုင်ငံတစ်နိုင်ငံကအခြားတစ်နိုင်ငံအား တစ်ခုခုပြောဆိုလုပ်ဆောင်ခိုင်းနိုင်ပါသလား။ ကျောင်းသားကျောင်းများအား အခြားမေးခွန်းများနှင့်အခက်အခဲများကိုလည်းပြောခိုင်းပါ။

**လေ့ကျင့်ခန်း**

***အဖြေများ -***

**A.** ဘန်ကောက်ကြေညာချက်သည် ပထဝီနိုင်ငံရေးနှင့်စီးပွားရေးအစီအစဉ်တစ်ခုဖြစ်သည်။ ဆိုလိုသည်မှာငင်းကြေညာချက်တွင် ပထဝီမြေ အနေအထား၊ နိုင်ငံရေးနှင့် စီးပွားရေးပေါ် သဘောတူညီချက်များပါရှိသည်။

**B.** ၁၉၉၉ ခုနှစ်တွင်အာဆီယံအသင်းဝင်နိုင်ငံများမှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဘရူနိုင်းဒါရူဆလင်၊ ထိုင်း၊ စင်္ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ဖြစ်သည်။

**လေ့ကျင့်ခန်း**

***အဖြေများ -***

| | | | |
|---|---|---|---|
| **a.** | ၁၉၆၇ | - | အာဆီယံအသင်းကြီးပေါ်ပေါက်လာရန် အရှေ့တောင်အာရှနိုင်ငံငါးနိုင်ငံမှကိုယ်စားလှယ်များ အားလုံးသဘောတူညီချက်တစ်ခုလက်မှတ်ရေးထိုးခဲ့ကြသည်။ |
| **b.** | ၁၉၈၄ | - | ဘရူနိုင်းဒါရူဆလင်သည် အာဆီယံသို့ပူးပေါင်းခဲ့သည်။ |
| **c.** | ၁၉၉၇ | - | အရှေ့အာရှငွေကြေးအကြပ်အတည်း၊ လာအိုနှင့်မြန်မာတို့သည် အာဆီယံသို့ပူးပေါင်းခဲ့သည်။ |
| **d.** | ၂၀၀၂ | - | အရှေ့အာရှတွင်ဖြစ်သောမီးခိုးကြောင့်လေညစ်ညမ်းမှုကိုထိန်းချုပ်ရန်အတွက်အာဆီယံ အသင်းကြီးသည် သဘောတူညီချက်တစ်ခုချုပ်ဆိုခဲ့သည်။ |
| **e.** | ၂၀၀၇ | - | အာဆီယံအသင်းဝင်နိုင်ငံများသည် ဒီမိုကရေစီလိုလားမှုသဘောတူညီချက်ကိုလက်မှတ်ရေးထိုး ခဲ့ကြသည်။ |

**တိုးချဲ့လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများကို အုပ်စုခွဲ၍ပေးထားသည့်အတိုင်းလုပ်ဆောင်ခိုင်းပါ။ ကျောင်းသားကျောင်းသူများစဉ်းစားတွေးခေါ်ခဲ့သည့်အာဆီယံတွင်ပါဝင်သော ကိစ္စရပ်များကိုအသုံးပြု၍ မည်သည့်ကိစ္စရပ်များကိုအာဆီယံမှ လုပ်ဆောင်သင့်သည်ကိုစဉ်းစားခိုင်းပါ။ ဤလှုပ်ရှားမှုသည်ကျောင်းသားကျောင်းသူများအား အရှေ့တောင်အာရှတွင်ယနေ့ထိတိုင်အာဆီယံအသင်းကြီး၏ အခန်းကဏ္ဍနှင့် ယေဘုယျအားဖြင့်ဒေသတွင်းတွင်မည်သည့်အရေးကြီးကိစ္စများကို အလေးပေးလုပ်ဆောင်ရန်လိုအပ်သည်ကို ဆန်းစစ်စဉ်းစားတတ်စေရန်ဖြစ်သည်။

*ဥပမာ -*

**အာဆီယံ**

| | | |
|---|---|---|
| **ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှု** | - | ရင်းနှီးမှုတည်ဆောက်ခြင်း၊ စေ့စပ်ညှိနှိုင်းရေး၊ပူးပေါင်းလုပ်ဆောင်ခြင်း၊ရည်မှန်းချက်ပြီးမြောက်ရန်အတူတကွလုပ်ဆောင်ခြင်း။ |
| **ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု** | - | ယဉ်ကျေးမှုဖလှယ်ခြင်း၊ဒေသတွင်းဂုဏ်ယူဝင့်ကြွားမှု၊ငြိမ်းချမ်းရေးနှင့်ယဉ်ကျေးမှုပိုင်းဆိုင်ရာနားလည်သဘောပေါက်မှု။ |
| **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | - | အသင်းဝင်နိုင်ငံများနှင့်ပိုမိုကုန်သွယ်ခြင်း၊ထုတ်လုပ်အားပိုမိုများပြားလာမှု၊စီးပွားရေးပိုမိုတောင့်တင်းသောနိုင်ငံများနှင့်ယှဉ်ပြိုင်မှုတိုးမြင့်ခြင်း၊ ပေါင်းစည်းအားပိုမိုကောင်းလာခြင်း။ |
| **လူမှုရေးတိုးတက်မှု** | - | ဆင်းရဲမွဲတေမှုလျော့ကျခြင်း၊ပညာရေးအဆင့်အတန်းမြင့်တက်ခြင်း၊လူမှုဘဝအရည်အသွေးတိုးတက်ခြင်း။ |
| **သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ** | - | စွမ်းအင်-သဘာဝဓာတ်ငွေ့၊လောင်စာဆီ၊ရေအားလျှပ်စစ်၊ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု၊ သစ်တောပြုန်းတီးမှု၊ မီးခိုးကြောင့်လေထုညစ်ညမ်းမှု။ |

**လေ့ကျင့်ခန်း**

***အဖြေများ -***

**A.** နိုင်ငံကြီးများနှင့်နိုင်းယှဉ်ပါကနိုင်ငံငယ်များသည် အင်အားနှင့်ခုခံအားနည်းပါးသည်ဟုမိမိကိုယ်ကိုထင်မိသည်။ ဤအချက်သည်နိုင်ငံများကြားယုံကြည်မှုရရှိရန်နှင့် ကိစ္စရပ်များကိုအတူတကွဖြေရှင်းနိုင်ရန်အတွက်အဟန့်အတားဖြစ်စေသည်။ အများအားဖြင့်အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းဆိုသည်မှာအပေးအယူလုပ်ခြင်း သို့မဟုတ် မိမိလိုလားသောတစ်စုံတစ်ခုကိုအလျှော့ပေးခြင်းဖြစ်သည်။ အင်အားနည်းသောနိုင်ငံငယ်များက အင်အားကြီးသောနိုင်ငံကြီးများကိုထိန်လန့်သောကြောင့် နိုင်ငံများကြားသဘောတူညီချက်ရရှိရန်ခဲယဉ်းသည်။

**B.** အာဆီယံအသင်းဝင်နိုင်ငံများသည် အများဆန္ဒဖြင့်ဆုံးဖြတ်ချက်ချကြသည်။ ဆိုလိုသည်မှာလူတိုင်းသည် အဆုံးအဖြတ်တစ်ခုကိုမပေးချမှတ်နိုင်သည်။ ကန့်ကွက်(သို့)ဖျက်သိမ်းနိုင်သည်။ ဤအချက်ဆိုလိုရင်းမှာလူတိုင်း လက်ခံနိုင်သောသဘောတူညီချက်တစ်ခုရရှိသည့်အထိဆွေးနွေးရမည်ဖြစ်သည်။

**C.** **ကောင်းကျိုးများ** - ကြောက်ရွံ့ထိတ်လန့်မှုမရှိဘဲနိုင်ငံကြီးနှင့် နိုင်ငံငယ်များအတူတကွပူးပေါင်းလုပ်ကိုင်နိုင်သည်။ လူတိုင်းပူးပေါင်းပါဝင်ရမည်။ ငြိမ်းချမ်းရေးကိုထိန်းသိမ်းရမည်။ နိုင်ငံများကြားတွင်ဆွေးနွေးပွဲဖွင့်ထားသည်။ နိုင်ငံအားလုံးသည်တန်းတူညီတူဖြစ်သည်။

**ဆိုးကျိုးများ** - ဆုံးဖြတ်ချက်ချနိုင်ရန်အချိန်ကြာမြင့်နိုင်သည်။ လူတိုင်းသဘောတူညီချက်မရသော အခြေအနေတွင်အာဆီယံအသင်းကြီးသည်လုပ်ဆောင်နိုင်ခွင့်မရှိသောကြောင့်ကမ္ဘာ့အလယ်တွင် အားနည်းသောအဖွဲ့အစည်းဖြစ်စေသည်။ အာဆီယံအသင်းကြီးသည်လူ့အခွင့်အရေးချိုးဖောက်မှု သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးစေသောကိစ္စရပ်များတွင်ပါဝင်ပတ်သက်သောအသင်းဝင်နိုင်ငံအား အရေးယူနိုင်ခွင့်မရှိချေ။

**လေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများသည် ကိုယ်ပိုင်စကားဖြင့်ဖြေဆိုသောကြောင့် အဖြေများခြားနားလိမ့်မည်။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

| ဝေါဟာရ | အဓိပ္ပာယ်ဖွင့်ဆိုချက် | အခြားနည်းဖြင့်ဖော်ပြချက် |
|---|---|---|
| အပေးအယူလုပ်ခြင်း | သင်လိုလားသောအရာ သို့မဟုတ် သင့်တွင်ရှိသောအာဏာကိုတခါတရံတွင်အလျှော့ပေးခြင်း | အခြားသူများနှင့်သဘောတူညီချက်ရရှိရန်အတွက် ကိုယ်လိုလားသောအရာကိုအလျှော့ပေး ခြင်း |
| အများဆန္ဒ | ဆုံးဖြတ်ချက်မချမီ တူတိုင်းသဘောတူရမည် | အစီအစဉ်တစ်ခုခုအကောင်အထည်မဖော်မီ ဆုံးဖြတ်ချက်ကို လူတိုင်းလက်ခံရမည် |
| ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ခြင်း | တောင်းဆိုမှု ပြုခြင်းမခံရဘဲ မည်သည့် နိုင်ငံမျှ အခြားတစ်နိုင်ငံ အရေးကိစ္စတွင် မပါဝင်ရ။ | ဝင်ရောက်ကူညီဖြေရှင်းပေးရန်ဖိတ်ကြားခြင်း မခံရဘဲ နိုင်ငံများ သည် အခြားနိုင်ငံများအငြင်းပွားမှုနှင့် အရေးကိစ္စများတွင် ပါဝင်ပတ်သက်မှုမရှိရ။ |

**တိုးချဲ့လေ့ကျင့်ခန်း**

ဤလေ့ကျင့်ခန်းကိုကျောင်းသားကျောင်းသူတစ်ဦးချင်းမှရေးသားဖြေဆိုရသောလေ့ကျင့်ခန်းအဖြစ်လုပ်ဆောင်ခိုင်းနိုင်သည်။ ထို့အပြင်အုပ်စုလိုက်(သို့)တစ်တန်းလုံးဆွေးနွေးခန်းအဖြစ်လည်းလုပ်ဆောင်နိုင်သည်။ ဤလေ့ကျင့်ခန်းရည်ရွယ်ချက်မှာ ကျောင်းသားကျောင်းသူများအားဝင်ရောက်စွက်ဖက်မှုမပြုရခြင်း ကောင်းကျိုးနှင့်ဆိုးကျိုးများကို စဉ်းစားတွေးခေါ်စေရန်ဖြစ်သည်။ ၄င်းကာတွန်းပုံသည်ဝင်ရောက်စွက်ဖက်မှုမပြုရခြင်းအပေါ်အကျိုးမရှိသောယူဆချက်အဖြစ်ညွှန်ပြထားသည်။ သို့သော်လည်းဝင်ရောက်စွက်ဖက်မှုမပြုရခြင်းတွင် ကောင်းကျိုးများလည်းရှိသည်။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

**a.** အဆောက်အဦးထဲတွင် လူများအသတ်ခံရသည်။ စစ်တပ်မှသတ်ဖြတ်တာဖြစ်ရမည်။

**b.** အခြားသူများမလာနိုင်အောင် အဆောက်အဦးအပြင်ဘက်တွင် စစ်သားတစ်ယောက်ကင်းစောင့်နေသည်။

**c.** ဝင်ရောက်စွက်ဖက်မှုမပြုရခြင်းမူကိုသင်လက်ခံပါက လူများအသတ်ခံရသည်ကိုသင်သိသော်လည်းစစ်သားကဲ့သို့သောအမှတ်အသားများကိုအသိအမှတ်ပြုပြီးသင်ကင်းကင်းနေမည်။ ဖြစ်နေသောအခြေအနေကိုကန့်ကွက်မည်မဟုတ်ပေ။ သို့မဟုတ်၄င်းအခြေအနေနှင့်သင့်ကို သင်မပတ်သက်စေချင်ပေ။

**d.** မိမိနိုင်ငံအတွင်း အပြည့်အဝဆုံးဖြတ်ချနိုင်သောအာဏာကိုလိုလားသောကြောင့် နိုင်ငံများသည် ဝင်ရောက်စွက်ဖက်မှုမပြုရမူကိုသဘောတူညီကြသည်။ မိမိနိုင်ငံအရေးကိစ္စများတွင်အင်အားကြီးသောနိုင်ငံများ ဝင်ရောက်စွက်ဖက်မည်ကိုစိုးရိမ်ကြသည်။ ကိုယ်ပိုင်အချုပ်အခြာအာဏာ သို့မဟုတ် နိုင်ငံတစ်နိုင်ငံချင်းစီအစိုးရအာဏာကိုကာကွယ်ရန်အတွက်အာဆီယံအသင်းဝင်နိုင်ငံအားလုံးသည် ဝင်ရောက်စွက်ဖက်မှုမပြုရေးမူကို သဘောတူညီခဲ့ကြသည်။

## ၄။(၂)မျက်မှောက်ခေတ် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ

### ကြိုတင်လေ့လာခြင်း

ဤလေ့ကျင့်ခန်းသည်တရုတ်နိုင်ငံ၊အိန္ဒိယနိုင်ငံတို့နှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများအားမိမိတို့သိရှိသည့်ဗဟုသုတများကိုပိုမိုဖလှယ်နိုင်စေရန်ဖြစ်သည်။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်ပတ်သက်၍သတင်းများမှ မည်သည့်ကိစ္စရပ်များကြားမိသည်ကိုမေးပါ။ ထို့နောက်၎င်းတို့ကြားသိ ထားသောကိစ္စရပ်များကိုစုံစုံလင်လင်ရှင်းပြခိုင်းပါ။ ထို့အပြင် အိန္ဒိယ၊ တရုတ်နိုင်ငံတို့နိုင်ငံရေး၊ စီးပွားရေး၊ လူ့အဖွဲ့အစည်း(သို့)ယဉ်ကျေးမှု၊ သဘာဝ ပတ်ဝန်းကျင်အကြောင်းကိုမေးပါ။

| လေ့ကျင့်ခန်း |
| --- |
| ***အဖြေ -*** |

A. ၂ - စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

B. ၄ - သယံဇာတ

C. ၁ - ငြိမ်းချမ်းရေးနှင့် ပ ဋိပက္ခ

D. D - အကျုမြူစီမံကိန်း

## လေ့ကျင့်ခန်း

ခေါင်းစဉ်များသည်ကျောင်းသားကျောင်းသူတစ်ဦးနှင့် တစ်ဦးကြားတွင်ခြားနားလိမ့်မည်။ သို့သော်စာပိုဒ်တစ်ပိုဒ်စီရှိအဓိက အချက်အလက်များကိုအတိုချုံးထားရမည်။

***အဖြေများ -***

၁. စီးပွားရေးပြောင်းလဲမှု
၂. ကုန်သွယ်မှုနှင့် ကုန်တင်ပို့မှု
၃. ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းနှင့် ဆိုင်သောအခက်အခဲ
၄. စွမ်းအင်နှင့် သယံဇာတ
၅. နိုင်ငံရေး

**လေ့ကျင့်ခန်း**

*အဖြေ -*

တရုတ်နှင့်အိန္ဒိယနိုင်ငံတို့အကြောင်းသည် အဓိကအားဖြင့် စီးပွားရေးနှင့်နိုင်ငံရေးဖြစ်သည်။

**လေ့ကျင့်ခန်း**

**A.** အိန္ဒိယနှင့်တရုတ်နှစ်နိုင်ငံစလုံးသည်စီးပွားရေးပြဿနာရင်ဆိုင်နေရသည်။ ထို့အပြင်၎င်းတို့သည်အထူးသဖြင့်ရေနံနှင့်စွမ်းအင် သယံဇာတများကိုပိုမိုရှာဖွေနေသည်။ ဤစီးပွားရေးစိန်ခေါ်မှုများကြောင့်အိန္ဒိယနှင်တရုတ်နိုင်ငံတို့တွင် ဆင်းရဲမွဲတေမှုနှင့်အလုပ်လက်မဲ့ ဖြစ်မှုအပါအဝင် လူမှုရေးပြဿနာများစွာရှိသည်။ နှစ်နိုင်ငံစလုံးတွင်လည်း နိုင်ငံရေးပြဿနာများလည်းရှိသည်။ အိန္ဒိယနိုင်ငံသည် ကက်စမီးယား နယ်စပ်တစ်လျှောက်တွင်ပါကစ္စတန်နှင့်တိုက်ပွဲဖြစ်သည်။ တရုတ်သည်လည်းတိဗက် နှင့်ထိုင်ဝမ်ကိုထိန်းချုပ်လိုသည်။

**B.** အိန္ဒိယနိုင်ငံစီးပွားရေးသည်ဖွံ့ဖြိုးတိုးတက်မှုရှိလာသဖြင့်လူလတ်တန်းစားတစ်ရပ်နှင့်ကျွမ်းကျင်သောလုပ်သားများလည်းပေါ် ပေါက်လာသည်။ တရုတ်နိုင်ငံသည်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာတွန်းအားပေးနိုင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် တရုတ်နိုင်ငံစီးပွားရေးတိုးတက်မှုရှိလာသည်ကို မြင်တွေ့ခဲ့ရသည်။

**C.** ဤမေးခွန်းအဖြေသည် ကျောင်းသားကျောင်းသူများထင်မြင်ချက်အပေါ်တွင်သာမူတည်သည်။ ကျောင်းသားကျောင်းသူများ အားမိမိတို့ ထင်မြင်ချက်များကိုပေးထားသောစာပိုဒ်ရှိအကြောင်းရင်းနှင့် ဥပမာများဖြင့်ထောက်ပြခိုင်းပါ။

**လေ့ကျင့်ခန်း**

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

(ဘာမျှမရေးထည့်ထားသော သာလွန်သူအကွက်ကို ကျောင်းသားကျောင်းသူများ ထင်မြင်ချက်နှင့်အညီ ဖြည့်စွက်ရမည်)

| အညွှန်း | တရုတ် | အိန္ဒိယ | သာလွန်သူ |
|---|---|---|---|
| နိုင်ငံတကာအဆင့် နိုင်ငံရေးအာဏာ | ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ဖြစ်သည်။ | ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သည်။ | တရုတ် |
| နိုင်ငံတကာကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု | ● ၁၉၈၀ ခုနှစ်မှစ၍ စီးပွားရေးအင်အားကောင်းလာသည်။<br>● နိုင်ငံတကာကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအတွက် လမ်းပွင့်ပေးခဲ့သည်။<br>● နိုင်ငံများတွင်အခြေစိုက်သောကုမ္ပဏီများနှင့်ပူးပေါင်းလုပ်ဆောင်မှုအခက်အခဲမရှိ | ● ၁၉၈၀ ခုနှစ်မှစ၍ စီးပွားရေးအင်အားကောင်းလာသည်။<br>● နိုင်ငံတကာကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအတွက် လမ်းပွင့်ပေးခဲ့သည်။<br>● နိုင်ငံများတွင်အခြေစိုက်သော ကုမ္ပဏီများနှင့်ပူးပေါင်းလုပ်ဆောင်မှုအခက်အခဲမရှိ | |
| ဂျီဒီပီ (၁၉၈၀-၂၀၀၅) | ၈ ရာခိုင်နှုန်း | ၄ ရာခိုင်နှုန်း | တရုတ် |
| ဂျီအင်ပီ (၂၀၀၃) | အိန္ဒိယနိုင်ငံထက် ၇၀ ရာခိုင်နှုန်း ပိုများသည်။ | တရုတ်နိုင်ငံအောက် ၇၀ ရာခိုင်နှုန်း ပိုနည်းသည်။ | တရုတ် |
| စီးပွားရေးပမာဏ | အိန္ဒိယနိုင်ငံ စီးပွားရေးထက်နှစ်ဆပိုကြီးသည်။ | တရုတ်နိုင်ငံ စီးပွားရေးထက် နှစ်ဆပို နည်းသည်။ | တရုတ် |
| ဆင်းရဲမှုနှုန်း | ပိုမိုနိမ့်ကျ | ပိုမိုမြင့်မား | တရုတ် |
| စာပေတတ်မြောက်မှုနှုန်း | အရွယ်ရောက်အမျိုးသမီးစာတတ်မြောက်နှုန်းမြင့် | အရွယ်ရောက်အမျိုးသမီးစာတတ်မြောက်မှုနှုန်းနိမ့် | တရုတ် |
| လူ့သက်တမ်း | အိန္ဒိယနိုင်ငံထက ရှစ်နှစ်ပိုများသည်။ | တရုတ်နိုင်ငံအောက်ရှစ်နှစ်ပိုနည်းသည်။ | တရုတ် |

**ဆွေးနွေးခန်း**

ဤသင်ခန်းစာတွင်လေ့လာရသောအချက်အလက်များကို စုပေါင်းဖော်ပြသည့်အနေဖြင့်တစ်ကမ္ဘာလုံး အဆင့်နိုင်ငံရေးနှင့် စီးပွားရေးအာဏာယှဉ်ပြိုင်မှုတွင် မည်သည့်နိုင်ငံကသာလွန်သူဖြစ်သည်ကို ကျောင်းသားကျောင်းသူများအားမေးပါ။ ထို့နောက် အဘယ်ကြောင့်ဤနိုင်ငံကိုဖြေရသနည်း။ အောင်မြင်မှုကိုညွှန်းပြသောအချက်များနှင့်၎င်းအချက်များအတိုင်း နိုင်ငံတစ်နိုင်ငံတွင်အောင်မြင်မှုမရှိသည့်အညွှန်းများကိုဖော်ပြပါ။ ကျောင်းသားကျောင်းသူများအားမိမိတို့ယူဆချက်ကိုမှန်ကန်သော အချက်နှင့်ဥပမာများဖြင့်ထောက်ပြခိုင်းပါ။

ကျောင်းသားကျောင်းသူများအားတရုတ်နှင့်အိန္ဒိယတို့အနက်မည်သည့်နိုင်ငံတွင် နေထိုင်ရန်ပိုမိုသင့်တော်သနည်းဟုမေးပါ။

ဇယားထဲတွင်စီးပွားရေး အကြောင်းရင်းများကိုသာဖော်ပြထားသည်ကိုပြောပြပါ။ နေထိုင်ရန်ပိုမိုသင့်တော်သည်ဟုမဆုံးဖြတ်မီမည်သည့်အချက်များကိုလည်းထည့်သွင်းစဉ်းစားရန်လိုအပ်သနည်း။ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့်သဘာဝပတ်ဝန်းကျင်တို့သည်မည်မျှအရေးကြီးသနည်း၊ ဤကိစ္စအကြောင်းကိုဆွေးနွေးပွဲပြုလုပ်ပါ။

**နောက်ထပ်အပိုလေ့ကျင့်ခန်း**

ကျောင်းသားကျောင်းသူများအား စာစီစာကုံးတစ်ပုဒ်ရေးခိုင်းပါ။ အောက်ပါခေါင်းစဉ်နှစ်ကြောင်း အနက်တစ်ကြောင်းကိုရွေးချယ်ရေးသားနိုင်သည်။

**a**. တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံထက် ပိုမိုကောင်းမွန်သည်။

**b.** အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံထက် ပိုမိုကောင်းမွန်သည်။

ကျောင်းသားကျောင်းသူများအား မိမိတို့ထင်မြင်ချက်များကိုမှန်ကန်ကြောင်းပြသရန်မော်ဂျူးထဲရှိအချက်အလက်နှင့်ဥပမာများကိုသုံးခိုင်းပါ။

**လေ့ကျင့်ခန်း**

***အဖြေ -***

**၁.** ၁၉၉၀ အစောပိုင်းစစ်အေးကာလပြီးဆုံးပြီးနောက် အိန္ဒိယနိုင်ငံသည် အဓိကကုန်သွယ်ဖက်နိုင်ငံနှင့် စျေးချိုသည့်ရေနံတင်သွင်းသောပင်ရင်းတစ်ခုဖြစ်သည့် ရုရှားပြည်ထောင်စုကြီးကိုဆုံးရှုံးခဲ့သည်။ အိန္ဒိယနိုင်ငံသည် စျေးကွက်စျေးနှုန်းဖြင့် ရေနံကိုဝယ်ယူခဲ့သည်။ ထို့နောက် ၁၉၉၀ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲပြီးနောက်၎င်းရေနံစျေးနှုန်းမြင့်တက်လာခဲ့သည်။

**၂.** အိန္ဒိယနိုင်ငံသည်၎င်းဩဇာအာဏာကို ပြန်လည်တည်ဆောက်နိုင်ရန်အတွက် နိုင်ငံအများအပြားနှင့်ဆက်ဆံရေးတိုးမြှင့်ခဲ့သည်။

**၃.** အိန္ဒိယနိုင်ငံပေါ် အမေရိကန်နှင့်တရုတ်နိုင်ငံတို့မှထိန်းချုပ်ကန့်သတ်နိုင်မှုသည်ပိုမိုကျယ်ပြန့်လာခဲ့သည်။တရုတ်နိုင်ငံကအိန္ဒိယနိုင်ငံထက်အမေရိကန်နှင့် ဆက်ဆံရေးပိုမိုကောင်းမွန်လာခြင်းသည် နိုင်ငံတာကာတွင် ဩဇာအာဏာသက်ရောက်မှုရှိ ရန်အိန္ဒိယဦးတည်ကြိုးပမ်းဆောင်ရွက်ချက်များကိုနှောင့်နှေးစေသည်။

၄။ အိန္ဒိယနိုင်ငံသည် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရေး (Asia Pacific Economic Cooperation)နှင့် အာရှဥရောပအစည်းအဝေး(Asia Europe Meeting)တို့တွင်ပါဝင်ခဲ့သည်။ အာဆီယံဝန်ကြီးအဆင့်ညီလာခံများ (ASEAN Post-Ministerial Conferences)နှင့် အာဆီယံဒေသတွင်းနှီးနှောဖလှယ်ပွဲ(ASEAN Regional Forum)တွင်လည်းပူးပေါင်းပါဝင်ခဲ့သည်။ ထို့အပြင် အိန္ဒိယနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ် တို့နှင့်ချည်နှောင်မှုခိုင်မာလာရန်ကြိုးစားလုပ်ဆောင်ခဲ့သည်။

၅။ အာဆီယံအသင်းဝင်အသစ်များနှင့်ပိုမိုနီးကပ်စွာပူးပေါင်းပါဝင်ခြင်းသည် အိန္ဒိယနိုင်ငံအား အာဆီယံမ်ဈေးကွက်ကြီးတစ်ခုလုံးသို့ဝင်ရောက်ခွင့်ရှိစေသည်။ ဤအချက်သည်အိန္ဒိယနိုင်ငံတွင်ကုန်သွယ်မှု၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုတွန်းအားပေးစေသည်။ အရှေ့တောင်အာရှတွင်ဩဇာအာဏာပိုမိုသက်ရောက်မှုရှိပါကတရုတ်နိုင်ငံနှင့်ပိုမိုယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

**လေ့ကျင့်ခန်း**

***အဖြေ -***

**A.** တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံးသည် သဘာဝဓာတ်ငွေ့ပမာဏများစွာရယူလိုသည်။

**B.** တရုတ်နိုင်ငံသည် ယူနန်ပြည်နယ်မှတဆင့် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ပို့ဆောင်နိုင်ရန်အတွက် ဧရာဝတီမြစ်ဝှမ်း အပေါ်ပိုင်းတစ်လျှောက်ဖြတ်၍ပိုက်လိုင်းတည်ဆောက်ရန်လိုအပ်သည်။ အိန္ဒိယနိုင်ငံသည်အာသမ်နှင့်မီဇိုရမ်ပြည်နယ်သို့ သဘာဝဓာတ်ငွေ့ ပို့ဆောင်နိုင်ရန်အတွက်ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုကွေ့ပတ်၍ ပိုက်လိုင်းတည်ဆောက်ရန်လိုအပ်သည်။ပိုင်လိုင်းနှစ်ခုစလုံးသည်ဒေါ်လာဘီလျံများစွာကုန်ကျမည်ဖြစ်သည်။

**C.** တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံးသည် မြန်မာနိုင်ငံအား စစ်လက်နက်ထောက်ပံ့ကာ စစ်သင်တန်းများပို့ချပေးသည်။ ထို့အပြင် တရုတ်နိုင်ငံသည် မြန်မာရေတပ်နှင့် ရေတပ်အခြေစိုက်စခန်းများတိုးတက်မှုရှိလာရန်အတွက် လုပ်ဆောင်လာခဲ့သည်။

## တိုးချဲ့လေ့ကျင့်ခန်း

ဤလေ့ကျင့်ခန်း ရည်ရွယ်ချက်မှာ ကျောင်းသားကျောင်းသူများအား လက်ရှိမြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ ဆန်းစစ်တွေးခေါ်တတ်ရန်ဖြစ်သည်။ ကျောင်းသားကျောင်းသူများကို တွန်းအားပေးတွေးခေါ်စေသည့် အနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်နေသောလက်ရှိပြဿနာများကို ပြောခိုင်းကာ ၎င်းတို့ကိုစာရင်းပြုစုထားပါ။ ပြဿနာတစ်ခုစီ အကြောင်းရင်းနှင့်ဖြစ်ပေါ်လာခဲ့သောအကျိုးရလဒ်များကို စဉ်းစားဖော်ထုတ်ခိုင်းပါ။ ဓာတ်ငွေ့၊ ကျောက်မျက်ရတနာ၊ ကျွန်းသစ် စသည်တို့အပါအဝင် သဘာဝသယံဇာတနှင့် ဆက်နွယ်သော အကြောင်းရင်းမည်မျှရှိသနည်း။ တရုတ်၊ အိန္ဒိယ၊ ထိုင်းစသည့် နိုင်ငံများ အကျိုးအမြတ်ကဲ့သို့သော ပြင်ပအကြောင်းများသာမက ခေါင်းဆောင်အချို့ချမ်းသာကြွယ်ဝလိုမှု သို့မဟုတ် အဖွဲ့အချို့မှ နယ်မြေထိန်းချုပ်လိုမှုကဲ့သို့သော အတွင်းပိုင်းအကြောင်းရင်းများကိုလည်း စဉ်းစားတွေးခေါ်ခိုင်းပါ။ အကယ်၍ မြန်မာနိုင်ငံတွင် ကြီးမားသောရေနံသိုက် တစ်ခုတွေ့ရှိခဲ့ပါက အခြေအနေမည်သို့ဖြစ်လာမည်နည်း။ မည်သည့်နိုင်ငံများက စိတ်ဝင်စားမှုပြသလာမည်နည်း။ မြန်မာနိုင်ငံ အခြေအနေမည်သို့ပြောင်းလဲနိုင်သနည်း။

တစ်တန်းလုံးနှင့်အတူစဉ်းစားတွေးခေါ်ပြီးနောက် ကျောင်းသားကျောင်းသူများအားတစ်ဦးချင်းစီ သို့မဟုတ် နှစ်ယောက်တစ်တွဲတွဲ၍ မေးခွန်းများကိုဖြေဆိုခိုင်းပါ။ ၎င်းတို့ထင်မြင်ယူဆချက်များကိုရေးသားခိုင်းပါ။ သို့မဟုတ်ရှင်းပြခိုင်းပါ။

ဤခေါင်းစဉ်နှင့်ပတ်သက်၍ ထင်မြင်ယူဆချက်များစွာရှိသည်။ အောက်တွင်ကျောင်းသားကျောင်းသူများ တင်ပြလာနိုင်သောအဖြေ-အချို့ ကိုပေးထားသည်။

- မြန်မာနိုင်ငံတွင် သယံဇာတအနည်းငယ်သာရှိပါက ပိုမိုကောင်းမွန်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အကျင့်ပျက်ခြစားမှုများလျော့နည်းလာနိုင်ပြီး အခြားနိုင်ငံများလည်း စစ်အစိုးရကိုလက်နက်ထောက်ပံ့ရန် စိတ်ဝင်စားမည်မဟုတ်ပေ။
- မြန်မာနိုင်ငံတွင်သယံဇာတပိုမိုကြွယ်ဝပါက ပိုမိုကောင်းမွန်လိမ့်မည်။ ရေနံရှာဖွေတွေ့ရှိခဲ့ပါက အမေရိကန်သည်စစ်အစိုးရကို ဝင်ရောက်စွက်ဖက်ရန်နှင့် ဖြုတ်ချရန်စိတ်ဝင်စားလာမည်။
- မြန်မာနိုင်ငံပြဿနာသည် သဘာဝသယံဇာတနှင့်မသက်ဆိုင်ပေ။ နိုင်ငံရေးနှင့်သာပိုမိုသက်ဆိုင်သည်။ မြန်မာနိုင်ငံတွင်ပိုမိုကောင်းမွန်သော နိုင်ငံရေးခေါင်းဆောင်များရှိပါက နိုင်ငံတော်ကိုထူထောင်ရန်နှင့်ပြည်သူများကိုကူညီရန်အတွက် သယံဇာတများကို အမျှော်အမြင်ရှိရှိအသုံးချလိမ့်မည်။

## ၄. ၃ မျက်မှောက်ခေတ်အရှေ့တောင်အာရှ

| လေ့ကျင့်ခန်း |
|---|
| *အဖြေ* |

| | | |
|---|---|---|
| ၁. | d. | ဗီယက်နမ်၊ လာအို |
| ၂. | e. | အင်ဒိုနီးရှား၊ စင်္ကာပူ၊ ဖိလစ်ပိုင် |
| ၃. | b. | ဘရူနိုင်းဒါရုဆလင်(မှတ်ချက် - ဘရူနိုင်းဒါရုဆလင်ကိုကြည့်ပါ) |
| ၄. | a. | ကမ္ဘောဒီးယား၊ ထိုင်း (မှတ်ချက်-ထိုင်းနိုင်ငံကိုကြည့်ပါ)။ မလေးရှား |
| ၅. | c. | မြန်မာ |

**မှတ်ချက် - ထိုင်းနိုင်ငံ**

ထိုင်းနိုင်ငံတွင် ဘုရင်တစ်ပါးနှင့်တော်ဝင်မိသားစုတစ်စုရှိသည်။ သို့သော် ရွေးကောက်ခံအာဏာပိုင်များသည် နိုင်ငံရေးဆုံးဖြတ်ချက် အများစုကိုချမှတ်သည်။ ထို့ကြောင့် ထိုင်းနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်ဖြစ်သည်။ သို့ရာတွင် သက်ဆင်နှင့်ပတ်သက်၍ နိုင်ငံရေးအုံကြွမှုအတွင်း ထိုင်းနိုင်ငံတွင် စစ်အာဏာသိမ်းမှုတစ်ခုဖြစ်ပွားခဲ့သည်။ နိုင်ငံတော်အာဏာ ကို ပြည်သူများထံသို့လွှဲပြောင်းပေးခဲ့ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကျင်းပခဲ့သည်။ ဤအကြောင်းကို နောက်ပိုင်းတွင်ပိုမိုလေ့လာရမည်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် မည်သည့်အစိုးရစနစ်ဖြင့်အုပ်ချုပ်သည်ကို ကျောင်းသားကျောင်းသူ များစိတ်ရှုပ်ထွေးသေးပါက ရှုပ်ထွေးနိုင်ခွင့်ရှိသည်(ထိုင်းနိုင်ငံ လွန်ခဲ့သည့်နှစ်အနည်းငယ်တွင် နိုင်ငံရေးအပြောင်းအလဲများဖြစ် ခဲ့သည်)။

**မှတ်ချက် - ဘရူနိုင်းဒါရုဆလင်**

ဘရူနိုင်းကို စော်ဘွားအုပ်ချုပ်သောနိုင်ငံအဖြစ် တရားဝင်သိရှိကြသည် (**ဘုရင်စနစ်တစ်မျိုး -** ၄င်းစနစ်တွင် စော်ဘွားတစ်ဦးကို အာဏာပေးအပ်ထားသည်)။ ဤသို့ဖြင့် ဘရူနိုင်းနိုင်ငံကို စည်းမျဉ်းခံဘုရင်စနစ်ဟု အချို့ကဆိုကြသည်။ သို့ရာတွင် ဘရူနိုင်းနိုင်ငံသည် စစ်အုပ်ချုပ်ရေးအောက်တွင် ကျရောက်နေသည်မှာ ၁၉၆၅ခုနှစ်ကတည်းကဖြစ်သည်။ စစ်အုပ်ချုပ်ရေးဥပဒေအောက်တွင် စော်ဘွားအား အရေးပေါ်အာဏာကိုပေးအပ်ထားပြီး နိုင်ငံတော်တစ်ခုလုံးကို ထိန်းချုပ်နိုင်ခွင့် အာဏာရှိစေသည်။ ဤအခြေအနေတွင် ဘရူနိုင်းနိုင်ငံကို အာဏာရှင်ဆန်သောနိုင်ငံအဖြစ်ခေါ်ဆိုနိုင်သည်။

| လေ့ကျင့်ခန်း |
|---|
| ***အဖြေများ*** |

**A.** အစောပိုင်းတွင်အင်ဒိုနီးရှားသည် ဒီမိုကရေစီနိုင်ငံဖြစ်ခဲ့သည်။ ခူစနိုဆိုစရိုဒီဟာဂျို သို့မဟုတ် စူဟာတိုသည်ပထဦးဆုံးသမ္မတဖြစ်သည်။

**B.** စူဟာတိုသည် ၁၉၄၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်မတ်လအထိအုပ်ချုပ်ခဲ့သည်။

**C.** စဦးပိုင်းတွင် စူဟာတိုသည် ဒီမိုကရေစီနည်းဖြင့် အုပ်ချုပ်ခဲ့သည်။ နောက်ဆုံးတွင် အာဏာရှင်ဆန်လာပြီး လူပေါင်း(၅)သိန်းနှင့် တစ်သန်းကြား သတ်ဖြတ်ခဲ့သည်။

**လေ့ကျင့်ခန်း**

***အဖြေများ***


**A.** ဒုတိယသမ္မတသည် ဗိုလ်ချုပ်စူဟာတိုဖြစ်သည်။

**B.** စူဟာတိုသည် ဗိုလ်ချုပ်တစ်ယောက်ဖြစ်သောကြောင့် စစ်တပ်ထဲတွင် အရေးကြီးသောတာဝန်ယူထားသည်။

**C.** စဦးပိုင်းတွင် စူဟာတိုသည် အမေရိကန်ထံမှအထောက်အပံ့များရရှိပြီး အင်ဒိုနီးရှားနိုင်ငံတွင် စီးပွားရေးတိုးတက်မှုအများအပြားရှိခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပွားသောကြောင့် အချိန်ကြာလာသည် နှင့်အမျှ နိုင်ငံတကာအသိုင်းအဝိုင်းသည် အင်ဒိုနီးရှားနိုင်ငံပေါ် ကူညီထောက်ပံ့မှုကိုရင်ဆိုင်းခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြုပ်နှံမှုအများစုရပ်ဆိုင်းခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသည် ကြီးလေးသောစီးပွားရေးအခက်အခဲများကြုံ တွေ့ခဲ့ရသည်။

**လေ့ကျင့်ခန်း**

ပထမဦးစွာကျောင်းသားကျောင်းသူများအား ပေးထားသောအကြောင်းအရာကို ပြန်လည်ဖတ်ခိုင်းကာ စူဟာတိုကျဆုံးခဲ့ရသည့် အကြောင်းရင်းကိုမျဉ်းသားခိုင်းပါ။ ထို့နောက် ကျောင်းသားကျောင်းသူများအား ၎င်းအကြောင်းရင်းကိုကိုယ်ပိုင်စကားဖြင့် ပြန်လည်ရေးသားခိုင်းပြီးနောက် ငါးရိုးပုံဇယားထဲတွင်ထည့်သွင်းခိုင်းပါ။ ဤလေ့ကျင့်ခန်းသည်အတော်လေးခဲယဉ်းနိုင်သဖြင့် အုပ်စုခွဲ၍ သို့မဟုတ် နှစ်ယောက်တစ်တွဲတွဲ၍ဖြည့်ခိုင်းပါ။ဤ (ငါးရိုးပုံကိုပြန်လည်ဆွဲသားရန်လိုအပ်သည်)။




| | |
|---|---|
| **လာဒ်စားမှု** | သူ့ မိသားစုနှင့် ဆွေမျိုးများသည် အာဏာပိုင်ရာထူးများကို ရယူထားသည်။<br>သူ့မိတ်ဆွေများ မတရားကြွယ်ဝချမ်းသာမှု၊ မိသားစုဆွေမျိုးများမတရားချမ်းသာမှု။ |
| **နိုင်ငံရေး** | နိုင်ငံရေးအတိုက်အခံများကိုဖိနှိပ်သည်။<br>အတိုက်အခံများကိုထောင်ချသည်။ |
| **လူ့အခွင့်အရေး** | ၁၉၇၆ - အာချေဒေသ ဆန္ဒပြပြည်သူပေါင်း ၁၅၀၀ သေဆုံးခဲ့သည်။<br>၁၉၉၁ - အရှေ့တီမောတွင် အရပ်သားပြည်သူ(၂၀၀)သေဆုံးခဲ့ရသည်။ |
| **စီးပွားရေး** | နိုင်ငံခြားရင်းမြုပ်နှံမှုရပ်ဆိုင်း<br>၁၉၉၇ - ငွေကြေးအကျပ်အတည်း<br>အစားအစာနှင့်လောင်စာဆီတို့ဈေးနှုန်းသည် ၅၀၀ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ |
| **နိုင်ငံတကာအထောက်အပံ့** | နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ အပြောင်းအလဲလိုချင်သည်။<br>၁၉၉၇ - အမေရိကန်မှ စစ်ရေးထောက်ပံ့မှုပိတ်ပင်သည်။ |
| **ပြည်သူ** | အဓိကရုန်းနှင့် လုယက်မှု၊ သေကြေပျက်စီးမှု<br>ငြိမ်ချမ်းသောပြောင်းလဲမှုဖြစ်လာရန်ကြိုးစားတောင်းဆိုခဲ့ကြသည်။ စီးပွားရေးမပြေလည်မှု။ |

## ကြိုတင်လေ့လာခြင်း

နောက်ထပ်အပိုင်းသည် အရှေ့တီမောနိုင်ငံအကြောင်းဖြစ်သည်။ ထို့ကြောင့်အရှေ့တီမောနှင့်ပတ်သက်၍ ဤမော်ဂျူး ထဲတွင် လေ့လာခဲ့ပြီးသောအချက်အလက်များကိုပြန်လည်ဆွေးနွေးပေးပါ။

***အဖြေများ -***

**A.** ပေါ်တူကီ

**B.** ပေါ်တူကီထွက်ခွာပြီးနောက် အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တီမောနိုင်ငံကို ၁၉၇၅ ခုနှစ်တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

**C.** ဖရီတီလင်သည်အရှေ့တီမောနိုင်ငံလွတ်လပ်ရေးအတွက်ပေါ်တူကီနှင့်အင်ဒိုနီးရှားကိုတိုက်ခိုက်ရာတွင်အဓိကဦးဆောင်သော နိုင်ငံရေးပါတီဖြစ်သည်။

| လေ့ကျင့်ခန်း |
| --- |
| *အဖြေများ* |

**A.** ဖရီတီလင်သည် နိုင်ငံရေးပါတီဖြစ်သောကြောင့် နိုင်ငံရေးနည်းလမ်းကို အသုံးပြုခဲ့ဖွယ်ရှိသည်။ ထိုအပြင် အရှေ့တီမော ပြည်သူများသည် အင်ဒိုနီးရှားတို့ကို ပြန်လည်တိုက်ခိုက်သည်။ (စာပိုဒ်ထဲတွင်တိုက်ပွဲကြောင့် ပြည်သူများသေဆုံးခဲ့ရသည်ဟု ဖော်ပြထားသည်)။ နောက်ပိုင်းတွင် အရှေ့တီမောပြည်သူများ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ (၁၉၉၁ခုနှစ်ဆန္ဒပြပွဲတွင် ဆန္ဒပြ ပြည်သူအများသေဆုံးခဲ့ရသည်)။

**B.** စူဟာတိုဖယ်ရှားခံရခြင်းသည် အရှေ့တီမောနိုင်ငံတွင် ပြောင်းလဲမှုများဖြစ်စေခဲ့သည်။

**C.** ဆန္ဒခံယူပွဲပြုလုပ်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တီမောနိုင်ငံကိုတိုက်ခိုက်ရာတွင် တံတားများ၊ လမ်းနှင့် ကျောင်းများ ကဲ့သို့သော အခြေခံအဆောက်အအုံများကိုဖျက်ဆီးပစ်ခဲ့သည်။ ထိုအခြေခံအဆောက်အဦးများမရှိပါက နိုင်ငံတစ်နိုင်ငံ စီးပွားရေးလည်ပတ်နိုင်ရန် အခက်အခဲရှိသည့်အပြင် ပျက်စီးသွားသောအရာအားလုံးကိုပြန်လည် တည်ဆောက်ရပါက အစိုးရအတွက် များစွာကုန်ကျမည်ဖြစ်သည်။

**D.** ကမ္ဘာ့ကုလသမဂ္ဂသည် အရှေ့တီမောနိုင်ငံတွင် နိုင်ငံတကာငြိမ်းချမ်းရေးတပ်ကို ပို့ဆောင်ထားရှိခဲ့ခြင်းဖြင့် အရှေ့တီမော နိုင်ငံအား လွတ်လပ်ရေးကိုကြိုးပမ်း ရရှိစေခဲ့သည်။

**E.** အင်ဒိုနီရှားနိုင်ငံမှ လွတ်လပ်ရေးရရှိပြီးနောက် အပြောင်းအလဲများရှိလာရန် မျှော်လင့်သော်လည်း စီးပွားရေးပြန်လည်ထူ ထောင်ရန်အချိန်များစွာ ကြာရှည်သည်။ စီးပွားရေးပြဿနာသည်လည်း ဆက်လက်ဖြစ်ပွားနေသဖြင့် အရှေ့တီမောပြည်သူများ ဒေါသထွက်ပေါက်ကွဲကာ ဆူပူအုံကြွမှုများဖြစ်ပေါ်စေသည်။

**F.** အရှေ့တီမောနိုင်ငံရင်ဆိုင်နေရသော အဓိကအချက်မှာတည်ငြိမ်တောင့်တင်းသော စီးပွားရေးစနစ်ကိုပြန်လည်တည် ထောင်ရေးဖြစ်သည်။

. စီးပွားရေးကိုပြန်လည်ထူထောင်နိုင်ရန် အရှေ့တီမောနိုင်ငံသည် ရေနံနှင့်ဓာတ်ငွေ့သိုက်များရှာဖွေခြင်း၊ ကော်ဖီစက်ရုံများ ထူထောင်ခြင်း၊ ခရီးသွားလုပ်ငန်းကိုတိုးမြင့်ခြင်းများ လုပ်ဆောင်နေပြီး ဩစတြေးလျမှအကူအညီများလည်း ရယူနေ- သည်။

## လေ့ကျင့်ခန်း

### ဖြစ်နိုင်ခြေရှိသောအဖြေများ

A. ပေးထားသောရုပ်ပုံအရ အရှေ့တီမောနိုင်ငံပေါက်ကွဲရခြင်း အဓိကအကြောင်းရင်းများမှာ အင်ဒိုနီးရှားသိမ်းပိုက်အုပ်ချုပ်မှု၊ ပေါ်တူကီနှင့်ဒတ်ချ်တို့ ကိုလိုနီစနစ်၊ ဘာသာရေးဆိုင်ရာခြားနားချက်နှင့် တိုင်းရင်းသားလူမျိုးစုများယှဉ်ပြိုင်မှုတို့ဖြစ်သည်။

B. ဤမေးခွန်းသည်အခြေခံအားဖြင့်ကျောင်းသားကျောင်းသူများအား ပေါက်ကွဲနေသောမီးတောင်နှင့် အရှေ့တီမောနိုင်ငံရှိ ပဋိပက္ခတို့ကြား တူညီချက်များကို ရှာခိုင်းခြင်းဖြစ်သည်။

အရှေ့တီမောနိုင်ငံရှိ ပဋိပက္ခသည် ပေါက်ကွဲနေသောမီးတောင်နှင့် ဆင်တူသည်ကိုပေးထားသောရုပ်ပုံက ဖော်ပြထားသည်။ မီးတောင်တစ်လုံးတွင် ချော်ရည်များပေါက်ထွက်လာသော မြေအောက်ကျောက်ရည်ပူအခန်းများစွာရှိသည်။ အလားတူ အရှေ့တီမောနိုင်ငံတွင် ပဋိပက္ခနှင့်နိုင်ငံရေးပြောင်းလဲမှုများကို ဖြစ်စေသောအကြောင်းရင်းများစွာရှိသည်။ မီးတောင်ပေါက်ကွဲမှု သည် အလွန်အန္တရာယ်ကြီးပြီး ရုတ်တရက်ဖြစ်တတ်ဖြစ်သည်။ ထိုကဲ့သို့ပင် ဆန္ဒခံယူပွဲပြီးနောက် အရှေ့တီမောနိုင်ငံတွင်လူပေါင်း ၁၄၀၀ သေဆုံးခဲ့ရပြီး နောက်ထပ်လူ ၃၀၀၀၀၀ သိန်းသည် ဒုက္ခသည်အဖြစ်နေထိုင်ရခဲ့သည်။

**လေ့ကျင့်ခန်း**

***အဖြေများ***

**A.** (ခမာရေ့ဖြစ်လာသောအုပ်စုနှင့်မြောက်ဗီယက်နမ်)၊ (ကမ္ဘောဒီးယားအစိုးရစစ်တပ်၊အမေရိကန်နှင့် တောင်ဗီယက်နမ်)

**B.** ခမာရေ့ဖြစ်လာသောကွန်မြူနစ်များသည် ပြည်တွင်းစစ်ကိုအောင်နိုင်ခဲ့သည်။

**C.** ကွန်မြူနစ်နိုင်ငံတည်ထောင်ရန်၊ ပိုင်ဆိုင်မှုအားလုံးကို နိုင်ငံတော်ပိုင်ပြုလုပ်ရန်။
ကွန်မြူနစ်နိုင်ငံရေးစနစ်ကိုအသုံးပြုခဲ့သည်။ အာဏာရှင်စနစ်ကျင့်သုံးခဲ့သည်ဟုလည်းဆိုနိုင်သည်။

**လေ့ကျင့်ခန်း**

***အဖြေ***

**A.** ခမောရေ့အုပ်ချုပ်မှုသည် လူအများအပြားကိုသေဆုံးစေခဲ့သည်။ လူတိုင်းသည် မိမိတို့ပိုင်ဆိုင်သမျှကို ဆုံးရှုံးခဲ့ရသည်။ မိသားစုများခွဲကွာခြင်းခံရပြီး ပြည်သူများသည်လည်း နေရာရွှေ့ပြောင်းခြင်းခံရသည်။ နိုင်ငံရေးသဘောထားကွဲလိုသူ တစ်ဦးတစ်ယောက်ကိုမျှခွင့်မပြုပေ။ ထို့အပြင် လူအများအပြားသတ်ဖြတ်ခံခဲ့ရသည်။

**B.** ကျောင်းသားကျောင်းသူများအား ဤမေးခွန်းကိုခန့်မှန်းဖြေဆိုခိုင်းပါ။ ပညာတတ်သူများရှိခြင်းသည် အစိုးရအတွက်မည်သည့်ခြိမ်းခြောက်မှုမျိုးဖြစ်လာနိုင်သည်ကို ကျောင်းသားကျောင်းသူများအားမေးပေးပါ။ အစိုးရသည်အသိဉာဏ်မြင့်သော သူများကိုထိတ်လန့်ခြင်းကြောင့် သတ်ဖြတ်ခြင်းဖြစ်နိုင်သည်။ ပညာရှိသူများသည်အခြားသူများအား အစိုးရလုပ်ရပ်များကိုဆန်းစစ်ရန်နှင့် ကန့်ကွက်ရန်တွန်းအားပေးခဲ့ဖွယ်ရှိခြင်းကြောင့်ဖြစ်နိုင်သည်။

**C.** ရေတို - သေကြေပျက်စီးမှု၊ ရောဂါ၊ လူဦးရေဆုံးရှုံးခြင်း

**D.** ရေရှည် - ဆရာဆရာမကင်းမဲ့မှုသည် ပညာနည်းပါးသောလူငယ်များကို ထွက်ပေါ်လာစေသည်။ဆရာဝန်များကင်းမဲ့မှုသည် ရောဂါပျံ့နှံ့မှုနှုန်းနှင့် သေဆုံးမှုနှုန်းကိုပိုမိုမြင့်မားစေသည်။ အချိန်ကြာမြင့်သည့်လုပ်ငန်းရပ်ဖြစ်သောကြောင့် ဤကဲ့ သို့သောပညာရှင်များ ထွက်ပေါ်လာရန် အလွန်ခဲယဉ်းပါလိမ့်မည်။

## လေ့ကျင့်ခန်း

ကျောင်းသားကျောင်းသူများသည်ခမာရော့ အစိုးရမှပြည်သူများအားအစားအစာနှင့်နားချိန်အနည်းငယ် မျှသာပေး၍ သေဆုံးသည် အထိမည်သို့မတရားခိုင်းစေသည်ကို နားလည်သဘောပေါက်စေရန်လိုအပ်ပါသည်။ အလုပ်ခိုင်းစေခံရသောသူများသည် အရှ ယ် ရောက်သူများဖြစ်နိုင်သည်။ ထို့အပြင် ခမာရော့အစိုးရသည်ပညာတတ်သူများအပြင် အရွယ်ရောက်သူများကိုလည်း သတ်ဖြတ်သည်။ ဤသို့သတ်ဖြတ်ခြင်းကြောင့် ခမာရော့လက်အောက်တွင်အသက်ရှင်ကျန် နေသူများမှာကလေးငယ်အများစု သာဖြစ်သည်။ကမ္ဘောဒီးယ ားနိုင်ငံမွေးဖွားနှုန်းသည်အလွန်မြင့်သောကြောင့်အရွယ်ရောက်သူ ဖြစ်လာမည့် ကလေးများထက် အသစ်မွေးဖွားသောကလေးများပိုမို များပြားလိမ့်မည်။ ဤအချက်သည် နိုင်ငံအတွင်းတွင် အရွယ်ရောက်သူနိုင်ငံသားဦးရေထက် ကလေးအရေအတွက်ကိုပိုမို များပြားစေသည်။

ကျောင်းသားကျောင်းသူများအား ကိုယ်ပိုင်သုံးသပ်ချက်တစ်ခုထွက်ပေါ်လာရန် ဤမေးခွန်းကိုဆွေးနွေးဖြေဆိုစေပါ။ ၄င်းတို့ထင်မြင်ယူဆချက်များကိုအကြောင်းပြချက်၊ ဥပမာတို့ဖြင့်အားဖြည့်ထောက်ပြဖြေဆိုစေပါ။

## လေ့ကျင့်ခန်း

***အဖြေ***

ဤစာအုပ်ရှိအဓိပ္ပာယ်ဖွင့်ဆိုချက်အရ အထိမ်းအမှတ်ဆိုသည်မှာလူတို့အား အရေးပါသောလူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ဖြစ်ရပ်တစ်ခုကိုမှတ်မိစေသောအရာဖြစ်သည်။ ဤဖြစ်ရပ်တွင် အထိမ်းအမှတ်သည် စုပြုံထားသော ဦးခေါင်းခွံပုံဖြစ်သည်။ ဦးခေါင်းခွံပုံသည် ပိုပေါ့ကိုအမှတ်ရစေသောအရာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ခမာရော့သုတ်သင်ခဲ့သောလူအားလုံး ကိုပြန်လည်အမှတ်ရစေခြင်းကြောင့်ဖြစ်သည်။

| လေ့ကျင့်ခန်း |
| --- |
| ***အဖြေ*** |

**A.** သက်ဆင်၏အဓိကရည်မှန်းချက်မှာ ထိုင်းနိုင်ငံတွင် ကျေးလက်ဒေသဆင်းရဲမွဲတေမှု ပပျောက်ရေးဖြစ်သည်။

**B.** ကျောင်းသားကျောင်းသူတစ်ဦးချင်းပေါ်မူတည်သောကြောင့် ထင်မြင်ချက်အကွက်ကို ကွက်လပ်အတိုင်းချန်ထားရန်ဖြစ်သည်။ ကျောင်းသားကျောင်းသူများအား အခြားကွက်လပ်များကိုဖြည့်ခိုင်းပြီးနောက် အစီအစဉ်တစ်ခုစီအောင်မြင်မှုနှင့် ဝေဖန်ခံရမှုတို့အနက် မည်သည့်အချက်က ပိုမိုအားကောင်းသည်ကို စဉ်းစားခိုင်းပါ။ အောင်မြင်မှုက ပိုမိုအားကောင်းပါက ထင်မြင်ချက်အကွက်ထဲတွင် အမှတ်ခြစ်ပါ။ ဝေဖန်ချက်များပိုမိုအားကောင်းပါက ကျောင်းသားကျောင်းသူများသည် ၎င်းအစီအစဉ်ကိုကန့်ကွက်သည့်အနေဖြင့် ထင်မြင်ချက်အကွက်ထဲတွင် ကြက်ခြေခတ်အမှတ်အသားခြစ်ခိုင်းပါ။

| မူဝါဒ | ရည်မှန်းချက် | အစီအစဉ် | အောင်မြင်မှု | ဝေဖန်ခံရမှု | သင့်ထင်မြင်ချက် |
| --- | --- | --- | --- | --- | --- |
| လူတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှု | ကျန်းမာရေးစောင့်ရှောက်မှုနှင့် မျိုးရိုးဗီဇပွားဗိုင်းရပ်စ်တားဆေး ရရှိနိုင်ခွင့်တို့တိုးတက်ကောင်းမွန်လာရန် | a.ဆေးရုံတစ်ကြိမ်သွားလျှင် ၃၀ဘတ်<br>b. အစိုးရမှအိတ်ချ် အိုင်ဗီဆေးထောက်ပံ့သည် | ကျန်းမာရေးစောင့်ရှောက်မှုရနိုင်ခွင့်တိုးတက်လာသည် | a. ကျန်းမာရေးလုပ်သားများအတွက် ဝန်ထုပ်ဝန်ပိုးပိုမိုဖြစ်စေသည်၊<br>b. ထောက်ပံ့မှုနည်းပါး | |
| မူးယစ်ဆေးဝါးတိုက်ဖျက်ရေး | ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုကို လျှော့ချစေသည် | a. မူးယစ်ဆေးဝါးစွဲသူများအတွက် မူဝါဒသစ်<br>b.ခရိုင်တွင်း မူးယစ်ဆေးဝါးဖမ်းဆီးမှုနှင့်သိမ်းဆည်းမှုသတ်မှတ်ချက်များ | မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့အဆိုအရ ၎င်းမူဝါဒသည် မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရာတွင် ထိရောက် မှုရှိသည် | လူ့အခွင့်အရေးချိုးဖောက်မှုရှိသောကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းက အကြီးအကျယ်ကန့်ကွက်သည် | |
| စီးပွားရေးမူဝါဒများ | ဆင်းရဲမွဲတေမှုလျှော့ချရန် | a. ကျေးရွာကိုယ်တိုင်စီမံကိုင်တွယ်ရသောထောက်ပံ့ ကြေးအငယ်စား<br>b. စိုက်ပျိုးရေးအတွက် အတိုးနည်းသောချေးငွေ<br>c. ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအတွက် တိုက်ရိုက်ငွေကြေး<br>d.အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး<br>e. ကျေးရွာတစ်အုပ်စုထုတ်ကုန်တစ်ခုနှင့် ငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် | ထိုင်းနိုင်ငံ စီးပွားရေးအား ၁၉၉၇ ခုနှစ်အာရှငွေကြေးအကြပ်အတည်း ကြုံတွေ့ခဲ့ရသောအခြေအနေမှ ပြန်လည်နလန်ထူလာစေပြီး ဆင်းရဲမွဲတေမှုများကိုလည်းသိသိသာသာကျဆင်းခဲ့သည် | a. စီးပွားရေးအောင်မြင်မှုသည် အခြားအကြောင်းရင်းများကြောင့်သာဖြစ်သည်<br>b. ကျေးလက်ဒေသရှိဆင်းရဲသားပြည်သူများအားအစိုးရပေးစာကမ်းစာပေါ် မှီခိုမှုဖြစ်ပေါ်စေသည် | |

**လေ့ကျင့်ခန်း**

***အဖြေ***

**A.** သက်ဆင်သည်အခွန်မဆောင်မှု၊ နိုင်ငံတော်ပိုင်ဆိုင်မှုများကို နိုင်ငံခြားရင်းနှီးမြှပ်နှံသူများအား ရောင်းချပေးမှုနှင့်ဘုရင့်အား ထိပါးမှုတို့ဖြင့် စွပ်စွပ်ခံရသည်။ ၄င်းအစိုးရသည်လည်း လာဒ်စားမှု၊ နိုင်ငံတော်သစ္စာဖောက်မှု၊ သတင်းများထိန်းချုပ်မှုနှင့် အာဏာရှင်ဆန်မှုတို့ဖြင့်စွပ်စွဲခံရသည်။

**B**. ဒီမိုကရေစီပြည်သူ့မဟာမိတ် (ပီအေဒီ)။

**C.** သက်ဆင်အာဏာမရရှိရေး။

**D.** အဝါရှောင်ရှပ်အကျီအဖွဲ့သည် ဘန်ကောက်လေဆိပ်နှစ်ခုနှင့် အစိုးရအဆောက်အဦးနှစ်လုံးကိုဝင်စီး(သိမ်းပိုက်)ခဲ့သည်။

**E.** စစ်အာရှင်စနစ်ကိုဆန့်ကျင်သော အမျိုးသားစည်းလုံးညီညွတ်ရေးဒီမိုကရေစီတပ်ဦး(ယူဒီဒီ)။

**F.** သက်ဆင်အာဏာရရှိရေး။

**G.** ပတ္တရားမြို့ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးကြီးကို ဖျက်သိမ်းစေသောဆန္ဒပြပွဲအပါအဝင် ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ပေးထားသောမေးခွန်းများကိုဖြေပြီးနောက် ကျောင်းသားကျောင်းသူများအား ယခင်ဇယားကွက်များကိုပြည်ကြည့်ခိုင်းပါ။ ကျောင်းသားကျောင်းသူများ အမှတ်ဘယ်လောက်ဘယ်နှစ်ခုလောက်ခြစ်ထားသည်ကိုမေးကြည့်ပါ။ ၄င်းအစီအစဉ်များကိုကြိုက်သောသူများသည် အနီရောင်ရှပ်အကျီအဖွဲ့ ဘက်တော်သားဖြစ်နိုင်သည်။

ကြက်ခြေခတ်ခြစ်ထားသော ကျောင်းသားကျောင်းသူများမည်မည်မျှရှိသည်ကိုမေးပါ။ ဤသူများသည်အဝါရောင်ရှပ်အကျီအဖွဲ့ဘက်တော်သားဖြစ်နိုင်သည်။

သို့သော်လည်း သက်ဆင်ကိုကြိုက်နှစ်သော သို့မဟုတ် မလိုလားသော အခြားအကြောင်းရင်းများလည်းရှိသည်။ ၄င်းအကြောင်းရင်းကို ကျောင်းသားကျောင်းသူများအားမေးပါ (မေးခွန်း(A)ကိုပြန်ရည်ညွှန်းထားသည်)။

***အဖြေများ -***

**A.** ဤမေးခွန်းအဖြေသည် ကျောင်းသားကျောင်းသူ တစ်ဦးချင်းပေါ်တွင်သာမူတည်သည်။ ကျောင်းသားကျောင်းသူများအား ထိုင်းနိုင်ငံရှိ အုပ်စုနှစ်စုကိုပြန်လည်ပေါင်းစည်းနိုင်သော လက်တွေ့ကျသည့်နည်းလမ်းများကို စဉ်းစားတွေးခေါ်ခိုင်းပါ။ အုပ်စုနှစ်စုအား အတူတကွလက်တွဲလုပ်ဆောင်ရမည်ဟုဆိုခြင်းသည် လက်တွေ့မကျပေ။ ၄င်းအုပ်စုနှစ်စုသည်ဆန့်ကျင်ဘက် ပန်းတိုင်များရှိသည်။ ၄င်းအဖွဲ့တို့သည် ထိုင်းနိုင်ငံတွင် နိုင်ငံရေးအာဏာကို မည်သို့မျှဝေနိုင်သနည်း။

**B.** ထိုင်းနိုင်ငံသည်နိုင်ငံရေးအားဖြင့် အလွန်မတည်ငြိမ်သောနေရာတစ်ခုလိုဖြစ်နေသည်။ အထူးသဖြင့်ကမ္ဘာလှည့်ခရီးသည်များအတွက် လေဆိပ်ပိတ်ပင်ခံရခြင်းသည် ပြဿနာတစ်ခုဖြစ်သည်။ ဆန္ဒပြပွဲများနှင့်အပြည်ပြည်ဆိုင်ရာ လေဆိပ်ပိတ်ပင်ခံရသည့် အကြောင်းကိုဖတ်မိသော ကမ္ဘာလှည့်ခရီးသည်အများစုသည် စိုးရိမ်စိတ်ဖြစ်လာပြီး ထိုင်းနိုင်ငံသို့လာလည်ပတ်လိုစိတ် ရှိနိုင်လိမ့်မည်မဟုတ်ချေ။

**C.** **နိုင်ငံရေး** - ထိုင်းနိုင်ငံသည် ပတ္တရား မြို့တွင်ကျင်းပခဲ့သည့် အာဆီယံအစည်းအဝေးကိုဖျက်သိမ်းခဲ့ရသောကြောင့် နိုင်ငံရေးအာဏာအချို့ဆုံးရှုံးသွားနိုင်သည်။ ထိုင်းနိုင်ငံသည် အရေးပါသောအစည်းအဝေးတစ်ခုကျင်းပနိုင်ရန်အတွက် မိမိ၏ပြည်သူများကိုထိထိမိမိမထိန်းနိုင်ချုပ်သော အနေအထားတွင်ရှိနေပုံပေါ်သည်။ **စီးပွားရေး** - ခရီးသွားရေးလုပ်ငန်းသည် ထိခိုက်ခံခဲ့ရဖွယ်ရှိသည်။ အပြည်ပြည်ဆိုင်ရာလေဆိပ် ပိတ်ပင်ခံရခြင်းသည် ဆန္ဒပြပွဲဖြစ်နေသောအချိန်အတွင်း ကမ္ဘာလှည့်ခရီးသည်အများစုမှာ ထိုင်းနိုင်ငံသို့မဆင်းသက်နိုင်ပေ။ထို့နောက်ခရီးသည်အချို့သည်စိုးရိမ်မကင်းဖြစ်နိုင်သောကြောင့်တဖန်ပြန် လာချင်တော့မည်မဟုတ်ချေ။

## ၄။ (၄)ပြန်လည်ဆန်းစစ်ခြင်း

| ပြန်လည်ဆန်းစစ်ခြင်း |
|---|
| ဖြစ်နိုင်ခြေရှိသောအဖြေများ |

**၁.** ၂၀၀၉ခုနှစ် နိုဝင်ဘာလတွင် အာဆီယံအသင်းဝင်နိုင်ငံများမှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဘရူနိုင်း၊ ထိုင်း၊ စင်္ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့ဖြစ်သည်။

**၂.** ယနေ့အာဆီယံ၏ အဓိကရည်မှန်းချက်များမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတိုးမြင့်ရေး၊ လူမှုရေးတိုးတက်မှုကို တွန်းအားပေးရေး၊ ဒေသတွင်းယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရေး၊ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကို ထိန်းသိမ်းကာကွယ်ရေး၊ ဒီမိုကရေစီစနစ် သို့ စွမ်းဆောင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရေးတို့ဖြစ်သည်။

**၃.** အရှေ့တောင်အာရှနိုင်ငံများနှင့် နိုင်ငံရေးဆက်သွယ်ပတ်သက်မှုတိုးမြင့်ရန်အတွက် အိန္ဒိယနိုင်ငံစိတ်ပါဝင်စားမှုပြင်းပြခြင်းသည် နိုင်ငံရေးပတ်သက်မှုထက် ဈေးချိုသောရေနံနှင့် စွမ်းအင်ပင်ရင်းများကိုရှာဖွေရန်ဖြစ်သည်။

**၄.** ၁၉၆၇ ခုနှစ်နှင့် ၁၉၉၈ခုနှစ်ကြားကာလတွင် စူဟာတိုသည်အင်ဒိုနီးရှားနိုင်ငံခေါင်းဆောင်ဖြစ်သည်။ သူသည်အကျင့် ပျက်ခြစားမှုများဖြင့်နာမည်ကျော်သော အာဏာရှင်ဆန်သူဖြစ်သည်။ နိုင်ငံရေးပြိုင်ဖက်များကိုဖိနှိပ်ပြီးအတိုက်အခံများကိုလည်းအကျဉ်းချသည်။ ဆန္ဒပြပွဲများကိုအကြမ်းဖက်မှုဖြင့် ဖြိုခွဲပြီးပြည်သူများမှ အပြောင်းအလဲတောင်းဆိုသော်လည်း ငြင်းပယ် ခဲ့သည်။ စူဟာတိုအစိုးရလက်အောက်စဦးပိုင်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရှိခဲ့သော်လည်းနောက်ပိုင်းတွင် ကြီးမားသော စီးပွားရေးအခက်အခဲများကို ရင်ဆိုင်ခဲ့ရသည်။

**၅.** (ငါးရိုးပုံဇယားကိုပြန်ကြည့်ပါ)

**၆.** ခမာရောဂ့ကြောင့်ဖြစ်ပေါ်လာသော အမြင်သာဆုံးအကျိုးသက်ရောက်မှုတစ်ခုမှာ ဆရာဆရာမ၊ ဆရာဝန်နှင့် ရှေ့နေများ အပါအဝင် လူပေါင်းတစ်သန်းနှင့် နှစ်သန်းကြား သေဆုံးမှုဖြစ်သည်။ အကျိုးဆက်အနေဖြင့် ယနေ့ ကမ္ဘောဒီးယား နိုင်ငံ လူဦးရေ ၇၅ ရာခိုင်းနှုန်းသည် ၁၈ နှစ်အောက်ကလေးများသာဖြစ်သည်ဟု ခန့်မှန်းကြသည်။

**၇.** (သက်ဆင်အစီအစဉ်ဇယားကွက်ကိုပြန်ကြည့်ပါ)

**၈.** ထိုင်းနိုင်ငံတွင်အကြီးဆုံး ဆန္ဒပြအုပ်စုနှစ်စုမှာ အနီရောင်ရှပ်အင်္ကျီအဖွဲ့နှင့် အဝါရောင်ရှပ်အင်္ကျီအဖွဲ့တို့ဖြစ်သည်။ အဝါရောင်ရှပ်အင်္ကျီအဖွဲ့သည် သက်ဆင်အာဏာမရရှိရေးအတွက် ဆန္ဒပြသည်။ အနီရောင်အဖွဲ့သည်သက်ဆင်အာဏာရရှိရေးအတွက်ဆန္ဒပြသည်။

**ပြန်လည်ဆန်းစစ်ခြင်း**

***ဖြစ်နိုင်ခြေရှိသောအဖြေများ***

၁။ တခါတရံတွင် သင်ပိုင်ဆိုင်သောအရာ သို့မဟုတ် အာဏာကိုအလျှော့ပေးခြင်း။

၂။ ဆုံးဖြတ်ချက်တစ်ခုမချမီ အသင်းဝင်နိုင်ငံတိုင်းသတောတူညီရမည်။

၃။ တောင်းဆိုမှုမခံရလျှင် မည်သည့်နိုင်ငံမျှ အခြားတစ်နိုင်ငံ၏အရေးကိစ္စတွင် ပါဝင်ပတ်သက်မည်မဟုတ်ပေ။

၄။ ဤအစိုးရစနစ်သည် လူမှုရေးလိုအပ်ချက်များကို တန်းတူညီမျှမှုရှိစေရန်ပြုလုပ်ပြီး လူများကြားတွင်ဖြစ်ပေါ်သော မညီမျှမှုများကိုဖယ်ရှားပေးသည်။ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းပိုင်ဆိုင်ခွင့်တို့သည် ဤစနစ်ကျင့်သုံးသောသူများအတွက် အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် လူတိုင်းတွင်ဥစ္စာနေပိုင်ဆိုင်မှု အညီအမျှရှိရမည်ဟုယုံကြသည်။ အကျိုးဆက်အနေဖြင့် နိုင်ငံတော်အစိုးရသည် ပြည်သူများကြားတွင် အမြတ်အစွန်းညီမျှစွာခွဲဝေပေးနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းအားလုံးကို လက်ဝါးကြီးအုပ်နိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးစနစ်တစ်ခုတည်းကိုသာ ရည်ညွှန်းပြောဆိုပါက ဆိုရှယ်လစ်စနစ်ဟုခေါ်နိုင်သည်။

၅။ ဤအစိုးရစနစ်သည် ပုံစံနှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ ပြည်သူများထံတွင် နိုင်ငံရေးအာဏာရှိခြင်းနှင့် နိုင်ငံရေးဆုံးဖြတ်ချက်များချရာတွင် ပြည်သူများက တိုက်ရိုက်သြဇာလွှမ်းမှုရှိခြင်းဖြစ်သည်။ ဒုတိယတစ်မျိုးမှာ ပြည်သူများသည် မိမိတို့အကျိုးအမြတ်ကိုသယ်ပိုးပေးရန်နှင့် ဆုံးဖြတ်ချက်များချပေးရန်အတွက် ခေါင်းဆောင်များ ရွေးချယ်တင်မြှောက်ကြသည်။

၆။ ဤစနစ်တွင်အစိုးရသည် နိုင်ငံတော်အာဏာကိုချုပ်ကိုင်ထားသည်။ ဤစနစ်ကိုကျင့်သုံးသောနိုင်ငံများကို အများအားဖြင့် ပြည်သူ့သမ္မတနိုင်ငံ သို့မဟုတ် ပြည်တောင်စုဟုခေါ်သည်။ ဤစနစ်တွင်လူတစ်ဦးချင်းစီ၏ လွတ်လပ်မှုသည် အတိုင်းအတာတစ်ခုအထိရှိသော်လည်း ရွေးချယ်တင်မြှောက်ခြင်းမခံရသော အုပ်ချုပ်သူများတွင်အမြင့်ဆုံးအာဏာရှိသည်။

၇။ ဤအစိုးရစနစ်တွင် ဘုရင်၊ ဘုရင်မသို့မဟုတ်စော်ဘွားသည်နိုင်ငံတော်အကြီးအကဲဖြစ်ပြီး ၎င်းတို့အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်ကန့်သတ်ထားသည်။ ဘုရင်သည် အရေးကြီးသောဆုံးဖြတ်ချက်များမချမီ ဘာသာရေး သို့မဟုတ် ရွေးချယ်တင်မြှောက်ခံရသောအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်ရမည်။

၈။ နိုင်ငံရေးအာဏာကို စစ်တပ်ကချုပ်ကိုင်ထားသည်။ နိုင်ငံရေးအာဏာသည် တရားဝင် (သို့) တရားမဝင်ဖြစ်နိုင်သည်။ သို့မဟုတ် စစ်တပ်သည် အမှန်တကယ်တာဝန်မရှိသော်လည်း အားကောင်းသောသြဇာလွှမ်းမိုးမှုရှိနိုင်သည်။

**တိုးချဲ့လေ့ကျင့်ခန်း**

သတင်းဆောင်းပါးတစ်ပုဒ်၏ပထမစာပိုဒ်ထဲတွင် အရေးကြီးသောအချက်အလက်များဖြစ်သည့် ဘယ်သူ၊ ဘယ်အရာ၊ အချိန်၊ နေရာ၊ ဘာကြောင့်တို့ကို အမြဲတမ်းထည့်သွင်းရမည်။

| | | |
|---|---|---|
| မည်သူ | - | သက်ဆင်သည် မူးယစ်ဆေးဝါးနှိမ်နှင်းရေးစတင်သည်။ |
| အချိန် | - | ၂၀၀၃ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လ |
| ဘာကြောင့် | - | ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုပပျောက်ရေး |

မည်သည့်အရာကပြစ်ဒဏ်ချခံရသော မူးယစ်ဆေးဝါသုံးစွဲသူများ၏ ပြစ်ဒဏ်ကိုပြောင်းလဲပေးသည်။ခရိုင်များအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရေးနှင့် သိမ်းဆည်းရေးသတ်မှတ်ချက်များကိုချမှတ်ပေးပြီး သတ်မှတ်ချက်ဖြည့်စီးနိုင်သောသူများကိုချီးမြှင့်သည်။

**မူးယစ်ဆေးဝါးနှိမ်နှင်းရေးကိုထောက်ခံသူ** - ထိုင်းနိုင်ငံတွင်မူးယစ်ဆေးဝါးသုံးစွဲမှုကို အောင်မြင်စွာလျှော့ချနိုင်ပြီး တရားမဝင်သောမူးယစ်ဆေးဝါးအများစု၏ဈေးနှုန်းကိုလည်း မြင့်တက်စေခဲ့သည်ဟု ထောက်ခံသူများကဆိုသည်။

**မူးယစ်ဆေးဝါးနှိမ်နှင်းရေးကိုကန့်ကွက်သူ** - လူအခွင့်အရေးချိုးဖောက်မှုများစွာ ဖြစ်စေခဲ့သည်။ အများအားဖြင့်တရားမျှတသောတရားစီရင်မှုမရှိဘဲ လူ(၂၂၇၅)သေဆုံးခဲ့ရသည်ဟု ကန့်ကွက်သူများကဆိုသည်။

**ကြိုတင်လေ့လာခြင်း**

**ဖြစ်နိုင်ခြေရှိသောအဖြေများ**

**၁။** အာဆီယံ၏အမှတ်အသားအောက်တွင် လူလေးဦးမှတ်တပ်ရပ်နေသည်။ ၎င်းတို့သည် အာဆီယံဝန်ကြီးများသာဖြစ်နိုင်သည်။ ၎င်းတို့သည် ဝတ်စုံများဝတ်ထားပြီး အင်္ကျီလက်များကို ချိုးနှောင်ထားသည်။ သို့သော် တစ်ဦး၏လက်ကို အခြားတစ်ဦးက မကိုင်ထားပေ။ ၎င်းတို့လက်များကို လွတ်လွတ်လပ်လပ်ထားနိုင်သည်။

**၂။** ကျောင်းသားကျောင်းသူများ၏ အဓိပ္ပာယ်ကောက်ယူချက်ပေါ် မူတည်၍ အဖြေများခြားနားလိမ့်မည်။ ကျောင်းသားကျောင်းသူများပြောနိုင်သော မျက်နှာအနေအထားမျိုးများမှာစိုးရိမ်မှု၊ သံသယဖြစ်မှု၊ လျှို့ဝှက်ကြံစည်မှု၊ ပူးပေါင်းကြံစည်မှု၊ ကြိုတင်ကြံဆမှု၊ ပျော်ရွှင်မှုနှင့် ပျင်းရိမှုတို့ဖြစ်နိုင်သည်။

**၃။** ကျောင်းသားကျောင်းသူများ၏အဖြေများခြားနားလိမ့်မည်။ ဖော်ပြချက်သုံးခုစလုံးမှန်ကန်နိုင်ဖွယ်ရှိသည်။ ကျောင်းသားကျောင်းသူများသည်မိမိတို့အကြောင်းပြချက်များကိုကာတွန်းရုပ်ပုံမှအသေးစိတ်တွေ့ရှိချက်များနှင့် အာဆီယံအကြောင်းနှင့်ပတ် သက်၍ လေ့လာခဲ့ပြီးသောအချက်အလက်များတို့ဖြင့် ထောက်ပြဆွေးနွေးရန်ဖြစ်သည်။

**ပြန်လည်ဆန်းစစ်ခြင်း**

**ဖြစ်နိုင်ခြေရှိသောအဖြေများ**

**၁။** လူကုန်ကူးသန်းရောင်းဝယ်ရေး၊ အတင်းအဓမ္မနေရာရွှေ့ပြောင်းခိုင်းခြင်း၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း။ အကြောင်းမဲ့ဖမ်းဆီးမှု၊ ခြိမ်းခြောက်၍ငွေညှစ်ခြင်းစသည်တို့ ဖြစ်သည်။ အခြားအကြောင်းများကိုလဲဆွေးနွေးနိုင်သည်။

**၂။** အာဆီယံသည်ဝင်ရောက်စွက်ဖက်မှု မပြုရေးမူကို လက်ခံထားသောကြောင့် ကိုယ့်ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုရှိသောသော အသင်းဝင်နိုင်ငံများကို အရေးမယူနိုင်ပေ။

**၃။** အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးပြဿနာများကို တစ်နည်းနည်းဖြင့် ကိုင်တွယ်နိုင်ရန်အတွက်အာဆီယံအဖွဲ့သည် ဝင်ရောက်စွက်ဖက်မှုမပြုရေး မူဝါဒကိုပြုပြင်ပြောင်းလဲရန်လိုအပ်ပြီး အချို့သောအခြေအနေများတွင် ကြားဝင်ဆောင်ရွက်ပေးနိုင်သော နည်းလမ်းများကိုလည်းချမှတ်ရန်လိုအပ်သည်။

# ၅။ အရှေ့တောင်အာရှအနာဂတ်

**ဤအခန်းတွင် ကျောင်းသားကျောင်းသူများသည် အောက်ပါတို့ကိုလုပ်ဆောင်ရမည်။**

- အကြောင်းအရာကိုနားလည်သဘောပေါက်အောင်ဖတ်ခြင်း
- အချက်အလက်များကို ကိုယ်ပိုင်စကားဖြင့် ပြန်ပြောခြင်း
- အချက်အလက်များကို ကဏ္ဍအလိုက်ခွဲခြားခြင်း
- ဇယားကွက်ပေါ်တွင် ထင်မြင်ယူဆချက်များကိုစုစည်းခြင်း
- အတိတ်ဖြစ်ရပ်များပေါ်အခြေခံ၍ အနာဂတ်အတွက် ကြိုတင်ခန့်မှန်းခြင်း
- လိုအပ်ချက်ဦးစားပေးသတ်မှတ်ခြင်း
- အရှေ့တောင်အာရှနှင့်ဆက်နွယ်သောခေါင်းစဉ်(အကြောင်းအရာ)တစ်ခုကိုသုတေသနလုပ်ခြင်း
- ခိုင်းနှိုင်းမှုအသုံးအနှုန်းများကိုအဓိပ္ပာယ်ဖွင့်ခြင်း

## ၅။(၁) နိဒါန်း

| လေ့ကျင့်ခန်း |
| --- |
| *အဖြေ* |

**A.** ခေါင်းဆောင်တိုင်းသည် ကမ္ဘာ့စီးပွားရေးမည်သို့ ပြောင်းလဲသွားနိုင်ကြောင်း၊ အနာဂတ်တွင်မည်သည့် နိုင်ငံရေးအခက်အခဲများ ရှိလာနိုင်ကြောင်းနှင့် လူမှုအသိုင်းအဝိုင်းများမည်သို့ ဖြစ်ပျက်သွားနိုင်ကြောင်းတို့ကို သိရှိလိုကြသည်။

**B.** အနာဂတ်ကိုကြိုတင်မှန်းဆနိုင်သော ခေါင်းဆောင်များသည် အခက်အခဲများကို ပိုမိုကောင်းမွန်စွာ ရင်ဆိုင်နိုင်သည်။ မဖြစ်သေးသောပြဿနာများအတွက် ဖြေရှင်းချက်များကိုကြိုတင်စီစဉ်နိုင်ပြီး တခါတရံတွင် ပြဿနာအချို့ကိုလည်း အတူတကွရှောင်ရှားနိုင်သည်။

**C.** ကောင်းမွန်သောကြိုတင်ခန့်မှန်းမှုဆိုသည်မှာ အတိတ်တွင်မည်သည့်အရာများ ဖြစ်ပျက်ခဲ့သည်ကို သေသေချာချာ နားလည်ထားမှုအပေါ်တွင်အခြေခံပြီး ခိုင်မာသောအကြောင်းပြချက်များနှင့် ဥပမာများပါသော ခန့်မှန်းမှုမျိုးဖြစ်ရပါမည်။

## ၅။ (၂)ထင်မြင်ချက်များ

| ထင်မြင်ချက်များ |
|---|
| **တိုးချဲ့လေ့ကျင့်ခန်း** |

နောက်သင်ခန်းစာတွင် အရှေ့တောင်အာရှအနာဂတ်နှင့်ပတ်သက်၍ မည်သည့်အရာများကအရေးကြီးပါသည်ဟု ထင်မြင်ယူဆကြသော ပညာရှင်များနှင့် နိုင်ငံရေးသမားများ၏ ပြောဆိုချက်အချို့ကိုထည့်သွင်းထားသည်။

**ရွေးချယ်ချက်(၁)** - ကျောင်းသားကျောင်းသူများအားအဖွဲ့ခွဲခြောက်ဖွဲ့ခွဲ၍ တစ်ဖွဲ့စီအားပြောဆိုချက်တစ်ခုကို တာဝန်ယူခိုင်းပါ။ ကျောင်းသားကျောင်းသူများကို ပြောဆိုချက်ထဲရှိ အသုံးအနှုန်းများကိုကြည့်၍ ကိုယ်ပိုင်စကားဖြင့် ပြန်လည်တင်ပြခိုင်းပါ။ သမ္မတမီဂါဝတ်တီ၏ပြောဆိုချက်သည် အတိုဆုံးဖြစ်သဖြင့် ၄င်းကို ဥပမာအဖြစ်အသုံးပြုနိုင်သည်။
*ဥပမာ* - သမ္မတမီဂါဝတ်တီဆိုထားသည်မှာ အနာဂတ်တွင်စီးပွားရေး ပြဿနာတစ်ခုတည်းသာမက နိုင်ငံရေး ပြဿနာများကိုလည်း ထည့်သွင်းစဉ်းစားရန်အရေးကြီးသည်။ အာဆီယံသည် နိုင်ငံရေးတစ်ခုတည်းကိုသာ ထည့်သွင်းစဉ်းစားပြီး စီးပွားရေးကို ဥပက္ခာပြုထားပါက သို့မဟုတ် ဆန့်ကျင်ဘက်ပြုလုပ်ပါက ပြဿနာများဖြစ်ပေါ်လာမည်ဖြစ်သည်။

ကျောင်းသားကျောင်းသူများအား အထက်ပါအတိုင်းပြင်ဆင်ထားစေပြီးနောက် တင်ပြခိုင်းပါ။ တင်ပြချက်တစ်ခုစီကို အချိန်အနည်းငယ်ကြာဆွေးနွေးပေးပါ။ ဆွေးနွေးနေချိန်တွင်ကျောင်းသားကျောင်းသူများကို အောက်တွင်ပေးထားသောမေးခွန်းများကဲ့သို့မေးနိုင်သည်။

- **ပြန်လည်တင်ပြချက်ကို သဘောတူပါသလား။**
- **အရေးကြီးသောအချက်အလက်များကျန်ခဲ့ပါသလား။**

**ရွေးချယ်ချက်(၂)** - ကျောင်းသားကျောင်းသူများအား ပေးထားသောပြောဆိုချက်များကို အိမ်စာအဖြစ်လေ့လာခိုင်းပြီး ပြောဆိုချက်များအနက်တစ်ခုကို တင်ပြချက်အဖြစ်အတိုချုံးခိုင်းပါ။

**လေ့ကျင့်ခန်း**

**ဖြစ်နိုင်ခြေရှိသောအဖြေများ**

**ကွန်ဒိုလီဆာရိုက်** - ကျွန်မထင်တဲ့အရေးကြီးဆုံးအနာဂတ်စိန်ခေါ်မှုကတော့ အရှေ့တောင်အာရှမှာ အကြမ်းဖက်သမား အကြမ်းဖက်မှုများ ပပျောက်ရေးဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အကြမ်းဖက်မှုဟာ ဒေသတွင်းစီးပွားရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုကို ထိခိုက်နိုင်တယ်။ အရှေ့တောင်အာရှမှာ အကြမ်းဖက်မှုဖြစ်လာဖို့အလားအလာ ရှိတယ်။ ဘာကြောင့်လဲဆိုတော့ နယ်စပ်ဒေသထိန်းချုပ်ရေးဟာ ထိရောက်မှုမရှိဘူး။ ထို့နောက်အစိုးရတွေဟာ ဥပဒေချိုးဖောက်သူတွေကိုလည်း ထိထိမိမိမဖော်ထုတ်နိုင်ဘူး။ အရှေ့တောင်အာရှမှာ အကြမ်းဖက်မှုတွေ အကြိမ်များစွာဖြစ်ခဲ့တာတွေရှိတဲ့အတွက် ဆက်လက်ဖြစ်ပွားနိုင်တဲ့ အလားအလာရှိတယ်။

**အစ်စဘယ်လီ လူးဝစ်** - ကျွန်တော်ထင်တဲ့အရေးကြီးဆုံးစိန်ခေါ်မှုကတော့ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုပဲဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာနိုင်ပြီးတော့ အရှေ့တောင်အာရှဒေသအချို့ဒေသများကို ရေလွှမ်းမိုးသွားနိုင်တယ်။ ရေလွှမ်းမိုးမှုဟာ လူတွေရဲ့နေအိမ်တွေ၊ လယ်ယာတွေကိုဖျက်ဆီးလိမ့်မည်ဖြစ်ပြီးတော့ လူတွေရပ်တည်နိုင်ဖို့အတွက် အလွန်ခဲယဉ်းလိမ့်မယ်။

**အုန်းခင်ရှန်း** - ကျွန်တော်ထင်တဲ့အရေးကြီးဆုံးစိန်ခေါ်မှုကတော့ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ပဲဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အာဆီယံဟာအနာဂတ်မှာ အခက်အခဲတွေအများကြီးရှိတယ်။ ဒီအခက်အခဲတွေကို အလွယ်တကူရင်ဆိုင်နိုင်ဖို့ဆိုရင် နိုင်ငံအားလုံးပူးပေါင်းလုပ်ကိုင်မှသာဖြစ်မယ်။

**သမ္မတမီဂါဝတ်တီ စူကာနိုပူတရီ** - ကျွန်ုပ်ထင်တဲ့အရေးကြီးဆုံး အနာဂတ်စိန်ခေါ်မှုကတော့ စီးပွားရေးနှင့် နိုင်ငံရေးနှစ်ခုစလုံးပဲဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီပြဿနာတွေထဲကတစ်ခုကိုသာ ထည့်သွင်းစဉ်းစားမယ်ဆိုရင် အောင်မြင်မှာမဟုတ်ဘူး။ အနာဂတ်သစ်ဆီကို ရှေ့ဆက်လျှောက်လှမ်းနိုင်ဖို့ဆိုရင် နိုင်ငံရေးရော စီးပွားရေးပါ ထည့်သွင်းစဉ်းစားဖို့လိုတယ်။

**မိုဟာမက် ဂျော်ဟာဟတ်စန်** - ကျွန်ုပ်ထင်တဲ့အရေးကြီးဆုံး အနာဂတ်စိန်ခေါ်မှုကတော့ ဒေသတွင်းနိုင်ငံရေးပဲဖြစ်တယ်။ဘာဖြစ်လို့လဲဆိုတော့ အရှေ့တောင်အာရှနိုင်ငံအများစုဟာ နိုင်ငံသစ်တွေဖြစ်ပြီးတော့ သူတို့ရဲ့နိုင်ငံတွေကို ထူထောင်နေတုန်းပဲရှိနေသေးတယ်။ တောင့်တင်းတဲ့နိုင်ငံတစ်နိုင်ငံ တည်ထောင်ဖို့ဆိုတာ အချိန်အလွန်ကြာမြင့်တယ်။ အရှေ့တောင်အာရှနိုင်ငံအများစု ကစတင်ရုံလေးပဲရှိသေးတယ်။ ဒီနိုင်ငံတွေအတွက်တော့ တည်ငြိမ်ပြီးခိုင်ခံ့ပြီး အင်အားတောင့်တင်းတဲ့ အစိုးရတွေကို တည်ဆောက်နိုင်ဖို့ ခဲယဉ်းလိမ့်မည်။

**လင်ချောင်ရမ်** - ကျွန်ုပ်ထင်တဲ့အရေးကြီးဆုံး အနာဂတ်စိန်ခေါ်မှုကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့ပဲဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ အရှေ့တောင်အာရှမှာ ဆင်းရဲတဲ့နိုင်ငံတွေအများကြီးရှိနေတယ်။ စီးပွားရေးဟာစိုက်ပျိုးရေးပေါ် အခြေခံရတဲ့အတွက်ဖွံ့ဖြိုးတိုးတက်မှုရှိလာအောင် လုပ်ဆောင်ရမယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရမယ်။ တောင့်တင်းတဲ့စီးပွားရေးဖြစ်လာဖို့ဆိုရင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတွေလိုအပ်တဲ့အတွက်ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင်လုပ်ဖို့ဆိုတာ ခက်ခဲလိမ့်မည်။

**လေ့ကျင့်ခန်း** ***အဖြေ -***

| | |
|---|---|
| ကွန်ဒိုလီဆာရိုက် | - နိုင်ငံရေး |
| အစ်စဘယ်လီ လူးဝစ် | - သဘာဝပတ်ဝန်းကျင် |
| အုန်းခင်ရှန်း | - နိုင်ငံရေး |
| သမ္မတမီဂါဝတ်တီ စူကာနိုပူတရီ | - နိုင်ငံရေးနှင့် စီးပွားရေး |
| မိုဟာမက် ဂျော်ဟာ ဟတ်စန် | - နိုင်ငံရေး |
| လင်ချောင်ရမ် | - စီးပွားရေး |

**လေ့ကျင့်ခန်း** ကျောင်းသားကျောင်းသူများမမှတ်မိပါက ပျိုးထောင်ခါစနိုင်ငံသစ်များအတွက် စိန်ခေါ်မှုများခေါင်းစဉ်ကိုပြန်ကြည့်ခိုင်းပါ။

***ဖြစ်နိုင်ခြေရှိသောအဖြေများ -***

**A.** တခါတရံတွင်နိုင်ငံများသည်လွတ်လပ်သောနိုင်ငံဖြစ်သွားသော်လည်းအုပ်ချုပ်မှု(အစိုးရ)အတွေ့အကြုံမရှိပေ။၎င်းတို့ သည် ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသော အုပ်စုများကိုပြန်လည်ပေါင်းစည်းရသည်။ စီးပွားရေးပြဿနာများကို ရင်ဆိုင်ရသည်။ ထို့အပြင်အများအားဖြင့် နိုင်ငံရေးမတည်ငြိမ်မှုကို ရင်ဆိုင်ရပြီးပိုမိုအင်အားကြီးသော အိမ်နီးချင်းနိုင်ငံများနှင့် တခါတရံတွင် ပြည်တွင်းစစ်တို့ကို ရင်ဆိုင်ရသည်။

**B.** အရှေ့တောင်အာရှရှိနိုင်ငံများသည် ၎င်းပြဿနာများကိုရင်ဆိုင်နေရသေးသည်။

**C.** အနာဂတ်ပြဿနာနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများထံမှ ထင်မြင်ယူဆချက်များထွက်ပေါ်လာရန် တွန်းအားပေးပါ။ အောက်ပါဇယားထဲတွင် ယခင်ပြောဆိုချက်များမှ ထင်မြင်ယူဆချက်အချို့နှင့် အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် အခြားစိန်ခေါ်မှုများနှင့် ပတ်သက်သော ထင်မြင်ချက်အချို့ကိုလည်း ထည့်သွင်းထားသည်။

| စိန်ခေါ်မှုများ | စီးပွားရေး | နိုင်ငံရေး | လူမှုရေး | သဘာဝပတ်ဝန်းကျင် |
|---|---|---|---|---|
| ယခင် | စီးပွားရေးအားဖြင့်ဥရောပနိုင်ငံများပေါ်မှီခိုနေရမှု။<br><br>ဖွံ့ဖြိုးမှုနည်းသောစက်မှုလုပ်ငန်းစိုက် ပျိုးရေး(သို့) ကုန်ကြမ်းပစ္စည်းအလွန်အကျွံထုတ်လုပ်မှု။<br><br>စိုက်ပျိုးရေး(သို့) ကုန်ကြမ်းပစ္စည်းအလွန်အကျွံ ထုန်လုပ်မှု | အုပ်ချုပ်မှုအတွေ့အကြုံမရှိ<br><br>ပိုမိုအင်အားကြီးသော အိမ်နီးချင်းနိုင်ငံများ | အယူဝါဒ၊ယဉ်ကျေးမှုနှင့်ဘာသာစကားကွဲပြားသောအုပ်စုများ | |
| အသစ် | အာရှငွေကြေးအကြပ်အတည်းနောက်တစ်ခုသို့မဟုတ် ကမ္ဘာ့စီးပွားရေးကျဆင်းမှုနိုင်ငံတကာအထောက်အပံ့ရရှိမှုပိုများမလား သို့မဟုတ်ပိုနည်းသွားမည်လား။<br><br>အိန္ဒိယ၊ တရုတ်တို့နှင့်ကြီးကြီး မားမားယှဉ်ပြိုင်နေရမှု | အကြမ်းဖက်တိုက်ခိုက်မှုကဒေသကိုမတည်ငြိမ်အောင်လုပ်မည်လား။<br><br>အာဆီယံ၏အာဏာသြဇာလွှမ်းမိုးမှုလျော့နည်းသွားမည်လား။<br><br>ထိုင်းနှင့်ကမ္ဘောဒီးယားကဲ့သို့အစိုးရအချို့ပြိုကွဲမည်လား။ | လက်နက်ကိုင်အစွလမ်းများတိုးပွားလာမှုသည်လူမှုရေးအုပ်စုကြားတွင်သဘောကွဲလွဲမှုများပိုမိုဖြစ်ပေါ်လာနိုင်ပါသလား။<br><br>ဆင်းရဲချမ်းသာကွာဟမှုကြီးမားလာမည်လား။ | ညစ်ညမ်းမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့်အိုးအိမ်များနှင့် လယ်ယာများကိုရေလွှမ်းမိုးခံရမည်လား။<br><br>စူနာမီလျှော်သို့မဟုတ်မုန်တိုင်းကဲ့သို့သောသဘာဝဘေးအန္တရာယ်များဖြစ်လာနိုင်သလား။ |

## တိုးချဲ့လေ့ကျင့်ခန်း

(က)ယခင်မေးခွန်းသည်ကျောင်းသားကျောင်းသူများအားစိန်ခေါ်မှုသို့မဟုတ်ပြဿနာအကြောင်းကိုသာစဉ်းစား ခိုင်းရန်ဖြစ်သည်။ သို့ သော် ဤမေးခွန်းသည် စိန်ခေါ်မှုများအပြင် အနာဂတ်တွင်ဖြစ်လာနိုင်သော အောင်မြင်မှုများကိုလည်း စဉ်းစားခိုင်းရန်ဖြစ်သည်။ ရှေးပြေးကျောင်းသား ကျောင်းသူများဖြစ်ပါက အနာဂတ်တွင်ဒေသတစ်ခုလုံးအတွက်သာမကာ တစ်နိုင်ငံစီ၏စိန်ခေါ်မှုနှင့် အောင်မြင်မှုများကိုခန့်မှန်းပြောဆိုခိုင်းပါ။

A. အုပ်စုတစ်ခုနှင့်တခု အဖြေများခြားနားလိမ့်မည်။ ၄င်းတို့အဖြေတွင်အောက်ပါအချက်အလက်များကို ထည့်သွင်းနိုင်သည်။ အဆင့်မြင့်ပညာရေးအတွက် ငွေပိုမိုသုံးစွဲရမည်။ သဘာဝသယံဇာတများပိုမိုရှာဖွေရမည်။ စစ်ရေးလုပ်ငန်းများဖွံ့ဖြိုးအောင်ပြုလုပ်ရမည်။ ဆင်းရဲမွဲတေမှုကိုကျဆင်းအောင် ကြိုးစားဆောင်ရွက်ပါ။ အမျိုးသမီးအရည်အသွေးမြင့်တင်ပေးသော အစီအစဉ်များစတင်ရန်လိုအပ်ပါသည်။ အစရှိသည့်ဖြင့် . . . .

## တိုးချဲ့လေ့ကျင့်ခန်း

တင်ပြချက်များကိုပြင်ဆင်နေချိန်တွင်ကျောင်းသားကျောင်းသူများလုပ်ဆောင်ချက်မှန်ကန်မှုရှိမရှိလိုက်လံစစ်ကြည့်ပါ။ အရှေ့တီမော အာရှအနာဂတ်အတွက် အဘယ့်ကြောင့် အရေးပါသောအချက်ဖြစ်သည်ကို ကျောင်းသားကျောင်းသူအုပ်စုများမှရှင်းပြရမည်။ ၄င်းတို့ရွေးချယ်ခဲ့သောအချက်များအနက် မည်သည့်အချက်များသည် ဦးစားပေးလုပ်ဆောင်ချက်များဖြစ်ရမည်နည်း။

တင်ပြချက်ပြီးနောက်အချိန်ရနိုင်ပါကကျောင်းသားကျောင်းသူများအားလုပ်စုလိုက်ဆွေးနွေးခိုင်းပြီး၄င်းတို့သဘောတူညီမှုဖြင့်ဦးစားပေးလုပ်ဆောင်ချက်များကိုစာရင်းပြုစုပါ။ ထိုသို့ဆွေးနွေးရာတွင် ကျောင်းသားကျောင်းသူများအား စကားစစ်ထိုးပြိုင်ပွဲ(စကားရည်လုပြိုင်ပွဲ)ပြုလုပ်ပေးပါ။

## သုတေသနလုပ်ငန်း

ဤလုပ်ငန်းသည်လည်း ကျောင်းသားကျောင်းသူများကို ပြန်လည်ဆန်းစစ်ရန်နည်းလမ်းတစ်လမ်းဖြစ်သည်။
ဥပမာအနေဖြင့် အောက်ဖော်ပြပါ စာစီစာကုံးခေါင်းစဉ်များဖြင့် စာစီစာကုံးရေးသားစေခြင်း။

- အရှေ့တောင်အာရှရှိဘာသာအယူဝါဒများ
- အရှေ့တောင်အာရှရှိကုန်သွယ်မှု
- အရှေ့တောင်အာရှနိုင်ငံများတွင်ရှိသော အစိုးရများ
- အရှေ့တောင်အာရှတွင်ဖြစ်သောပဋိပက္ခ
- အရှေ့တောင်အာရှပထဝီမြေအနေအထားနှင့် သဘာဝပတ်ဝန်းကျင်

စာကြည့်တိုက် သို့မဟုတ် အင်တာနက်ရှိပါက ကျောင်းသားကျောင်းသူများသည် နိုင်ငံတစ်နိုင်ငံကိုရွေးချယ်ပြီး ၄င်းနိုင်ငံဘာသာ အယူဝါဒ၊ ကုန်သွယ်မှု၊ အစိုးရ၊ ပဋိပက္ခ၊ ပထဝီမြေအနေအထား(သို့) သဘာဝပတ်ဝန်းကျင်အကြောင်းကိုသုတေသနလုပ်ခိုင်းပါ။ ဤလေ့ကျင့်ခန်းကို တစ်ယောက်ချင်းစီ သို့မဟုတ် အုပ်စုခွဲ၍လုပ်ဆောင်ခိုင်းနိုင်သည်။

ဤလုပ်ငန်း၏ရည်ရွယ်ချက်မှာ ကျောင်းသားကျောင်းသူများအား မတူညီသော အချိန်ကာလများကြား ဆက်နွယ်မှုကိုရှာတတ်ရန်ဖြစ်သည်။ ကျောင်းသားကျောင်းသူများသည်အတိတ်ကာလမှပစ္စုပ္ပန်ကာလပေါ်မည်သို့အကျိုးသက်ရောက်ပုံ၊ပစ္စုပ္ပန် ကာလမှအနာဂတ်ပေါ်မည်သို့ အကျိုးရောက်မှုရှိနိုင်ပုံတို့နှင့်ပတ်သက်၍ ကောင်းမွန်စွာနားလည်ထားရမည်ဖြစ်သည်။

ဤသုတေသနလုပ်ငန်း၏ အတိုင်းအတာသည် သင့်တွင်ရှိသောအချိန်နှင့်
ရရှိနိုင်သာအထောက်အကူပစ္စည်းများ ပေါ်တွင်မူတည်သည်။

**တစ်ဦးချင်းစာစီစာကုံး**

သမိုင်းဆိုင်ရာစိတ်ဖြာသုံးသက်ချက် (၅)မှတ်
ကျောင်းသားကျောင်းသူများသည်ခေါင်းစဉ်နှင့်ဆက်နွယ်သည့်အရေးကြီးအချက်များကို မှန်ကန်စွာထည့်သွင်းရမည်။
လက်ရှိဖြစ်ရပ်ကိုစိတ်ဖြာသုံးသပ်ချက် (၅)မှတ်
ကျောင်းသားကျောင်းသူများသည် ခေါင်းစဉ်လက်ရှိအခြေအနေကို မှန်ကန်စွာဖော်ပြရေးသားရမည်။
အနာဂတ်ကြိုတင်ခန့်မှန်းချက် (၅)မှတ်
ကျောင်းသားကျောင်းသူများသည် အတိတ်၊ ပစ္စုပ္ပာန်တို့နှင့်ဆက်နွယ်မှုရှိသောကြိုတင်ခန့်မှန်းချက်များထုတ်ပြီး ၎င်းတို့ကို ကောင်းမွန်စွာရှင်းပြထားရမည်။
ကျောင်းသားကျောင်းသူများသည် အနာဂတ်နှင့်ပတ်သက်မှု မိမိတို့ကြိုတင်ခန့်မှန်းချက်များ သို့မဟုတ်ယုံကြည်ချက်များကို အကြောင်းပြချက်များဖြင့်ထောက်ပြရမည်။

**ဖော်ပြရေးသားခြင်း**

- ကျောင်းသားကျောင်းသူသည် မိမိထင်မြင်ယူချက်ကို ရွေးချယ်လိုက်သောဘာသာစကားဖြင့် ရှင်းလင်းပြတ်သားစွာရေးသားနိုင်ရမည်၊

အမှတ်စုစုပေါင်း (၂၀)မှတ်

**အုပ်စုလိုက်စာစီစာကုံး**

| | | |
|---|---|---|
| ကျောင်းသားကျောင်းသူ(၁) | ● ဘာသာအယူဝါဒနှင့် ယဉ်ကျေးမှု | |
| | သမိုင်းဆိုင်ရာစိတ်ဖြာသုံးသပ်ချက် | (၅)မှတ် |
| | ပစ္စုပ္ပန်ကာလစိတ်ဖြာသုံးသပ်ချက် | (၅)မှတ် |
| | အနာဂတ်ကြိုတင်ခန့်မှန်းချက် | (၅)မှတ် |
| | ဖော်ပြရေးသားချက် | (၅)မှတ် |
| ကျောင်းသားကျောင်းသူ(၂) | ● အစိုးရနှင့် ပဋိပက္ခ | |
| | သမိုင်းဆိုင်ရာစိတ်ဖြာသုံးသပ်ချက် | (၅)မှတ် |
| | ပစ္စုပ္ပန်ကာလစိတ်ဖြာသုံးသပ်ချက် | (၅)မှတ် |
| | အနာဂတကြိုတင်ခန့်မှန်းချက် | (၅)မှတ် |
| | ဖော်ပြရေးသားချက် | (၅)မှတ် |
| ကျောင်းသားကျောင်းသူ(၃) | ● ကုန်သွယ်ရေးနှင့် စီးပွားရေး | |
| | သမိုင်းဆိုင်ရာစိတ်ဖြာသုံးသပ်ချက် | (၅)မှတ် |
| | ပစ္စုပ္ပန်ကာလစိတ်ဖြာသုံးသပ်ချက် | (၅)မှတ် |
| | အနာဂတ်ကြိုတင်ခန့်မှန်းချက် | (၅)မှတ် |
| | ဖော်ပြရေးသားချက် | (၅)မှတ် |
| | အုပ်စုလိုက်စုစည်းခြင်း | (၅)မှတ် |

- စာစီစာကုံးကို အစမှအဆုံးအထိမှတ်လျှင် ဆက်စပ်မှုအဓိပ္ပာယ်ရှိရမည်။

အမှတ်စုစုပေါင်း (၆၄)မှတ်